# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဓါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက် | ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၈)၊ အမှတ် (၁၂၂)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆားဘီးယားသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

## နိုင်ငံတကာမျက်နှာစာ၌ နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဆားဘီးယားသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Ivica Dacic အား ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတ အိမ်တော်၌ လက်ခံတွေ့ဆုံခဲ့သည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ခင်မင်ရင်းနှီးစွာ ထိတွေ့ဆက်ဆံခဲ့သည့် သမိုင်းကြောင်းနှင့်အညီ နှစ်နိုင်ငံဆက်ဆံရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား တည်ထောင်ထားရှိသည့် နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲများ ပုံမှန်ကျင်းပသွားရေး၊ နိုင်ငံတကာမျက်နှာစာ၌ နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များနှင့် သတင်းမီဒီယာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆားဘီးယားသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Ivica Dacic အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

**(၇၁)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲရေးဖြေနှင့် အာဂုံပြန်ဆိုအောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များ၏ အောင်စာရင်းထုတ်ပြန်**

စာမျက်နှာ-၉

**အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ဖေဖော်ဝါရီ ၅ ရက်တွင် နိုင်ငံတော်အခြေပြမိန့်ခွန်းပြောမည်**

စာမျက်နှာ-၁၄


KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

မြန်မာ့အလင်း

# စီးပွားရေး အရှိန်အဟုန်နှင့် ရင်းနှီးမြှုပ်နှံမှု

ယနေ့မြန်မာနိုင်ငံက ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုင်ရာ အပြောင်းအလဲများနှင့်အတူ တန်းဝင်ဈေးကွက်စီးပွားရေးစနစ်ကို ကြိုးပမ်းနေပါသည်။

လူဦးရေ သန်းငါးဆယ်ကျော်ရှိသည့် မြန်မာနိုင်ငံ၏ ဈေးကွက်က ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များအတွက် မသေးငယ်လှသည့် ဈေးကွက်ဖြစ်သကဲ့သို့ ကမ္ဘာ့အကြီးမားဆုံး ဈေးကွက်ကြီးများဟု ဆိုနိုင်သည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့နှင့် ကုန်သွယ်ကူးသန်းရန် အချက်အချာကျနေသည့် မဟာဗျူဟာမြောက် ပထဝီအနေအထားလည်း ရှိပါသည်။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်၊ လာအို၊ ထိုင်းနိုင်ငံတို့နှင့် ဆက်စပ်နေမှုသည်လည်း ကုန်သွယ်ကူးသန်းရန် စီးပွားရေးအရ လွန်စွာကောင်းမွန်သည့် တည်ရှိမှု ဖြစ်ပါသည်။

ထို့အတူ သယံဇာတရင်းမြစ်များနှင့် လူ့စွမ်းအားရင်းမြစ်များကလည်း နိုင်ငံတကာက ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နေသည့် အနေအထားတွင် ရှိပါသည်။ သဘာဝ သယံဇာတများကို သုံးစွဲရာမှာ စနစ်တကျရှိရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် သဟဇာတဖြစ်ရေး၊ စီမံခန့်ခွဲမှု နိုင်နင်းရေးတို့၏ အချိန်အဆကို ထိထိရောက်ရောက် ကိုင်တွယ်နိုင်ရန်လည်း ဆောင်ရွက်နေသည်များကို သတိပြုမိပါသည်။

နှစ်ပေါင်းများစွာ အုပ်ချုပ်ခဲ့သူတို့၏ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ပိတ်ပင်မှုများ၊ စီမံခန့်ခွဲမှုအလွဲအမှားများနှင့် အဂတိလိုက်စားမှုများကြောင့် တန့်သွားခဲ့ရသော စီးပွားရေးအရှိန်အဟုန်ကို ယနေ့ကာလတွင် ပြန်လည်ထူထောင်ကာ မြှင့်တင်နိုင်ရေး အားစိုက်ကြိုးပမ်းနေပါသည်။

ပြည်သူလူထုရွေးကောက်တင်မြှောက်သည့် ပြည်သူ့ကိုယ်စား လှယ်အများစုဖြင့် ဖွဲ့စည်းသော ပြည်သူ့အစိုးရဖြစ်သည့် အားလျော်စွာ နိုင်ငံရေးတည်ငြိမ်မှု၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အလေးထားမှု၊ ငြိမ်းချမ်းရေးဆွေးနွေးမှုတို့နှင့်အတူ စီးပွားရေးတည်ငြိမ်ရေးတို့ကို စနစ်တကျ တစ်ဆင့်ချင်း ဆောင်ရွက်နေပါသည်။

ပုဂ္ဂလိက စီးပွားရေးကဏ္ဍကို အားကောင်းအောင်နှင့် အလုပ်အကိုင်အခွင့်အလမ်း တိုးပွားများပြားအောင် ဖော်ဆောင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်တို့ကို အရည်အသွေးမြှင့်တင်ရေးအတွက် ပြည်သူ့ပညာရေးစနစ် ပြည်သူ့ကျန်းမာရေးစနစ်တို့ မြင့်မားစေရေးကိုလည်း အားထုတ်ကြိုးပမ်းနေသည်ကို တွေ့ရပါသည်။

နိုင်ငံ၏ စီးပွားတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် မြှင့်တင်ဖို့ ကြိုးစားရာမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၏ အရေးပါပုံကို ကောင်းစွာ သိရှိနားလည်ပြီး ထိုရင်းနှီးမြှုပ်နှံမှုတို့ ဝင်ရောက်နိုင်ရန် အခြေခံအဆောက်အအုံနှင့် အခင်းအကျင်းများကို ပြင်ဆင်ခြင်း၊ လိုအပ်သလို ပြောင်းလဲခြင်းနှင့် အကျပ်အတည်း အခက်အခဲများကို ပြုပြင်ခြင်းတို့ကို ကြိုးစားဆောင်ရွက်ရပါသည်။

နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ စနစ်တကျရှိရေးနှင့် ပြည်တွင်းပုဂ္ဂလိက လုပ်ငန်းရှင်များ၏ အခန်းကဏ္ဍကိုလည်း ပါဝင်နိုင်ရေးတို့ အတွက် စီးပွားရေး အခြေခံအဆောက်အအုံများနှင့် အခင်းအကျင်းများဟုဆိုရာတွင် အဓိကအားဖြင့် လိုအပ်သော ဖြေလျှော့မှုများနှင့် ဥပဒေစည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းတို့ တိတိကျကျ သတ်မှတ်ပြီးဖြစ်ကာ လိုက်နာနိုင်ရေး၊ ကြိုးနီစနစ်များကို ပယ်ဖျက်နိုင်ရေး၊ အဂတိကင်းရှင်းရေးတို့ကို ဆောင်ရွက်လုပ်ကိုင်နေသည်ကိုလည်း တွေ့ရှိရပါသည်။

နိုင်ငံရေးမတည်ငြိမ်မှု ဒီမိုကရေစီနှင့် လူ့အခွင့်အရေး အမှောင်ကျမှုတို့ နှစ်ရှည်ကြာ ရင်ဆိုင်ခဲ့ရသော နိုင်ငံတစ်ခုအနေဖြင့် စိန်ခေါ်မှုများ ပြဿနာများစွာကို ရင်ဆိုင်ဖြေရှင်းနေရသည်မှာ မဆန်းပါ။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သည့် ''စိန်ခေါ်မှုတွေရှိနေတဲ့ နယ်ပယ်တွေဟာ ရင်းနှီးမြှုပ်နှံသူတွေအတွက် ကြီးမားတဲ့အခွင့်အလမ်းတွေအဖြစ် ရှိနေတဲ့အတွက် စိန်ခေါ်မှုများကို အခွင့်အလမ်းများအဖြစ် ပြောင်းလဲဆောင်ရွက်နိုင်ကြဖို့'' ဆိုသော စကားအတိုင်း ဤနိုင်ငံသည် အခွင့်အလမ်းများစွာ ရှိနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။

စီးပွားရေး လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံသူများဆိုသည်မှာ စိန်ခေါ်မှုများကို ရင်ဆိုင်ပြီး စွန့်စားလုပ်ကိုင် ကျော်လွှားဖြေရှင်းနိုင်သူများဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံတွင်း နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဖော်ဆောင်နိုင်ကြမည်ဟု ယုံကြည်ပါကြောင်း။ ။

## ၂၀၁၉ ခုနှစ်၊ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနှင့်လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ''(၂၁) ရာစု ပင်လုံ'' မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၄) တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံသားအားလုံး ''စည်းလုံး ညီညွတ်စွာ'' ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ကောင်းမွန်သော ပညာရေးနှင့် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေး။

## ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဆောင်ပုဒ်

တန်းတူညီမျှ
ငြိမ်းချမ်းသာယာ
တန်းတူညီမျှ
လုံခြုံခိုင်မာ

အခွင့်အရေးရ
ပြည်ထောင်စုမှာ
တာဝန်ယူကြ
ပြည်ထောင်စုမှာ။

## ပလတ်စတစ်ကင်းစင်ရေးဇုန်ဆောင်ရွက်ရန် အသိပညာပေး

ပြင်ဦးလွင် ဇန်နဝါရီ ၂၉

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန မြေတိုင်းကျောင်း ဦးစီးဌာန မြန်မာနိုင်ငံမြေတိုင်းကျောင်း လေ့ကျင့်သင်ကြားရေးနှင့် အမှတ်(၁) မြေတိုင်း ဌာနခွဲတွင် ပလတ်စတစ်ကင်းစင်ရေးဇုန်အဖြစ် ဆောင်ရွက်ရန် အသိပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၂၅ ရက်က ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံ မြေတိုင်းကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ ဇုန်အဖြစ် ဆောင်ရွက်ရန်အတွက် တာဝန်ရှိသူများနှင့် သင်တန်းသားများက ကျောင်းတွင်း / ပြင် သန့်ရှင်းသာယာလှပရေးအတွက် စွန့်ပစ်အမှိုက်များကို စနစ်တကျ ကောက်ယူသိမ်းဆည်းနိုင်ရေး၊ ညစ်ညမ်းမှုကို လျှော့ချရန်အတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဇော်မျိုးထိုက် (ပြင်ဦးလွင်)

## နေပြည်တော် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး စစ်ဆေးရေးအဖွဲ့ ဘိလပ်မြေစက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၉

နေပြည်တော် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး စစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ နေပြည်တော် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းနိုင်ကိုနှင့် ဌာနဆိုင်ရာများ ပါဝင်သောအဖွဲ့သည် ဇန်နဝါရီ ၂၄ ရက်က ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် တောင်ဖီလာဒေသအောင်နန်းချိုကျေးရွာရှိ Max Myanmar Co.,Ltd ဘိလပ်မြေစက်ရုံ၏ ဓာတုပစ္စည်း KLC- 300 Cement Additives များကို သိုလှောင်ခြင်း၊ သုံးစွဲခြင်းနှင့် ပတ်သက်၍ အဆိုပါစက်ရုံသို့ ကွင်းဆင်းစစ်ဆေးကြည့်ရှုကြသည်။



နေပြည်တော် ဒက္ခိဏခရိုင်ရှိ ဘိလပ်မြေစက်ရုံအား ညွှန်ကြားရေးမှူး ဦးထွန်းနိုင်ကိုနှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး စစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့သည် စက်ရုံအတွင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ထားသော စံချိန်စံညွှန်းများ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နေမှု ရှိ/မရှိ၊ သုံးစွဲနေသော ဓာတုပစ္စည်းများနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးအတွက် ဆောင်ရွက်ထားမှု အခြေအနေများ၊ လုပ်ငန်းခွင်အတွင်း မတော်တဆ ဖြစ်ပွားလာပါက အန္တရာယ်ကင်းရှင်းလျော့နည်းစေရေး ကြိုတင်စီမံ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ စက်ရုံမှူး ဦးနောင်နောင်အေးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

သတင်းစဉ်၊ ဓာတ်ပုံ (မြန်/ဆက်)

ထင်သာမြင်သာပြုပြင်စရာ

## ဝမ်းတွင်းမြို့နယ် ရိုးစုံတံတား ပြုပြင်ပေးစေလို

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရိုးစုံကျေးရွာအုပ်စု ရိုးစုံတံတားသည် ခရိုင်ချင်းဆက်လမ်းနှင့် သဲတော၊ ဝမ်းတွင်းမြို့သို့ ဆက်သွယ်ထားသော ပင်မပေါင်းကူးတံတားကြီးဖြစ်သည်။ ရိုးစုံတံတားကြီးမှာ အရှည် ပေ ၂၂၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၄ပေရှိ၍ ၂၀၀၃ ခုနှစ်က စတင်တည်ဆောက်ပြီး အစိုးရမှ ငွေကျပ် ၁၀ သိန်းထည့်ဝင်ကာ ဒေသခံ ကျေးရွာများမှ ငွေကျပ်သိန်း ၂၀၀ အကုန်အကျခံပြီး တည်ဆောက်ထားသော တံတားကြီးဖြစ်သည်။



ဝမ်းတွင်းမြို့နယ်ရှိ ရိုးစုံတံတားအား တွေ့ရစဉ်။

အဆိုပါတံတားကြီးမှာ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာပေါင်း ၁၅ ရွာမှ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးကိစ္စများအတွက် ကူးသန်းသွားလာနေရသော အဓိကတံတားကြီးဖြစ်ပြီး တံတားကြီးမှာ မကြာခဏပျက်စီးနေသဖြင့် ဒေသခံများက ပြုပြင်နေရသည်။ ထို့ကြောင့် ရိုးစုံတံတားကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် အမြန်ဆုံးအသစ်တည်ဆောက်ပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

တင်လှိုင်(မိတ္ထီလာ)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Lee Sang-hwa အား ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ- ကိုရီးယား နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ လွှတ်တော်အချင်းချင်း ချစ်ကြည်ရေးအသင်း အပြန်အလှန်ဖွဲ့စည်းရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Lee Sang-hwa အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း Invest Myanmar Summit 2019 တက်ရောက်ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၉

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) တို့ ပူးပေါင်းကျင်းပသည့် Invest Myanmar Summit 2019 ၏ ဒုတိယနေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည်။**

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ပါဝင်ဆွေးနွေး**

ဆွေးနွေးပွဲ ဒုတိယနေ့တွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် YGA Capital Limited မှ အမှုဆောင်ညွှန်ကြားရေးမှူး ဦးသူရကိုကိုက စီစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်သည့် ဆွေးနွေးပွဲ၌ ပါဝင်ဆွေးနွေးသည်။

ယင်းဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလွယ်ကူချောမွေ့စေရန် ရည်ရွယ်၍ ဝန်ကြီးဌာနအသစ် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် သိသာထင်ရှားသော အပြောင်းအလဲတစ်ခု ဖြစ်ပါကြောင်း၊



**မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း Invest Myanmar Summit 2019 ဒုတိယနေ့အခမ်းအနားတွင် ပါဝင်ဆွေးနွေးစဉ်။** သတင်းစဉ်

ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခွင့် လျှောက်ထားခြင်းအတွက် ဒစ်ဂျစ်တယ်နည်းပညာဖြင့် My Co System ကို စတင်အသုံးပြုနိုင်ပြီ ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုလွယ်ကူစေရန်အတွက် စံချိန်စံညွှန်းမီ လုပ်ထုံးလုပ်နည်းများ Standard Operating Procedure (SOP) နှင့် Land Bank ကို ရေးဆွဲအကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စတုတ္ထစက်မှုတော်လှန်ရေးတွင် လူငယ်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ မြန်မာ့လူငယ်များသည် နိုင်ငံတကာအဆင့်ထိ ထိုးဖောက်နိုင်စွမ်းရှိသည်ကို မကြာမီကျင်းပခဲ့သည့် Robotic Olympic တွင် အောင်မြင်မှုများ ရရှိခဲ့သည်ကို သာဓကအနေဖြင့် တွေ့မြင်နိုင်ပါကြောင်း၊ ပထဝီအနေအထားအရ ကမ္ဘာ့တိုးတက်မှု အမြန်ဆုံးသော နိုင်ငံများဖြစ်သည့် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ကြားတွင် ရှိနေသည့် မြန်မာနိုင်ငံသည် အချက်အချာကျသည့် နေရာတွင်ရှိပါကြောင်း၊ Belt & Road Initiative ၏ အရေးပါမှု၊ အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ရန် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုတို့ကို ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံသူများ အပါအဝင် နှစ်ဦးနှစ်ဖက် အကျိုးရှိစေရန် ဆောင်ရွက်နိုင်ရေးသည် အရေးကြီးပါကြောင်း၊ ထို့ကြောင့် မိမိတို့အားလုံး ဝိုင်းဝန်းလုပ်ဆောင်ရန် အဓိကပြောကြားလိုပါကြောင်း ပြောကြားသည်။

**ရခိုင် ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကျင်းပမည်**

ထို့နောက် ရခိုင်ပြည်နယ်ကိစ္စနှင့် စပ်လျဉ်း၍ အစိုးရအနေဖြင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသည့် အခြေအနေများကို သိရှိနားလည်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၊ ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)၊ ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီနှင့် ကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်အကြံပေးကော်မရှင်တို့ကို ဖွဲ့စည်းခဲ့ပြီး ကူညီဆောင်ရွက်လျက် ရှိပါကြောင်း၊ ဖွံ့ဖြိုးမှုနိမ့်ကျနေခြင်းသည် အဓိကကျသည့် စိန်ခေါ်မှုများအနက် တစ်ခုဖြစ်ပါကြောင်း၊ မည်သူ့တွင် တာဝန်ရှိသည်ကို အပြစ်ဖို့နေခြင်းထက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန် အရေးကြီးပါကြောင်း၊ ဖေဖော်ဝါရီလတွင် ရခိုင်ပြည်နယ်၌ ရင်းနှီးမြှုပ်နှံမှုဖိုရမ် ကျင်းပမည်ဖြစ်ရာ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လယ်ယာစိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားရန် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက တိုက်တွန်း ပြောကြားသည်။

**မေးမြန်းချက်များပြန်လည်ရှင်းလင်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားပြီး သတင်းမီဒီယာများနှင့် တွေ့ဆုံသည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဆားဘီးယားသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Ivica Dacic အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဆားဘီးယားသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၉**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ဆားဘီးယားသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Ivica Dacic အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆွေးနွေးပွဲကို ကျင်းပခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား အဆင့်မြင့်ကိုယ်စားလှယ်ခရီးစဉ်များ အပြန်အလှန်သွားရောက်ရန် စီစဉ်ရေး၊ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲများ ပုံမှန်ကျင်းပသွားရေး၊ အားကစား၊ ကုန်သွယ်ရေး၊ ပညာရေး၊ သတင်းမီဒီယာနှင့် ယဉ်ကျေးမှုကဲ့သို့သော နယ်ပယ်များတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ဆားဘီးယားသမ္မတနိုင်ငံ အစိုးရတို့အကြား သံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအတွက် ဗီဇာကင်းလွတ်ခွင့်ပြုရေး သဘောတူစာချုပ်ကို အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဆားဘီးယားသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Ivica Dacic တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းသဘောတူစာချုပ်အရ နှစ်နိုင်ငံ၏ သံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများသည် ရက် ၉၀ ထက် မကျော်လွန်သည့် နေထိုင်ခွင့်ရရှိမည်ဖြစ်ပြီး နှစ်နိုင်ငံသံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအကြား ခရီးသွားလာရေးကိုလည်း အဆင်ပြေလွယ်ကူချောမွေ့စေမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဆားဘီးယားသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ Park Royal ဟိုတယ်တွင် နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ပါဝင်သက်ဆိုင်သူများ အစည်းအဝေးတွင် အမှာစကားပြောကြား

**နေပြည်တော်  ဇန်နဝါရီ  ၂၉**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ILO တို့မှ ဩစတြေးလျနိုင်ငံရှိ Department of Foreign Affairs and Trade (DFAT) and Global Affairs Canada (GAC)၊ Developing International Internal Migration Governance (DIILM) နှင့် Livelihood and Food Security Trust Fund(LIFT) တို့၏ အကူအညီဖြင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ပါဝင်သက်ဆိုင်သူများအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်  သင်္ဂဟဟိုတယ်၌ကျင်းပသည်။

**သုံးပွင့်ဆိုင် စီမံချက်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ယခုကျင်းပသည့် ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ ရွှေ့ပြောင်းလုပ်ငန်းစီမံချက်များ အပေါ် သုံးသပ်အကဲဖြတ်နိုင်ရန်၊ ပါဝင်ဆောင်ရွက်နေသူများ၏ အကြံပြုချက်များဖြင့် ၂၀၁၉ ခုနှစ် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်များအတွက် ဆောင်ရွက်ချက်များနှင့် မဟာဗျူဟာများ ကောင်းမွန်စေရေး မွမ်းမံရန်၊ ၂၀၁၉ ခုနှစ် လုပ်ငန်းစီမံချက်နှင့်စပ်လျဉ်းပြီး အတည်ပြုချက်ရယူနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံကိန်းများတွင် အကြံဉာဏ်များပေးနိုင်ရန်၊ သုံးပွင့်ဆိုင် စီမံချက်လုပ်ငန်းများကို မျှဝေနိုင်ရန်၊ Labour Migration Stakeholders အစည်းအဝေးများကို ၂၀၁၆ ခုနှစ်ကတည်းက ကျင်းပခဲ့ကြောင်း။

မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တို့၏ ဆက်ဆံရေးသည် နှစ်ဦးနှစ်ဖက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန် နားလည်မှုတို့ဖြင့် ပိုမိုသိသာစွာ အပြုသဘော တိုးတက်ဖြစ်ထွန်းလာသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေး၊ ရွှေ့ပြောင်းသွားလာမှုအတွက် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ကုန်ကျစရိတ်များ လျှော့ချနိုင်ရန် သင့်တော်ကောင်းမွန်သည့် မူဝါဒနှင့် လုပ်ငန်းစဉ်များချမှတ်ပြီး တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း။

**အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေး**

ကမ္ဘာပေါ်တွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးသည် အရေးပါလာသဖြင့် မြန်မာအစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် အလုပ်လုပ်နိုင်သူတိုင်း အလုပ်အကိုင်ရရှိရန်နှင့် ယင်းတို့အတွက် သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိရေး အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများနှင့်အညီ အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ဆိုင်ရာမူဝါဒများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျွမ်းကျင်၍ စည်းကမ်းပြည့်ဝသည့်လုပ်သားထု ဖြစ်ပေါ်လာစေရေး၊ ရေရှည်တည်မြဲသည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ အလုပ်သမားအရင်းအမြစ်များနှင့် သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းများကို စနစ်တကျ စီမံခန့်ခွဲနိုင်ရေးတို့အတွက် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ထားရှိကြောင်း ပြောကြားခဲ့သည်။

**နှုတ်ခွန်းဆက်အမှာစကားပြော**

ထို့နောက် အခမ်းအနားသို့တက်ရောက်လာသည့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) မှ Liaison Officer ဖြစ်သူ Mr. Rory Mugoven နှင့် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ (LIFT)မှ တာဝန်ရှိသူများက နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ILO-Yangon မှ တာဝန်ရှိသူများ၊ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ပါဝင်သက်ဆိုင်သူများ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# Invest Myanmar Summit 2019 ဒုတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော်  ဇန်နဝါရီ  ၂၉

**ပထမဆုံးအကြိမ်အဖြစ် နိုင်ငံတော်အစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ပူးပေါင်းဆောင်ရွက်သည့် Invest Myanmar Summit 2019 ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ဆက်လက်ကျင်းပသည်။**

ဒုတိယနေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူစွာလုပ်ဆောင်နိုင်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများ၊ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့သည့်အတွက် ရရှိလာသည့် အကျိုးရလဒ်များနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်သွားမည့်လုပ်ငန်းများ၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ပါ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေ အပါအဝင် ဥပဒေနှင့် နည်းဥပဒေများ ပြုပြင်ခဲ့မှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ပိုင်ခွင့်များ ခွဲဝေပေးခဲ့မှု၊ စံပြုလုပ်ထုံးလုပ်နည်းများအား ရေးဆွဲနေမှု၊ လုပ်ငန်းများ မှတ်ပုံတင်ခြင်းအပါအဝင် ဆက်စပ်လုပ်ငန်းများကို အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်နိုင်ရန် အကောင်အထည်ဖော်နေမှုနှင့် One Stop Service လုပ်ငန်းများ ပိုမိုကောင်းမွန်ရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် နိုင်ငံတော်စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင် ဦးမင်းရဲပိုင်ဟိန်းတို့က အနာဂတ်စီးပွားရေးကဏ္ဍအတွက် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) ၏ အခန်းကဏ္ဍ၊ ပြည်သူ့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံကိန်းဘဏ်သည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် MSDP တို့အား ထောက်ပံ့ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။




Invest Myanmar Summit 2019 ဒုတိယနေ့ ဆက်လက်ကျင်းပစဉ်။ သတင်းစဉ်

ထို့နောက် New Yangon Development Company Limited မှ Vice Chairman & CEO ဖြစ်သူ ဦးသိန်းဝေ၊ International Finance Corporation မှ Country Manager ဖြစ်သူ Mr. Vikram Kumar, CITIC Group (Myanmar)မှ မန်နေးဂျင်းဒါရိုက်တာ Mr.Yuan Shoobin နှင့် ဂျပန်နိုင်ငံမှ ကိုယ်စားလှယ်တစ်ဦးတို့က **ပုဂ္ဂလိကကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်ရေး** ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးဝေဖြိုးနှင့် New Yangon Development Company Limited မှ Vice Chairman & CEO ဖြစ်သူ ဦးသိန်းဝေတို့က Invest Myanmar Summit 2019 အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်တွင်းပြည်ပ သတင်းမီဒီယာများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**မော်ဇော်၊ ဓာတ်ပုံ-ချောချော**

# Lancang - Mekong Cultural Exchange Youth Camp 2019 Forum ကျင်းပ

**နေပြည်တော်  ဇန်နဝါရီ  ၂၉**

ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (မန္တလေးရုံးခွဲ) နှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပူးပေါင်းပါဝင်မှု၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ၏ ဦးဆောင်မှုဖြင့် Lancang-Mekong Cultural Exchange Youth Camp 2019 Forum ကို ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် ရွှေပြည်သာ ဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါ Forum သို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (မန္တလေးရုံးခွဲ)မှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ မြန်မာနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းတို့နှင့် သက်ဆိုင်သူများ စုစုပေါင်း ၂၀၀ ကျော်ခန့် တက်ရောက်ခဲ့ကြပြီး Lancang-Mekong ဒေသတွင်းရှိ အဖွဲ့ဝင်နိုင်ငံများဖြစ်သော ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် လာအိုနိုင်ငံများမှ ရိုးရာယဉ်ကျေးမှုများ၊ ခရီးသွားလာရေးကဏ္ဍနှင့်ပတ်သက်၍ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးစာတမ်းများကို နိုင်ငံအလိုက် ဖတ်ကြားခဲ့ကြသည်။

အခမ်းအနားတွင် ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းကို အခြေခံပြီး Sustainable Development Goals ဖြစ်စေရေးဆိုင်ရာများ၊ Lancang-Mekong နိုင်ငံများအကြား ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ Lancang-Mekong နယ်စပ်ဖြတ်ကျော်ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်၍ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ရလဒ်နှင့် ရှေ့ဆက်ဆောင်ရွက်ရန် ကိစ္စရပ်များ၊ နှစ်နိုင်ငံအပြန်အလှန် ယဉ်ကျေးမှုနှင့် ခရီးသွားဆိုင်ရာ သတင်းအချက်များ မျှဝေဖလှယ်ခြင်း၊ နည်းပညာအကူအညီ အထောက်အပံ့ပေးရန်၊ ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များ၊ Forum ပြီးဆုံး၍ ရလဒ်များ ပေါ်ထွက်လာပါက ခရီးသွားနှင့် နိုင်ငံဖြတ်ကျော်သွားလာမည့် လုပ်ငန်းစဉ်များ ချိတ်ဆက်မှုကွန်ရက်စနစ် အဖွဲ့ဝင်နိုင်ငံများ အကြား ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကျောက်တံခါးမြို့ရှိ ဆေးဆိုင်များအား ရှောင်တခင်စစ်ဆေး

**ကျောက်တံခါး  ဇန်နဝါရီ  ၂၉**

ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမြတ်မိုးကြည်နှင့် အဖွဲ့သည် ကျောက်တံခါးမြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာမျိုးဇော်လှနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ ကျောက်တံခါးမြို့ရှိ ဆေးဆိုင်များကို ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီခွဲက ရှောင်တခင် ကွင်းဆင်းစစ်ဆေးခဲ့သည်။ ရှောင်တခင် ကွင်းဆင်းစစ်ဆေးရာတွင် ရောင်းချခွင့်လိုင်စင် ရှိ၊ မရှိ၊ စပ်ဆေးများ ရောင်းချခြင်း ရှိ၊ မရှိ၊ သက်တမ်းလွန် ဆေးဝါးနှင့် ဆေးဝါးမှတ်ပုံတင်အမှတ်မပါသော ဆေးဝါးများရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေးပြီး အလှကုန်ဆိုင်များ၌ တားမြစ်အလှကုန်ပစ္စည်းများ ရောင်းချခြင်း ရှိ၊ မရှိပါ စစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မြန်မာနိုင်ငံကြက်ခြေနီအသင်း (၈၁) ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဇန်နဝါရီ ၂၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဌာနချုပ် စုဝေးခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (၈၁) ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် လည်းကောင်း၊ အသင်း၏ ဆောင်ရွက်မှုလုပ်ငန်းများ ယခုထက် ပိုမိုထိရောက်လျင်မြန်စွာ၊ တုံ့ပြန်မှုအားကောင်းစွာဖြင့် ပီပြင်အောင်မြင်စေရန်အတွက် လည်းကောင်း၊ ပြောင်းလဲလာသည့် အခြေအနေ အချိန်အခါများနှင့်အညီ လုပ်ရိုးလုပ်စဉ်အတိုင်း မဟုတ်ဘဲ ဆန်းသစ်တီထွင်သော အတွေးအမြင်များဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခင်နှစ်များအတွင်း ဆောင်ရွက်ခဲ့သော အတွေ့အကြုံများကို အခြေခံ၍ ရှေ့လာမည့်နှစ်များတွင် ပြောင်းလဲဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို မှန်းဆကာ အမှန်တကယ် တကယ်လက်တွေ့ ဆောင်ရွက်နိုင်မည့် မဟာဗျူဟာများ၊ ရှေ့လုပ်ငန်းစဉ်များ၊ စီမံချက်များ ရေးဆွဲချမှတ်ခြင်းနှင့် အကောင်အထည် ဖော်ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်သွားရမည်ဖြစ်ပါကြောင်း။

ယခင်နှစ်များအတွင်းက အသင်း၏ ဆောင်ရွက်ခဲ့မှုများကို ပြန်လည်သုံးသပ်စိစစ်ခြင်းများလုပ်ဆောင်၍ လိုအပ်ချက်နှင့် အားနည်းချက်ရှိသည့် ကဏ္ဍများကို အားဖြည့်ဆောင်ရွက်ခြင်း၊ အချိန်ကာလနှင့်အညီ ပိုမိုဆောင်ရွက်သင့်သည်များကို ပိုမိုဆောင်ရွက်ခြင်းနှင့် လျှော့ချသင့်သည်များကို လျှော့ချခြင်း စသည်ဖြင့် မွမ်းမံပြင်ဆင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လက်တွေ့မြေပြင်တွင် လုပ်ငန်းဆောင်ရွက်လျက်ရှိသူများ၏ အမြင်များနှင့် အကြံပြုချက်များကို အလေးထား ထည့်သွင်းစဉ်းစား ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမြသူက အသင်း၏ ၂၀၁၈ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဗဟိုကောင်စီဝင် (၁၀)နှစ်ပြည့် ဂုဏ်ထူးဆောင် ဆုတံဆိပ်နှင့် ဂုဏ်ပြုလွှာများကို အချိန်ပြည့်ကောင်စီဝင်များဖြစ်ကြသည့် ဦးခင်မောင်လှ၊ ဦးမျိုးမင်းနောင်နှင့် ဦးဘုန်းကျော်တို့အား ပေးအပ်ခဲ့ပြီး ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က အလှူရှင်များဖြစ်သည့် Coca Cola Company နှင့် ဦးတင်မောင် (စန္ဒီပရဆေး) တို့ကို ဂုဏ်ပြုလွှာများ ချီးမြှင့်ပေးအပ်သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (၈၁) ကြိမ်မြောက် ဗဟိုကောင်စီ အစည်းအဝေးကို နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (၈၁) ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ၏ လုပ်ငန်းစီမံချက်များအပေါ် သုံးသပ်ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၉

**ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ၏ လုပ်ငန်းစီမံချက်များအပေါ် သုံးသပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ညှိနှိုင်းဆွေးနွေးပွဲတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြေပြင်တွင် အမှန်တကယ် အကျိုးရှိသည့်လုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်နေကြပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ရရှိသည့်အတွေ့အကြုံများမှ ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများကို ဖော်ထုတ်လာနိုင်ပါကြောင်း၊ လူမှုစီးပွားဖွံ့ဖြိုးရေး၊ နိုင်ငံသားဖြစ်မှု၊ လွတ်လပ်စွာသွားလာခွင့်၊ IDP စခန်းများပိတ်သိမ်းရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လုံခြုံရေးကဏ္ဍများသည် အရေးကြီးသော လုပ်ငန်းများဖြစ်ကြောင်း၊ ထို့အတူ လူမှုသဟဇာတဖြစ်ရေး (Social Cohesion) သည် အရေးကြီးပါကြောင်း၊ ထိုကဏ္ဍများတွင် အမှန်တကယ် တိုးတက်ပြောင်းလဲနေမှုများရရှိအောင် ဆောင်ရွက်သွားကြရန် လိုပါကြောင်း၊ ဆောင်ရွက်သည့်အခါတွင် ထိရောက်သော ရလဒ်များရရှိရေးအတွက် Target များ ချမှတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပမှ တုံ့ပြန်မှုများကိုလည်း အလေးထားရန် လိုပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းညှိနှိုင်းပြီး လုပ်ငန်းစီမံချက်များအတိုင်း ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မြေပြင်တွင် ပြောင်းလဲတိုးတက်မှုများကို သိရှိနိုင်မည်ဖြစ်ပါကြောင်း၊ ကော်မတီအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများမှ ရရှိလာသည့် ရလဒ်များကို ပြည်သူသို့ လေးလတစ်ကြိမ် အစီရင်ခံစာတင်ပြလျက်ရှိရာ (၄) ကြိမ်မြောက် အစီရင်ခံစာကို တင်ပြနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းများအနက် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပ စေတနာရှင်အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ရန် လိုအပ်သောကဏ္ဍများတွင် အစိုးရက ဦးဆောင်ပြီး အဖွဲ့အစည်းများက လိုအပ်ချက်များအပေါ် ပူးပေါင်းပါဝင်သည့် ဆောင်ရွက်မှုဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီ၏ပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြည်နယ်အစိုးရမှ ရေးဆွဲထားသော လုပ်ငန်းအစီအစဉ်များနှင့် လိုက်လျောညီထွေရှိရန် လိုအပ်ကြောင်း၊ လက်ရှိ ရခိုင်ပြည်နယ်တွင် ကြုံတွေ့နေရသည့် အခြေအနေများကို သိမ်သိမ်မွေ့မွေ့ဖြင့် ဖြေရှင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လုပ်ငန်းစီမံချက်များကို ထိရောက်စွာ ဆောင်ရွက်လျှင် တိုးတက်မှုအခြေအနေများကို တိတိကျကျ ခိုင်ခိုင်မာမာဖော်ပြနိုင်မည်ဖြစ်ပြီး ဆောင်ရွက်မှုများ ပိုမိုပေါ်လွင်နိုင်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက လုပ်ငန်းစီမံချက်များအပေါ် ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

**သတင်းစဉ်**



ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းစီမံချက်များအပေါ် သုံးသပ်ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၂၉**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mrs. Christine Schraner Burgener သည် ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားရာ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်း၊ သံတမန်ရေးရာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **သတင်းစဉ်**



**ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mrs. Christine Schraner Burgener အား တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။**

# အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၂၉**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

# ၂၁ ရာစု စိန်ခေါ်မှုများအတွက် လိုအပ်သည့် အသိပညာနှင့် ကျွမ်းကျင်မှုများ

ဒေါက်တာမြတ်မိုး

**အရှိန်အဟုန်ဖြင့် ပြောင်းလဲမြန်ဆန်နေသည့် ယနေ့ကမ္ဘာကြီးတွင် စိန်ခေါ်မှုများကို ရင်ဆိုင်အန်တုဖြေရှင်းနိုင်မည့် ခေတ်နှင့်ကိုက်ညီသည့် ကျွမ်းကျင်မှုများနှင့် လေ့လာသင်ယူမှုများသည် ၂၁ ရာစုတွင် ကြီးပြင်းလာသော မျိုးဆက်သစ်လူငယ်များအတွက် အဓိကကျလှပါသည်။ မြန်မာ့ပညာရေးစနစ်၏ ရည်ရွယ်ချက်များတွင် "ကျောင်းသူ၊ ကျောင်းသား လူငယ်များအား ၂၁ ရာစုနှင့် ဆီလျော်သော ကျွမ်းကျင်မှုအသိပညာရပ်များ တတ်မြောက်လာစေရန်"ဟူသည့် အချက်တစ်ချက်လည်း ပါဝင်နေသည်ကို လေ့လာမိပါသဖြင့် ၂၁ ရာစုကျွမ်းကျင်မှုများဆိုသည်ကို မိတ်ဆက်လိုခြင်းသည် အဓိကအကြောင်းရင်းတစ်ခု ဖြစ်ပါသည်။**

ဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုသော နိုင်ငံတိုင်းတွင် ပညာရေးသည် အဓိကစိန်ခေါ်မှုတစ်ရပ်လည်းဖြစ်သလို ကျောင်းသားလူငယ်များသည် မိမိတို့၏ ကိုယ်ပိုင်စွမ်းရည်ကို အပြည့်အဝအသုံးချပြီး စဉ်ဆက်မပြတ် ပညာသင်ယူလိုစိတ်ဖြင့် လက်တွေ့လုပ်ငန်းခွင်တွင်ပါ အသုံးချနိုင်သော အရည်အသွေးရှိသည့် လေ့လာသင်ယူမှုစနစ်များကို တည်ဆောက်နေကြပြီဖြစ်၍ ၎င်းနိုင်ငံများ၏ သင်ရိုးညွှန်းတမ်းများတွင် ၂၁ ရာစု ကျွမ်းကျင်မှုများကို ဦးတည်ထည့်သွင်းထားသည်ကို တွေ့ရှိရပါသည်။ ပညာရေးပြုပြင်ပြောင်းလဲမှုတွင် ပြောင်းလဲမှုနှင့်အညီ တီထွင်ဆန်းသစ်သော ပညာရေးသဘောတရားများကို ကမ္ဘာ့အမြင်နှင့် ထပ်ဟပ်အောင် ကြိုးစားသင်ကြားပေးနေသည်ကိုလည်း တွေ့ရှိရပါသည်။

၂၁ ရာစုကျွမ်းကျင်မှုများသည် တစ်ခုနှင့်တစ်ခုလည်း အမှီသဟဲပြုနေပါသည်။ အရည်အချင်းတစ်ရပ်ကို တည်ဆောက်နိုင်လျှင် ကျန်အရည်အချင်းများကို ရရှိပြီးသား ဖြစ်သွားပါသည်။ ဤအရည်အချင်းများကို လေ့လာသင်ယူ လေ့ကျင့်ပေးနိုင်ပြီဆိုလျှင် နိုင်ငံအတွင်း ငြိမ်းချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင် ပညာရေးဝန်ကြီးဌာနက ကျင်းပသည့် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ ( အခြေခံပညာကဏ္ဍ )၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးကဏ္ဍအရေးကြီးပုံနှင့် သင်ယူမှုနည်းလမ်းအသစ်များ အသုံးပြုပြီး ပြုစုပျိုးထောင်ပေးရာတွင် ၂၁ ရာစု ကျွမ်းကျင်မှု ( 21st Century Skills) Thinking Skills နှင့် ပတ်သက်၍ သင်ယူမှုနည်းလမ်းအသစ်များ အသုံးပြုလေ့ကျင့်သင်ကြားပေးရန် ထည့်သွင်းပြောကြားသွားသည်ကို လေ့လာမိပါသည်။

လူ့လောကတွင် ရပ်တည်ရှင်သန်နိုင်ရန် "အချက်အလက်များကို မှတ်မိရုံသာမက တွေးခေါ်စိစစ်တတ်ပြီး ပြဿနာများကို ဖြေရှင်းတတ်ရန် အရေးကြီးပုံ၊ ကျိုးကြောင်းဆက်စပ်တွေးခေါ် သင်ယူတတ်သောကလေးများအဖြစ် လေ့ကျင့်ပေးရန် အရေးကြီးပုံ၊ အချက်အလက်များကို စုဆောင်းစိစစ်တတ်ပြီး ပြဿနာများကို အဖြေရှာဆွေးနွေးနိုင်သော အရည်အချင်းများ၊ တီထွင်ဖန်တီးခြင်းနှင့် ဆန်းစစ်ဝေဖန်ပိုင်းခြားခြင်းဆိုင်ရာ ကျွမ်းကျင်မှုများရှိစေရန် လေ့ကျင့်ပေးခြင်းမှတစ်ဆင့် ကလေးများသည် မိမိတို့ကိုယ်တိုင်ဘဝတစ်လျှောက်တွင် အရည်အချင်းများ ကိုယ့်ဘာသာကိုယ် ဖြည့်ဆည်းပြီး လျှောက်လှမ်းတတ်စေရေး လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်" အရည်အသွေးရှိသည့် ပညာရေးမှတစ်ဆင့် လမ်းညွှန်သွားသည်ကို ဖတ်ရှုလိုက်ရပါသည်။ ဆိုခဲ့သည့် အရည်အသွေးများသည် ယနေ့ခေတ် ၂၁ ရာစု၏ လူငယ်များတွင် ရှိရမည့်အရည်အချင်းများပင် ဖြစ်ပါသည်။

အခက်အခဲများကို ရင်ဆိုင်ကျော်လွှားသွားရန် လိုအပ်မည့် ၂၁ ရာစု Smart Mind များတွင် Critical Thinking (ဆန်းစစ်ဝေဖန်နှိုင်းချိန် အကဲဖြတ်စွမ်းရည်)၊ Creativity (တီထွင်ကြံဆမှု)၊ Communication (ပြောဆိုဆက်ဆံမှု)၊ Collaboration ( ပူးပေါင်းဆောင်ရွက်တတ်မှု)၊ Leadership (ခေါင်းဆောင်မှု)၊ Media and Information Literacy (မီဒီယာနှင့် လူထုဆက်သွယ်ရေး သတင်းအချက်အလက်ဆိုင်ရာ ကျွမ်းကျင်မှု)၊ Mobile Literacy နှင့် Mobile နည်းပညာ၊ Social Skill နှင့် Flexibility (လူမှုဆက်ဆံရေးနှင့် လိုက်လျောညီထွေဖြစ်မှု) စသည့် ကျွမ်းကျင်မှုများသည် နိုင်ငံသားကောင်းဖြစ်မည့် ၂၁ ရာစု လူငယ်များအတွက် အနိမ့်ဆုံးလိုအပ်သော ကျွမ်းကျင်မှုများပင် ဖြစ်ပါသည်။ ကျွမ်းကျင်မှုကို အခြေခံသလို ကိုယ်ကျင့်စာရိတ္တကိုပါမြှင့်တင်နိုင်လျှင် ကိုယ်ရည်ကိုယ်သွေး ပိုမိုပြည့်ဝသည့် လူငယ်လူရွယ်များဖြစ်လာနိုင်ပါသည်။

## ဆန်းစစ်ဝေဖန်အကဲဖြတ်စွမ်းရည်

စဉ်းစားဝေဖန်ပြီး ဆန်းစစ်အကဲဖြတ်နှိုင်းချိန်တတ်သော ကျွမ်းကျင်မှုတစ်မျိုးဖြစ်ပြီး အရေးပါသောစွမ်းရည်တစ်ခု ဖြစ်ပါသည်။ မိမိ၏ အတွေ့အကြုံများအပေါ် အခြေခံ၍ ဆင်ခြင်စဉ်းစားကြည့်မြင်သုံးသပ်ကာ အမှားအမှန် ဝေဖန်ခွဲခြားခြင်း၊ မှန်ကန်သော ရွေးချယ်မှုဖြင့် ဆုံးဖြတ်ချက်ချနိုင်စွမ်းကို လေ့ကျင့်ယူရပါသည်။ အမှားအတွေ့အကြုံက နောက်ထပ်မမှားစေရန်၊ အမှား၏ အကျိုးနှင့် ဆက်စပ်ခါးသီးသော သင်ခန်းစာများကို အခြေပြုပြီး မှန်ကန်မှုအတွက် မည်သူ၏ အကူအညီမျှမယူဘဲ ရယူနိုင်အောင် လေ့ကျင့်ပေးခြင်းဖြင့် လူငယ် လူရွယ်များတွင် ဘယ်အရာကအမှား၊ ဘယ်အရာက အမှန်ဆိုသည်ကို ကွဲကွဲပြားပြားသိရှိနေရမည့် ကျွမ်းကျင်မှုမျိုးဖြစ်ပါသည်။

တစ်နည်းအားဖြင့် စဉ်းစားတတ်အောင် လေ့ကျင့်ပေးခြင်းဖြစ်သည်။ မှန်ကန်စွာစဉ်းစားတတ်ပါက ယနေ့လူငယ်များသည် မည်သည့်စနစ်ပင် ကြုံတွေ့ရစေကာမူ စနစ်၏သားကောင်များ မဖြစ်နိုင်တော့ပါ။ နှိုင်းယှဉ်စဉ်းစားတတ်ပြီဆိုလျှင် အဖြေမှန်ကို မိမိကိုယ်တိုင် လေ့လာသုံးသပ် ဖော်ထုတ်တတ်လာတော့မည်ဖြစ်သည်။ မှန်ကန်သော ဆုံးဖြတ်ချက်ချနိုင်ရန်အတွက် မိမိရရှိသော သတင်းအချက်အလက်ကို ပုံစံအမျိုးမျိုးဖြင့် သရုပ်ခွဲတတ်အောင် လေ့ကျင့်ယူရမည်ဖြစ်သည်။ ဘယ်အရာကို ဦးစားပေးရမည်ဆိုသည်နှင့် နောင်ဖြစ်လာနိုင်မည်ကိုလည်း မျှော်မှန်းတတ်သွားပါသည်။

## တီထွင်ဖန်တီးနိုင်စွမ်း

ယနေ့ စီးပွားရေးလုပ်ငန်းများ ကုမ္ပဏီများစွာကလည်း တီထွင်ဖန်တီးနိုင်မှုအရည်အချင်းမျိုးကိုသာ လိုလားကြသည်။ ပါဝင်သူတို့ ၏ စိတ်ကူးစိတ်သန်း စိတ်ကူးဉာဏ်အသစ်များ အယူအဆသစ်များသည် လုပ်ငန်းအောင်မြင်မှုအတွက် သော့ချက်ကျသောကြောင့်ဖြစ်သည်။ ပြိုင်ဆိုင်မှုပြင်းထန်သော လုပ်ငန်းများအကြား မူလလမ်းဟောင်းမှ သွေဖည်ပြီး လမ်းသစ်တီထွင်တတ်သူနှင့် အဖွဲ့အစည်းတို့သာ တိုးတက်မှုကို ရှေးရှုနိုင်သောကြောင့်ဖြစ်သည်။ သို့သော် ၎င်းစွမ်းရည်ကိုလည်း သင်ကြားလေ့ကျင့်ယူမှသာ ရသည်။ တီထွင်ဖန်တီးမှုဟူသည် အန္တရာယ်များသော၊ စွန့်စားရမှုများသော၊ ဆုံးရှုံးနိုင်ခြေရှိသော၊ သံသယများ၊ စိုးရိမ်မှုများဖြင့် စောင့်ကြည့်ခံရသောကြောင့် ဖြစ်ပါသည်။ တီထွင်ဖန်တီးမှုဟူသည် ဧရိယာမျိုးစုံ နယ်ပယ်စုံတွင် လိုအပ်နေပြီး ကမ္ဘာကြီးသည်ပင် တီထွင်ဆန်းသစ်မှုများနှင့် လှုပ်ရှားရာနေရာတစ်ခု ဖြစ်နေသည်ကို တွေ့ရပေမည်။ တီထွင်ဆန်းသစ်မှုသည် ပင်ကိုအစွမ်းအစရှိမှလည်း အဆင်ပြေနိုင်မည်ဖြစ်ပါသည်။

## ပြောဆိုဆက်ဆံနိုင်စွမ်း

ဆက်သွယ်ဆက်ဆံမှု အားကောင်းခြင်းသည် ကိုယ့်အတွက်ရော ၊ အဖွဲ့အစည်းအတွက်ပါ အကျိုးအမြတ်များစွာ ဖြစ်စေပါသည်။ မိမိ၏ မှန်ကန်သင့်တော်သည့် အယူအဆတစ်ခုကို ပင်ကိုစရိုက်အမျိုးအမျိုးရှိသောသူများ လက်ခံလာအောင် ပြောဆိုပြသနိုင်စွမ်းရှိသော အရည်အသွေးတစ်ခုဖြစ်သလို ကိုယ့်ဘက်မှလည်း

**❖ ၂၁ ရာစုကျွမ်းကျင်မှုများတွင် လူမှုဆက်ဆံရေး အသိဉာဏ်ရင့်သန်စေမည့် လေ့ကျင့်မှုများလည်း ပါဝင်ရပေမည်။ လူမှုဆက်ဆံရေးမြင့်မားမှ မိမိလုပ်ငန်းခွင်တွင် အောင်မြင်မှုများ ရရှိနိုင်ပါမည်။ ကိုယ်ရည်ကိုယ်သွေးပြည့်ဝသော ပညာရှင်များ ဖြစ်လာရန် လူမှုဆက်ဆံရေးကျွမ်းကျင်မှုက အထောက်အကူပြု**

အခြားသူ၏ ပြောဆိုဆက်ဆံမှုကို လက်ခံနိုင်စွမ်းရှိရန် လိုအပ်သည့် အရည်အချင်းတစ်ခု ဖြစ်ပါသည်။ ဆက်ဆံရေးကောင်းတစ်ရပ်ရရှိရန် စာနာစိတ်ထားမှု၊ ခံစားပေးနိုင်စွမ်းရှိမှု၊ နားလည်ပေးနိုင်စွမ်းရှိမှု အလေ့အကျင့်များစွာ လိုအပ်ပါသည်။ ကွဲပြားခြားနားသော အခြေအနေများကို တန်ဖိုးထားဆက်ဆံတတ်စေရန် လေ့ကျင့်ပေးခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုကို ပိုမိုတည်ဆောက်ပေးနိုင်ကြောင်း ကလေးလူငယ်များ နားလည်လက်ခံလာကြစေခြင်းဖြင့် ၎င်းအရည်အချင်းကို တည်ဆောက်နိုင်ပါသည်။

## ပူးပေါင်းဆောင်ရွက်တတ်ခြင်း

ပူးပေါင်းဆောင်ရွက်တတ်ခြင်းတွင် တူညီသောပန်းတိုင်တစ်ခုတော့ ရှိရပေမည်။ ထိုပန်းတိုင်သည် အဖွဲ့သားအားလုံး၏ ဖြစ်စေချင်သော စိတ်ဆန္ဒထဲမှ ဆင်းသက်လာသော ပန်းတိုင်ဖြစ်ရန် ကြိုးစားညှိနှိုင်းနိုင်ရန် လိုအပ်ပါသည်။ တူညီသောပန်းတိုင်တစ်ခု ခိုင်ခိုင်မာမာချမှတ်နိုင်ပြီဆိုလျှင် အဖွဲ့အစုလိုက် ညီညာစွာလုပ်ဆောင်ရန်မှာ မခဲယဉ်းတော့ပါ။ ပါဝင်သူများအားလုံးက မတူညီသော အတွေးများ၊ အယူအဆများ၊ အရည်အချင်းများကို အပြန်အလှန်တန်ဖိုးထားတတ်ပြီး ၎င်းမတူညီမှုများက တစ်ဦးအပေါ်တစ်ဦး အားဖြည့်ထောက်ပံ့ပေးနိုင်ပြီဆိုလျှင် အပေါင်းလက္ခဏာအင်အားတစ်ရပ်အဖြစ်သို့ ပြောင်းလဲသွားစေပါသည်။ ဤတွင်ပါဝင်သူများ၏ အကြံပြုချက်များ ဝေဖန်ချက်များသည် အနုတ်လက္ခဏာမဆောင်တော့ဘဲ အပြုသဘောဆောင်မှုများစွာ ဖြစ်ပေါ်လာပါတော့သည်။ ပူးပေါင်းဆောင်ရွက်မှုကို လေ့ကျင့်ရာတွင် တာဝန်ယူ တာဝန်ခံမှုနှင့် အချိန်ကို စီမံခန့်ခွဲနိုင်ပုံတို့ကိုပါ ပူးတွဲလေ့ကျင့်ရမည် ဖြစ်ပါသည်။

## ခေါင်းဆောင်မှု

ခေါင်းဆောင်မှုသည် ရလဒ်အတိုင်းအတာကို မှန်းမျှော်ကြည့်နိုင်စွမ်းရှိသော၊ လှုံ့ဆော်မှုပေးနိုင်သော ခေါင်းဆောင်မှုမျိုးဖြစ်ပါသည်။ ကျောင်းသားအရွယ်မှာပင် ကျောင်းသားများ၏ အကြံဉာဏ်များကိုရယူပြီးမှ ဆုံးဖြတ်ချက်တစ်ခုချမှတ်ရန် လေ့ကျင့်ပေးထားနိုင်လျှင် အများဆန္ဒသဘောတူမှုကို ဗဟိုပြုထားသော ဆုံးဖြတ်ချက်မျိုးကို ချနိုင်စွမ်းရှိသော ဒီမိုကရက်တစ်ခေါင်းဆောင်မှုများကို မွေးထုတ်ပေးရာရောက်ပါသည်။ အပြန်အလှန်တာဝန်ယူ၊ တာဝန်ခံမှုရှိသော အသိစိတ်ဓာတ်ကို လေ့ကျင့်မွေးမြူထားခြင်းဖြင့် အရေးပေါ်ပြဿနာများကို အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းနိုင်သော၊ အပြောင်းအလဲလုပ်နိုင်စွမ်းရှိသော ခေါင်းဆောင်ကောင်းများ ပေါ်ထွန်းလာစေမည်ဖြစ်ပါသည်။ မိမိအကျိုးထက် အများအကျိုးကို ဦးတည်သော ခေါင်းဆောင်မှုပုံစံအမျိုးမျိုးကို အခြေအနေအချိန်အခါနှင့် လျော်ညီစွာ ပေါင်းစပ်ကျင့်သုံးတတ်သော၊ လူသားစွမ်းရည်များကို ဖြည့်ဆည်းပေးနိုင်သော ကျွမ်းကျင်မှုမျိုးကို ဆိုလိုပါသည်။

## မီဒီယာနှင့် သတင်းအချက်အလက်ဆက်သွယ်ရေးဆိုင်ရာ ကျွမ်းကျင်မှု

ယနေ့ခေတ် digital society ခေတ်တွင် တွင်ကျယ်လာသည်က မိုဘိုင်းဖုန်းများ၊ အင်တာနက်များဖြစ်ပါသည်။ လူတိုင်းက လူမှုမီဒီယာတွင် တက်လာသည့် သတင်းများကိုသာ အားကိုးလာကြသည့်ခေတ် ဖြစ်နေသည်။ ပြည်သူလူထုက Online အသုံးပြုမှု များလာသည်နှင့်အမျှ သတင်းအမှန်နှင့် အမှားကို ဘယ်လို ရှာဖွေကြည့်ရှုပြီး ဘယ်လိုဆုံးဖြတ်ရမည်ဆိုသည်မှာ အရေးကြီးလာပါသည်။ မျိုးဆက်သစ်များအနေဖြင့် မှန်ကန်သေချာသည့် သတင်းအချက်အလက်ကို တိကျသည့် သတင်းအရင်းအမြစ်မှ ရယူနိုင်စွမ်း၊ ချင့်ချိန်နှိုင်းဆ သုံးသပ်နိုင်စွမ်းနှင့် မှန်ကန်သောသတင်းများ ပေးပို့နိုင်မှုစွမ်းရည်များ ပိုမိုတိုးတက်လာမည်ဖြစ်သည်။ နှစ်ခုစလုံးတွင် သုံးသပ်ရှုမြင်နိုင်စွမ်းနှင့် အသစ်ကိုတီထွင်ဖန်တီးနိုင်သည့် စွမ်းရည်များ ပါဝင်ပါသည်။

## Mobile Literacy

Mobile နည်းပညာများက ပညာရပ်နယ်ပယ်အသီးသီးအတွက် လေ့လာသင်ယူလိုသူများကို ဖြည့်ဆည်းပေးလျက်ရှိနေပြီးဖြစ်သည်။ လူငယ်ရော၊ လူကြီးများပါ Mobile နည်းပညာများကို လက်လှမ်းမီကျွမ်းကျင်နှံ့စပ်နေရန် လိုအပ်ပါသည်။ နည်းပညာဖြင့် ပံ့ပိုးပေးထားသော ဆရာ ဆရာမများက လွယ်ကူ၍ သက်သောင့်သက်သာရှိသော အနေအထားမျိုးဖြင့် သင်ယူသူ၏ လိုအပ်ချက်ကို ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်သော စွမ်းရည်ဖြစ်သည်။ ကမ္ဘာတစ်ဝန်း မိုဘိုင်းဖုန်းဖြင့် သတင်းအချက်အလက်မျှဝေခြင်း၊ ပညာရပ်မျှဝေခြင်းများကို တွင်တွင်ကျယ်ကျယ် အသုံးချနေပြီဖြစ်သလို ယင်းနည်းပညာက ပညာရပ်ကျွမ်းကျင်မှုသာမက သင်ယူသူ၏ အတွေးအခေါ် အယူအဆ ခံယူချက်သဘောထားကိုပါ ပြောင်းလဲစေရန် ဆောင်ကြဉ်းပေးနိုင်နေပြီ ဖြစ်ပါသည်။

## လူမှုဆက်ဆံရေးနှင့် လိုက်လျောညီထွေဖြစ်မှု

၂၁ ရာစုကျွမ်းကျင်မှုများတွင် လူမှုဆက်ဆံရေး အသိဉာဏ်ရင့်သန်စေမည့် လေ့ကျင့်မှုများလည်း ပါဝင်ရပေမည်။ လူမှုဆက်ဆံရေးမြင့်မားမှ မိမိလုပ်ငန်းခွင်တွင် အောင်မြင်မှုများ ရရှိနိုင်ပါမည်။ ကိုယ်ရည်ကိုယ်သွေးပြည့်ဝသော ပညာရှင်များ ဖြစ်လာရန် လူမှုဆက်ဆံရေးကျွမ်းကျင်မှုက အထောက်အကူပြုပါသည်။ မိတ်ဆွေကွန်ရက်ဖွဲ့တတ်ရန်နှင့် အချင်းချင်းထားရှိရမည့် လူမှုကျင့်ဝတ်များ၊ လူမှုရေးတာဝန်ဝတ္တရားများ၊ အပြုအမူပုံသဏ္ဌာန်များ၊ စကားပြောစွမ်းရည်များကို နားလည်ကျင့်သုံးတတ်စေရန် လေ့ကျင့်ယူရမည်ဖြစ်သည်။ မိတ်ဆွေအချင်းချင်း အပြန်အလှန်တန်ဖိုးထားတတ်ပြီး တာဝန်သိ တာဝန်ယူမှုများကို လေ့ကျင့်ပေးရမည်ဖြစ်ပါသည်။ သို့မှသာ မိမိအဖွဲ့အစည်း၏ ရည်မှန်းချက်သည် အမြင့်ဆုံးသို့ ရောက်ရှိမည်ဖြစ်ပါသည်။ ရုံဖန်ရံခါ ပညာတတ်ခြင်း၊ ပစ္စည်းဥစ္စာရှိခြင်းထက် လူမှုဆက်ဆံရေး ကောင်းမွန်ပိုင်နိုင်ကျွမ်းကျင်သူတစ်ဦးသည် လူများနှင့် ပတ်ဝန်းကျင်တွင် လိုက်လျောညီထွေနေထိုင်တတ်လာပြီး ပိုမိုခရီးရောက်နိုင်သည်ကို လူငယ်များ သတိပြုမိစေချင်သည်။

## ထုဆစ်ထားသော မျိုးဆက်သစ်များအင်အားဖြင့် ..

ဖော်ပြပါကျွမ်းကျင်မှု အရည်အသွေးများ ကြိမ်ဖန်များစွာ လက်တွေ့လေ့ကျင့်ပေးနေမှသာလျှင် အရေးပါအရာရောက်သော လူငယ်များဖြစ်လာပါမည်။ ၎င်း Skill များရှိရန် ပြောနေရုံမျှနှင့်မပြီးပါ။ ၂၁ ရာစုကျွမ်းကျင်မှုများအတွက် အခြေခံအရေးကြီးဆုံးမှာ ကျောင်းသားလူငယ်များတွင် ကိုယ်တိုင်သိလိုစိတ်ပြင်းပြမှု၊ စူးစမ်းလိုစိတ် နိုးကြားလာအောင် လှုံ့ဆော်နိုင်ရန်ပင် ဖြစ်ပါသည်။ ၎င်းကျွမ်းကျင်မှုများ ရှိလာစေမည့် လုပ်ဆောင်ချက်များကို အသက်အရွယ်အလိုက် စနစ်တကျလေ့ကျင့်ပေးနေမှသာ လက်တွေ့နယ်ပယ်တွင် ပြန်လည်အသုံးချနိုင်မည်ဖြစ်ပါသည်။ စဉ်းစားတတ်သော ပြည်သူများကို မွေးထုတ်ပေးနိုင်မှသာ ယနေ့ ပစ္စုပ္ပန်ကာလနှင့် အနာဂတ်အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဟု ယူဆပါသည်။ ကိုယ့်အတွက် ကိုယ့်အရေးသာ ကွက်ကွက်လေးကြည့်တတ်သော လူအများနေရာတွင် ၂၁ ရာစု ကျွမ်းကျင်မှုများဖြင့်သာ ထုဆစ်ထားသော မျိုးဆက်သစ်များ အင်အားဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်နိုင်မည်ဟုခံယူ မျှော်လင့်မိပါသည်။ ။

*✽ ကျောဖုံးမှ*

လည်းကောင်း ပြောင်းလဲတာဝန် ပေးအပ်ခြင်းကို လွှတ်တော်သို့ တင်ပြ၍ သဘောတူညီချက်ရယူသည်။

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ၆ လပတ် အခွန်ကောက်ခံရရှိမှု အခြေအနေနှင့် စပ်လျဉ်း၍ ဖတ်ကြားတင်ပြ

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်း ကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် က **ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ၆ လပတ် အခွန်ကောက်ခံရရှိမှု အခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၂/၂၀၁၉)** ကိုဖတ်ကြားတင်ပြရာတွင် ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက် အခွန်အကောက်ရငွေလျာထားချက်များ ရေးဆွဲရာတွင် ယခင်ဘဏ္ဍာရေးနှစ်များ၏ အမှန်ကောက်ခံရရှိမှုနှင့် ပကတိဖြစ်ပေါ်နေသော အခြေအနေများကို အခြေခံ၍ လျာထားသတ်မှတ်သင့်သည်ကို သဘောထားမှတ်ချက် ပြုအပ်ပါကြောင်း၊ အထူးကုန်စည်ခွန်နှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်းများ ပြုလုပ်ရာတွင် ထိုကဲ့သို့ ပြင်ဆင်သတ်မှတ်ခြင်းကြောင့် ဖြစ်ပေါ်လာမည့် ကုန်ကျစရိတ်နှင့် အကျိုးကျေးဇူး နှိုင်းယှဉ်လေ့လာသုံးသပ်မှုကို စနစ်တကျပြုလုပ်ပြီးမှသာ ဆောင်ရွက်သင့်သည်ကို သဘောထားမှတ်ချက်ပြုအပ်ပါကြောင်း။

ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအဖြစ် ၂၀၁၄ ခုနှစ်မှ စတင်ပြဋ္ဌာန်း ဆောင်ရွက်ခဲ့ချိန်မှစ၍ နှစ်စဉ်ပြဋ္ဌာန်းချက်များတွင် အခွန်နှုန်းထားများ လျှော့ချသတ်မှတ်ခြင်း၊ ကင်းလွတ်ခွင့်ပြုခြင်း ဖြေလျှော့မှုများစွာ ပြုလုပ်ပေးလျက်ရှိသော်လည်း ပြည်သူများအနေဖြင့် အခွန်ဆိုင်ရာ မှန်ကန်သော သတင်းအချက်အလက်များကို ပြည့်ပြည့်ဝဝ မရရှိသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် အခွန်အကောက်ဆိုင်ရာ မှန်ကန်သော သတင်းအချက်အလက်များရရှိနိုင်ပြီး အခွန်ဆိုင်ရာ လိုက်နာမှု အားကောင်းလာစေရေးအတွက် အခွန်ဆိုင်ရာ ပညာပေးလုပ်ငန်းများကို ပိုမိုထိရောက်အောင် တိုးချဲ့ဆောင်ရွက်လျက်ရှိရာတွင် IT နည်းပညာကိုပါ အသုံးပြုရန် သဘောထားမှတ်ချက်ပြုအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်သို့ ပုံမှန်ပြုစုတင်ပြရမည့် အခွန်ဆိုင်ရာ အစီရင်ခံစာများတွင် အခွန်ထမ်း ပြည်သူများဆိုင်ရာ အချက်အလက်များကိုပါ ထည့်သွင်းဖော်ပြရန် သဘောထားမှတ်ချက်ပြုအပ်ပါကြောင်း၊ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ၆ လ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ အခွန်ရငွေစာရင်းများနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာအမှတ်စဉ် (၂/၂၀၁၉) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၄ (က)၊ (ခ)၊ (ဂ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြရင်း အစီရင်ခံစာကို လွှတ်တော်မှ ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## ၂၀၁၈ ခုနှစ်၊ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာထုတ်ပြန်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး

ယင်းနောက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က **ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈ ခုနှစ်၊ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာထုတ်ပြန်ရေးနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၁/၂၀၁၉) အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ**အပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ၂၀၁၈ခုနှစ်၊ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာကို ယခင်နှစ်များက ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်အစီရင်ခံစာနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ အကြံပြုဆွေးနွေးချက်များနှင့်အညီ ပိုမိုပြည့်စုံသည့် မဟာဗျူဟာဖြစ်စေရန် ပြုစုတင်ပြထားခြင်း ဖြစ်ပါကြောင်း။

နောင်နှစ်များတွင်လည်း ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်အစီရင်ခံစာ (၁/၂၀၁၉)နှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ အပြုသဘောဆောင်သည့် ဆွေးနွေးအကြံပြုချက်များနှင့်အညီ ပြည့်စုံအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ ယခုတင်ပြသည့် ၂၀၁၈ ခုနှစ်၊ ကာလလတ် ကြွေးမြီစီမံခန့်ခွဲ မှုမဟာဗျူဟာကို ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေ ပုဒ်မ (၁၁) နှင့်အညီ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း က အဆိုပါ အစီရင်ခံစာ(၁/၂၀၁၉)ကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ပြည်သူ့ငွေစာရင်းပူးပေါင်း ကော်မတီ၏ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိသည့်အတွက် ယင်းအစီရင်ခံစာ (၁/၂၀၁၉) ကို လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည် ပေးပို့ထားသော **မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အဆိုတင်သွင်းဆွေးနွေး၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူသည်။



ပြည်ထောင်စု လွှတ်တော် ဥပဒေကြမ်း ပူးပေါင်း ကော်မတီ အတွင်းရေးမှူး ဒေါက်တာ မြတ်ညဏစိုး

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော **မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အဆိုတင်သွင်း ဆွေးနွေး၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူသည်။

## အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ၆ လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုအစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး

ဆက်လက်၍ **အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ၆ လတာကာလ (၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့မှ အောက်တိုဘာလ ၉ ရက်နေ့အထိ) အတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုအစီရင်ခံစာ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အောင်မြေသာစံ မဲဆန္ဒနယ်မှ ဒေါက်တာလှမိုးက ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဆရာ၊ ဆရာမများ နှစ်စဉ်ရာထူးတိုးပေးမည့် ရာသီရောက်တိုင်း ပညာရေး တိုးတက်မှုကို မဆောင်ရွက်နိုင်ဘဲ မတည်မငြိမ်မူဝါဒများနှင့် အငြင်းအခုန်များဖြင့် အချိန်ကုန်လူပန်းစိတ်ခတ်ကျပြီး မူရင်းအလုပ်များ ပျက်ပြားစေပါကြောင်း၊ ထို့ကြောင့် ကော်မရှင်အနေဖြင့် ဆရာ၊ ဆရာမများ ရာထူးတိုးမြှင့်ရေးအတွက် မှန်ကန်သော မူဝါဒတစ်ခု ပေါ်ပေါက်လာစေရေးကို အလေးထားဆောင်ရွက်ပေးပါရန် အကြံပြု တိုက်တွန်းလိုပါကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍ ဆရာ၊ ဆရာမများ အပြောင်းအရွှေ့နှင့် ရာထူးတိုးမြှင့်ရေး မူဝါဒခိုင်ခိုင်မာမာမရှိသေးသရွေ့ နစ်နာဆုံးရှုံးရမည်မှာ ကျောင်းသား၊ ကျောင်းသူများဖြစ်ပြီး ပညာရေးတွင်လည်း နိမ့်ကျမှုများ ဖြစ်နေမည်ဖြစ်ပါကြောင်း။

## နိုင်ငံတော်ကို ပညာရေးဖြင့် အမှန်တကယ် တည်ဆောက်လိုပါက ပညာရေးဝန်ကြီးဌာနနှင့် အမျိုးသားပညာရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီး

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို ပညာရေးဖြင့် အမှန်တကယ် တည်ဆောက်လိုပါက ပညာရေးဝန်ကြီးဌာနနှင့် အမျိုးသားပညာရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးသည်ကို သတိချပ်စေလိုပါကြောင်း၊ ကော်မရှင်မှ တင်ပြသည့် အကြံပြုချက်များကိုလည်း ဝန်ကြီးဌာနက အလေးထား စဉ်းစား အကောင်အထည်ဖော်ရမည်ဖြစ်သကဲ့သို့ ဝန်ကြီးဌာန၏ အခက်အခဲများကိုလည်း ကော်မရှင်က ပူးပေါင်းဖြေရှင်းပေးပါရန် အကြံပြုဆွေးနွေးသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေက နိုင်ငံတကာပညာတော်သင်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်သင့်ကြောင်းကို တိုက်တွန်းလိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာစံချိန်မီရန်အတွက် ကဏ္ဍတိုင်းတွင် ဆောင်ရွက်မည်ဆိုပါက နိုင်ငံ၏ လူသားစွမ်းအားအရင်းအမြစ်ကို ပထမဆုံးနိုင်ငံတကာစံချိန်မီအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင်လည်း နိုင်ငံတကာသုံး အင်္ဂလိပ်ဘာသာကို အရေး၊ အဖတ်၊ အပြော၊ နားထောင်နှုန်းစွမ်းရည်အပြင် နိုင်ငံတကာတွင် ကျင့်သုံးနေသည့် စနစ်များကိုလည်း မြန်မာနိုင်ငံတွင် အမြန်ဆုံးအကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ နိုင်ငံတကာစံချိန်မီသည့် မြန်မာ့ပညာရေးကို ရရှိမည်ဖြစ်သည့်အတွက် ကော်မရှင်အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနကို တိုက်တွန်းသင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) မှ ဒေါက်တာတင်တင်ဝင်း၊ ကံမမဲဆန္ဒနယ်မှ ဦးစိန်ဟန်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်း၊ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဦးဝင်းမြင့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလု (ခေါ်) ဦးရွှေလှဝင်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်နော်ခရစ္စထွန်း (ခေါ်) ဒေါက်တာအားကာမိုး နှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး ထင်လင်းဦးတို့က ဆက်လက်ဆွေးနွေးကြသည်။

## အရေးကြီးအဆိုတင်သွင်း

ထို့နောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် က **၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို ဆောလျင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ပူးပေါင်းကော်မတီတစ်ရပ်ကို သင့်လျော်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့်ဖွဲ့စည်းရန် ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းကြောင်း အရေးကြီး အဆို**ကို တင်သွင်းရာတွင် လက်ရှိမြန်မာနိုင်ငံ၏အခြေအနေတွင် မြန်မာနိုင်ငံသား ပြည်သူများနှင့် အရေးကြီးသက်ဆိုင်သည့် ကိစ္စဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်၊ ရယူရန်လိုအပ်သည့် ကိစ္စလည်းဖြစ်သည့်အတွက် တင်သွင်းရခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ တင်သွင်းရာတွင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာသုံးသပ်ရာတွင် ဒီမိုကရေစီစံနှုန်းများနှင့် ညီညွတ်ခြင်းမရှိသော ပြဋ္ဌာန်းချက်များ၊ ရှေ့နောက်ညီညွတ်ခြင်းမရှိသော ကွဲလွဲဆန့်ကျင်နေသည့် ပြဋ္ဌာန်းချက်များ၊ ပြည်တွင်း ငြိမ်းချမ်းရေးအတွက် မရှိမဖြစ် လိုအပ်သည့် စစ်မှန်သော ဒီမိုကရေစီ ပြည်ထောင်စုထူထောင်ရေးအတွက် အဟန့်အတားဖြစ်နေသည့် ပြဋ္ဌာန်းချက်များ၊ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် အဟန့်အတားဖြစ်စေသော ပြဋ္ဌာန်းချက်များ၊ အပြန်အလှန် ထိန်းကျောင်းရမည့် ဒီမိုကရေစီမဏ္ဍိုင်ကြီး သုံးရပ်အား တစ်ဖက်စောင်းနင်းဖြစ်စေသော ပြဋ္ဌာန်းချက်များ၊ နိုင်ငံသားများ၏ တန်းတူညီမျှမှုကို အကာအကွယ်ပေးနိုင်ခြင်းမရှိသည့် ပြဋ္ဌာန်းချက်များ၊ ရွေးကောက်ပွဲများတွင် လွတ်လပ်၍ တရားမျှတရေးကို ထိခိုက်နေသည့် ပြဋ္ဌာန်းချက်များကို စိစစ်လေ့လာတွေ့ရှိရပါကြောင်း။



မကွေး တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ် ဦးအောင် ကြည်ညွန့်

## ၂၁ ရာစု ပင်လုံညီလာခံတွင် ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရေးအတွက် ဒီမိုကရေစီအခြေခံအုတ်မြစ်များကို ဖြည့်ဆည်းပေးရန် လိုအပ်ကြောင်း လေ့လာတွေ့ရှိ

ထို့ပြင် ၂၁ ရာစု ပင်လုံညီလာခံတွင် ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရေး အတွက် ဒီမိုကရေစီ အခြေခံအုတ်မြစ်များကို ဖြည့်ဆည်းပေးရန် လိုအပ်ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် စပ်လျဉ်း၍ ပြည်သူလူထု၏ ဆန္ဒသဘောထားများကို ၂၀၁၃ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး ပါဝင်သည့် မြို့နယ်ပေါင်း ၂၆၇ မြို့နယ်တွင် ရယူခဲ့ရာ ၉၇ ရာခိုင်နှုန်းသောပြည်သူများက ပြင်ဆင်ပြောင်းလဲလိုကြောင်း ဆန္ဒပြုကြပါကြောင်း၊ စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရာတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်သုံးရပ်ဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံတော်က တိုင်းရင်းသားပြည်သူများ၏ ဆန္ဒသဘောထားကို အဓိကအခြေခံအချက်အဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ပြည်သူ့သဘောထားကို လျစ်လျူရှု၍ နိုင်ငံတော်၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်တည်ဆောက်နိုင်မည် မဟုတ်သည်မှာလည်း အမှန်တရားတစ်ခုဖြစ်ပါကြောင်း။

နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်းဆုံးကာကွယ်စောင့်ရှောက်ရေးမှာ လက်ရှိဖြစ်ပေါ်ရောက်ရှိနေသည့် နိုင်ငံတော်၏ မျက်မှောက်အခြေအနေနှင့် နိုင်ငံသားများ၊ တိုင်းရင်းသားများအားလုံး မျှော်မှန်းသည့် အနာဂတ်နိုင်ငံတော်ပုံဖော်ရေးကို ချောမွေ့စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အထောက်အကူပြုမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ဖြစ်ပေါ်လာစေရန် ရည်မှန်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်နိုင်ရေးသည် ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကြီး၏ အဓိကတာဝန်ဖြစ်ပါကြောင်း။

ပြည်တွင်း၌ ထာဝရငြိမ်းချမ်းရေး ရရှိရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းများအတွက် ၂၁ ရာစု ပင်လုံညီလာခံကြီးတွင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် ယခုအချိန်အခါတွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၁)တွင် အရေးကြီးဆုံးဖြစ်သည့် နိုင်ငံတော်ကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုအဖြစ် ဖွဲ့စည်းရမည်ဟု သဘောတူညီခဲ့ပြီး ဖြစ်ပါကြောင်း၊ အဆိုပါ သဘောတူညီချက်နှင့် လိုက်လျောညီထွေစွာ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ချောမွေ့စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် အပြန်အလှန်ယုံကြည်မှု တည်ဆောက်ရေးတို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် လိုအပ်နေပြီ ဖြစ်ပါကြောင်း။

ယခုလတ်တလော အခြေအနေတွင် လူမှုမီဒီယာသတင်းကွန်ရက်များ၌ တွေ့ရှိနေရသည့် အချို့မြို့ကြီးများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ရေးနှင့် သက်ဆိုင်သည့် စတစ်ကာကမ်ပိန်းများဖြင့် စတင်၍ လှုပ်ရှားနေသည်ကို တွေ့ရပါကြောင်း၊ ယခု အခြေအနေမျိုးတွင် အလွန်အရေးကြီးသည့် ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကြီးက မသိကျိုးကျွန်ပြုနေ၍ မသင့်လျော်ပါကြောင်းကို တင်ပြလိုပါကြောင်း၊ ထို့အပြင် မိမိယနေ့ တင်ပြသည့်အဆိုသည် ဖွဲ့စည်းပုံအခြေခံပြင်ဆင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းနေခြင်း မဟုတ်ပါကြောင်း၊ ယခုကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေကြမ်းကို စနစ်တကျဖြင့် လျင်လျင်မြန်မြန် ဆောလျင်စွာ အကောင်အထည်ဖော်နိုင်ရန် အလွန်စနစ်ကျပြီး ပွင့်လင်းမြင်သာစွာနှင့် တာဝန်ကျေပွန်အောင် ထမ်းဆောင်နိုင်မည့် ကော်မတီတစ်ရပ်ကို ပြည်ထောင်စုလွှတ်တော်ကြီးမှ အရေးတကြီးဖွဲ့စည်းပေးရန် လိုအပ်နေပြီဖြစ်သည့်အတွက် တင်ပြခြင်း

*စာမျက်နှာ ၈ သို့*



တပ်မတော်သား ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးချုပ် မောင်မောင်



သာကေတ မဲဆန္ဒနယ်မှ ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ ဝေဖြိုးအောင်

*စာမျက်နှာ ၇ မှ*

ဖြစ်ပါကြောင်း၊ မိမိတင်ပြသည့် အဆိုသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း(၁၂) ပုဒ်မ ၄၃၃၊ ၄၃၄၊ ၄၃၅ တို့တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်း မရှိကြောင်းကို ရှင်းလင်းတင်ပြလိုပါကြောင်း၊ ယခု မိမိတင်ပြနေသော တင်ပြချက်သည် ဖွဲ့စည်းပုံများကို ပြင်ဆင်ရေးအတွက် မူကြမ်းကို တင်ပြနေခြင်းမဟုတ်ဘဲ အကောင်အထည်ဖော်ရန် လိုအပ်သည့် ယန္တရားတစ်ခု စနစ်တကျတည်ဆောက်ရန် လိုအပ်သည့်အတွက် နည်းဥပဒေ ၆၆ အရ တင်ပြခြင်းဖြစ်ပါကြောင်း။

## ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး ပူးပေါင်းကော်မတီတစ်ရပ်ကို ဖွဲ့စည်းပြီးဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို ဆောလျင်စွာ ဆောင်ရွက်နိုင်ပါရန် အဆိုပြုတင်ပြ

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူလူထု၏ဆန္ဒသဘောထားနှင့်အညီ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်လေ့လာစိစစ်သုံးသပ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး ပူးပေါင်းကော်မတီတစ်ရပ်ကို သင့်လျော်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးလုပ်ငန်းများကို ဆောလျင်စွာ ဆောင်ရွက်နိုင်ပါရန် ယခုအရေးကြီးအဆိုကို မြန်မာနိုင်ငံသူ နိုင်ငံသား၊ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး၏ စစ်မှန်သည့် ဆန္ဒသဘောထားအပေါ် အခြေခံ၍ ပြည်ထောင်စုလွှတ်တော်သို့ လေးနက်စွာအဆိုပြု တင်သွင်းအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် သာကေတမဲဆန္ဒနယ်မှ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝေဖြိုးအောင်က ယင်းအဆိုကို ထောက်ခံဆွေးနွေးရာတွင် မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးနေသည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အချိန်ကာလအားဖြင့် ၁၀ နှစ်ကျော်လာပြီ ဖြစ်ပါကြောင်း၊ ၁၀ စုနှစ် တစ်ခုကျော် ကြာမြင့်လာသည့်အခါ ခေတ်ကာလနှင့် အခြေအနေများအလိုက် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ယခုတင်သွင်းလာသည့်အဆိုအပေါ် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များအားလုံးက ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆွေးနွေးခွင့်ရမည် ဖြစ်သကဲ့သို့ ပြည်သူများကိုယ်စားပြု ဒီမိုကရေစီစနစ်အရ တာဝန်အပ်နှင်းလိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များက တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ စစ်မှန်သည့် သဘောဆန္ဒ၊ သဘောထားအပေါ်တွင် အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များအပေါ် သုံးသပ်ဆွေးနွေး ဆုံးဖြတ်ပြင်ဆင်ခွင့်များ ရလာမည်ဖြစ်သည့်အတွက် ပြောင်းလဲချိန်တန်သည့် အချိန်အခါသစ်တွင် ပြည်သူနှင့်အတူ စုပေါင်းအင်အားကို ဖော်ဆောင်နိုင်ရန်အတွက် ယခုအရေးကြီးအဆိုကို ပြည်ထောင်စု လွှတ်တော်က လက်ခံဆွေးနွေးအတည်ပြုပေးနိုင်ပါရန် ထောက်ခံအပ်ပါကြောင်း ပြောကြားသည်။

တပ်မတော်သားပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် မောင်မောင်က ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ မိမိအနေဖြင့် မပြင်ရဟူ၍ ပြောခြင်းမဟုတ်ပါကြောင်း၊ ပြင်ဆင်ရန်အတွက် သဘောတူပါကြောင်း၊ သဘောတူသည့်အတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုလုပ်ရန်အတွက်တင်ပြခြင်း ဖြစ်ပါကြောင်း၊ မိမိတို့ လွှတ်တော်ခန်းမထဲ ရောက်နေသူများသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအရ ရောက်ရှိနေခြင်းဖြစ်ပါကြောင်း၊ ကော်မတီဖွဲ့စည်းမည်ဆိုပါက နည်းဥပဒေပုဒ်မ ၁၃၅ အရ ပြင်ဆင်ရန် ဥပဒေမူကြမ်းကိုတင်ပြီး ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ပူးပေါင်းကော်မတီအဖွဲ့မှ စိစစ်မည်ဟု ပါရှိပါကြောင်း၊ ယင်းသို့ မဟုတ်ဘဲ ကော်မတီ ဖွဲ့စည်းပြီး စိစစ်မည်ဆိုပါက မည်သည့်ပုဒ်မကို စိစစ်မည်၊ ကော်မတီက မည်သည့်အရာများကို လုပ်မည်၊ ပုဒ်မများကိုလည်းမသိရပါကြောင်း၊ ကော်မတီသည် မည်မျှကျယ်ပြန့်သည်ကိုလည်း မိမိတို့အနေဖြင့် မသိရပါကြောင်း၊ ထို့ကြောင့် နည်းဥပဒေ ၁၃၆ အရ ပြင်ဆင်သည့် ဥပဒေကြမ်းကိုလည်း စတင်ဆွေးနွေးခြင်းမပြုမီတွင် သက်ဆိုင်ရာပူးပေါင်းကော်မတီမှ ဆွေးနွေးစိစစ်ပြီး အဆိုပါဆွေးနွေးချက်နှင့် ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်အားလုံးသို့ ဖြန့်ဝေပေးရမည်ဖြစ်ပါကြောင်း၊ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်အားလုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၅ ဇယား ၄ တွင် ပါသည့်အတိုင်း ကတိသစ္စာပြုထားကြသူများ ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ဥပဒေပြုရေးတာဝန်ကို အဓိကလုပ်ဆောင်နေကြသည့် လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့၏ လုပ်ဆောင်ချက်များကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် အရေးကြီးပါကြောင်း၊ မိမိတို့အနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သင့်ပါကြောင်း၊ ယခုကဲ့သို့ အဆိုတင်သွင်းပြီး မဲခွဲဆုံးဖြတ်ရမည့် ကိစ္စမဟုတ်ပါကြောင်း တင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က တပ်မတော်သား ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်ဗိုလ်မှူးချုပ် မောင်မောင်၏ တင်သွင်းချက်ကို လွှတ်တော်က လက်မခံပါကြောင်း ပြောကြားခဲ့ရာ တပ်မတော်သားပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များက မတ်တပ်ရပ်၍ ကန့်ကွက်ခဲ့ကြသည်။

## ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနေသည့်အချိန်ကာလ ဖြစ်သည့်အတွက် ပြည်ထောင်စုလွှတ်တော်တွင်ရှိသည့် နိုင်ငံရေးပါတီအားလုံး၊ တပ်မတော်သားကိုယ်စားလှယ်များ အစုအဖွဲ့များ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခွင့်ရှိရန် အဆိုရှင်က တင်သွင်းခဲ့သည့် အဆိုဖြစ်

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက ယခုအချိန်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းနေခြင်း မဟုတ်ပါကြောင်း၊ ကိုယ်စားလှယ်တစ်ဦးတစ်ယောက်၊ နိုင်ငံရေးပါတီတစ်စုတစ်ဖွဲ့မှ တင်သွင်းမည်ဆိုပါက ပြည်သူအများစု၊ နိုင်ငံသားများ၊ တိုင်းရင်းသားများအားလုံးနှင့် ၂၁ ရာစုပင်လုံညီလာခံ၏ ရည်မှန်းချက်များနှင့် သွေဖည်သွားမည် ဖြစ်ပါကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနေသည့် အချိန်ကာလဖြစ်သည့်အတွက် ပြည်ထောင်စုလွှတ်တော်တွင်ရှိသည့် နိုင်ငံရေးပါတီအားလုံး၊ တပ်မတော်သားကိုယ်စားလှယ်များအစုအဖွဲ့များကိုယ်တိုင် ပါဝင်ဆောင်ရွက်ခွင့်ရှိရန် အဆိုရှင်က တင်သွင်းခဲ့သည့် အဆိုဖြစ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်သည့်အတွက်ကြောင့် နာယကကြီးအနေဖြင့် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ကို ဆက်လက်ရယူဆောင်ရွက်ပေးနိုင်ပါရန်လေးနက်စွာ တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ယင်းအဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ ဆန္ဒရယူရာ ထောက်ခံမဲ ၃၉၄ မဲ၊ ကန့်ကွက်မဲ ၁၇ မဲ၊ ကြားနေမဲ ၃ မဲဖြစ်၍ ထောက်ခံသူသုံးပုံတစ်ပုံနှင့်အထက် ရရှိသည့်အတွက် လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းအဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဖေဖော်ဝါရီ ၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

# ချောင်းမငယ်ဆည်မှ နွေစပါးစိုက်ပျိုးရေပေးဝေရန် ကြိုတင်ဆောင်ရွက်ထားသည့်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်အတွင်းရှိ ချောင်းမငယ်ဆည်ရေသောက် ဧရိယာအတွင်း နွေစပါးစိုက်ပျိုးရန်အတွက် ချောင်းမငယ်ဆည်ရေကို ဆင်အုံကန်အတွင်းသို့ ဖြည့်ဆည်းနေမှုအခြေအနေ၊ ရေပေးတူးမြောင်းများ ကြံ့ခိုင်မှုနှင့် အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းမြင့်ဦး (ဆည်/ရေဦးစီးဌာန)၊ လယ်ဝေးမြို့နယ် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးနေဇော်နှင့် တာဝန်ရှိသူများက ဇန်နဝါရီ ၂၈ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ပြီး သတ်မှတ်ရက်အတိုင်း နွေစပါးရေပေးနိုင်ရေးမှာကြားခဲ့ကြောင်း သိရသည်။

ချောင်းမငယ် ရေလှောင်တမံမှ နွေစပါး ၃၅၀၀ ဧကခန့်အတွက် စိုက်ပျိုးရေကို ဖေဖော်ဝါရီ ၁ ရက်တွင် စတင်ရေပေးဝေမည်ဟုသိရှိရပြီး နွေစပါးရေစတင်ပေးဝေမည့်ရက်၊ စိုက်ပျိုးရေ ရောက်ရှိမည့်နေရာ၊ လိုက်နာရမည့် ဆည်မြောင်းဥပဒေ၊ စိုက်ပျိုးရေ လိုအပ်ပါက ဆက်သွယ်ရမည့် ပြည်သူ့ဝန်ထမ်းနှင့် တောင်သူများ၏ အမည်နှင့် ဖုန်းနံပါတ်ဖော်ပြထားသည့် ဆိုင်းဘုတ်များ စိုက်ထူခြင်း၊ တောင်သူများနှင့် တွေ့ဆုံရှင်းလင်းပြောကြားခြင်းများကို တည်ဆောက်ရေး (၅)ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**တင်မောင်လွင်(မြန်မာ့အလင်း)**



နေပြည်တော် ကောင်စီဝင် ဦးအေးမောင်စိန် ချောင်းမငယ် ဆည်မှနွေစပါး စိုက်ပျိုးရေ ပေးဝေရန် ရေပေးတူးမြောင်း များ အဆင့်မြှင့် တင်ဆောင်ရွက် ထားမှုကို ကြည့်ရှု စစ်ဆေးစဉ်။

# မြန်မာ-ထိုင်းနယ်စပ် ထုံခါ-မောတောင်လမ်းပိုင်းလုပ်ငန်း ၉၃ ရာခိုင်နှုန်းခန့်ပြီးစီး

**တနင်္သာရီ ဇန်နဝါရီ ၂၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်းရှိ မြန်မာ-ထိုင်းနယ်စပ် မောတောင်မြို့သွားလမ်း အပိုင်းဖြစ်သည့် ထုံခါ-မောတောင် လမ်းအပိုင်းလုပ်ငန်း ဆောင်ရွက်နေမှုမှာ ၉၃ ရာခိုင်နှုန်းပြီးစီးနေပြီ ဖြစ်ကြောင်း မောတောင်-ထုံခါလမ်း စီမံကိန်း ဒါရိုက်တာ ဦးသန်းလွင်ထံမှ သိရသည်။

"၂၀၁၃ ခုနှစ်ကစပြီး ဖောက်လုပ်တာပါ။ လမ်းအရှည်က ၄၈ မိုင် ၆ဖာလုံ၊ အကျယ် ၂၄ ပေ ရှိပါတယ်။ ယခင်က သစ်ထုတ်တဲ့ လမ်းကျဉ်းလေးကနေပြီးတော့ နယ်စပ်ဂိတ် ဖြစ်နိုင်တဲ့လမ်းအဖြစ် ဆောင်ရွက်နေတာပါ။ အခုဆိုရင် ဒီလမ်းက ၉၃ ရာခိုင်နှုန်းပြီးစီးနေပါပြီ။ အချောသပ်ရမယ့် အပိုင်းအနေနဲ့ ကျန်ပါသေးတယ်။ ဖေဖော်ဝါရီလအတွင်း အားလုံးပြီးစီးလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ ဒီလမ်းမကြီးကနေတစ်ဆင့် ထိုင်းနိုင်ငံရဲ့ အဓိကငါးဈေးကွက် မဟာချိုင်းကို ရေထွက်ကုန်ပစ္စည်းတွေ တင်ပို့နိုင်မှာဖြစ်ပါတယ်။ နှစ်နိုင်ငံကြားကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာမယ်။ လမ်းပြီးသွားရင် တရားဝင်ဂိတ်အဖြစ် ထိုင်းနိုင်ငံနဲ့ လုပ်မယ့် ဝင်ပေါက်၊ ထွက်ပေါက်အနေနဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုကို အမြဲတမ်းဂိတ်အနေနဲ့ ဖွင့်ဖို့ ကြိုးစားနေပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။



မြန်မာ-ထိုင်းနယ်စပ်ရှိ ထုံခါ-မောတောင်လမ်းပိုင်းတစ်နေရာ။

အဆိုပါ လမ်းအပိုင်းမှာ မြန်မာ-ထိုင်းနယ်စပ် ကုန်သွယ်ရေးအတွက် အဓိကကျသည့် လမ်းဖြစ်သောကြောင့် ထုံခါကျေးရွာမှမောတောင်မြို့အထိ ၄၈ မိုင် ၆ ဖာလုံကို မြိတ်အများပိုင်ကော်ပိုရေးရှင်းမှ တာဝန်ယူကာ ထိုင်းနိုင်ငံက ပညာရှင်များနှင့် လမ်းခင်းသည့် အပိုင်းများကို ပူးတွဲလုပ်ဆောင်နေကြောင်း သိရသည်။

မိုးတွင်းကာလတွင် မောတောင်ငယ်တောင်ကြောတစ်လျှောက် မြေပြိုမှုများ ဖြစ်ပွားလေ့ရှိသောကြောင့် တောင်ကြောတစ်လျှောက် ကွန်ကရစ်လမ်းခင်း ဆောင်ရွက်ထားရှိပြီး ဖြစ်ကြောင်းနှင့် မြိတ်မြို့မှ ၁၂၃ မိုင်ကွာဝေးသည့် မြန်မာ့-ထိုင်းနယ်စပ် မောတောင်မြို့သို့ သုံးနာရီကြာခရီးဖြင့် သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

# ရခိုင်ပြည်နယ်တွင် ကျဆုံးခဲ့သည့် တပ်ဖွဲ့ဝင်၏ဇနီးအား မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ထောက်ပံ့ငွေကျပ်သိန်း ၄၀ ပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၂၉**

ရခိုင်ပြည်နယ်၌ ဇန်နဝါရီ ၄ ရက်က ဖြစ်စဉ်တွင် ကျဆုံးသွားသည့် ဘူးသီးတောင်မြို့နယ် အမှတ်(၃)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ၊ ငမြင်းဘော်ရဲကင်းစခန်းမှူး ဒုတိယရဲအုပ် မြင့်လွင်၏ ဇနီးဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ အမှတ်(၉)ရပ်ကွက်နေ ဒေါ်မိုးမိုးခိုင်နေအိမ်သို့ မအူပင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဘဝင်း ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ယမန်နေ့က သွားရောက်၍ နှစ်သိမ့်အားပေးစကား ပြောကြားကာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်မှ ပေးအပ်သော ထောက်ပံ့ငွေကျပ်သိန်း ၄၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

## တိမ်အသင့်အတင့်ဖြစ်ထွန်း

**နေပြည်တော် ဇန်နဝါရီ ၂၉**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# မဟာဘွဲ့နှင်းသဘင်အခမ်းအနား ဖေဖော်ဝါရီ ၁၅ ရက်တွင် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပသည့် ၂၀၁၈ ခုနှစ် ပရိယတ္တိစာမေးပွဲများတွင် ဓမ္မာစရိယသုံးကျမ်းပြီး စာအောင်ဘွဲ့ရ ၉၃၆ ပါး၊ ပါဠိဂုဏ်ထူးအောင် တစ်ပါး၊ မြန်မာဂုဏ်ထူးအောင် ခြောက်ပါး၊ ဓမ္မာစရိယနှင့် ပါဠိပထမပြန် အထူးအောင် အပါး ၂၀၊ နိကာယ်စာမေးပွဲတွင် အထူးအောင်အပါး ၂၀၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ (ပထမ၊ ဒုတိယ၊ တတိယ)ရရှိသူ ကိုးဦးတို့အား ဘွဲ့တံဆိပ်တော်များနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းမည့် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၃၈၀ ပြည့်နှစ် တပို့တွဲလဆန်း ၁၁ ရက် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ မဟာဘွဲ့နှင်းသဘင်အခမ်းအနားသို့ အချိန်မီကြွရောက်ရန် သက်ဆိုင်ရာ စာအောင်ပုဂ္ဂိုလ်များနှင့် ပင့်သံဃာတော်များကို ပင့်စာများပေးပို့ ဆက်ကပ်ပြီးဖြစ်ကြောင်း၊ ပင့်စာများကိုအချိန်မီမရရှိပါကလည်း ကြွရောက်တော်မူကြပါရန်နှင့် ဖေဖော်ဝါရီ ၁၂ ရက်မှစ၍ ရုံးချိန်အတွင်း ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ပုဗ္ဗာရာမဒေဟကျောင်းဆောင် စာမေးပွဲဌာနခွဲ၊ ဌာနစု(၁၄)သို့ ဆက်သွယ်သတင်းပေးပို့ကြပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်အပ်ကြောင်း သိရသည်။ **သတင်းစဉ်**

# (၇၁) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ ရေးဖြေနှင့် အာဂုံပြန်ဆို အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များ၏ အောင်စာရင်းထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၂၉**

(၇၁) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲရေးဖြေနှင့် အာဂုံပြန်ဆိုအောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များ၏ အောင်စာရင်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ယနေ့ထုတ်ပြန်ကြေညာသည်။

(၇၁) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ရေးဖြေနှင့် အာဂုံပြန်ဆို အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

**ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းသဘောရေးဖြေအောင်**
**ဥဘတောဝိဘင်္ဂကောဝိဒ (၁၁) ပါး**

၁။ ပလ္လင်အမှတ် (၃၂၅) အရှင်ကောသလ္လ (ကော့ကရိတ်)၊ အသက် (၄၀) နှစ်၊ သိက္ခာ(၁၉)ဝါ၊ တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၃၃၇) အရှင်အဂ္ဂါစာရ၊ အသက်(၃၄) နှစ်၊ သိက္ခာ (၁၄)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၃၃၉) အရှင်ဇနပ္ပိယာလင်္ကာရ၊ အသက်(၃၅)နှစ်၊ သိက္ခာ (၁၄)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၄။ ပလ္လင်အမှတ်(၃၄၈) အရှင်ဝိမလ (ပခုက္ကူ)၊ အသက်(၃၃)နှစ်၊ သိက္ခာ (၁၃)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၃၅၅) အရှင်ပညိန္ဒ(ပျော်ဘွယ်)၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၂)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ပလ္လင်အမှတ် (၃၆၃) အရှင်ဝိလာသ(တွံတေး)၊ အသက်(၃၁) နှစ်၊ သိက္ခာ(၁၂)ဝါ၊ တိပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ပလ္လင်အမှတ် (၃၇၃) အရှင်သုမင်္ဂလ၊ အသက်(၃၂) နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ပလ္လင်အမှတ် (၃၇၇) အရှင်ပညာသာရာလင်္ကာရ(ယင်းမာပင်)၊ အသက်(၃၀) နှစ်၊ သိက္ခာ(၁၀)ဝါ၊ တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၉။ ပလ္လင်အမှတ် (၃၉၁) အရှင်ဣန္ဒကာလင်္ကာရ၊ အသက်(၃၀) နှစ်၊ သိက္ခာ (၈)ဝါ၊ တိပိဋကစုဆန်းလီကျောင်းတိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ပလ္လင်အမှတ် (၃၉၇) အရှင်အဂ္ဂဝံသာလင်္ကာရ၊ အသက်(၂၆) နှစ်၊ သိက္ခာ (၇)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ပလ္လင်အမှတ် (၃၉၈) အရှင်သီလာနန္ဒ(မိတ္ထီလာ)၊ အသက်(၂၆) နှစ်၊ သိက္ခာ(၆)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

**(၇၁) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ**
**သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း**
**ရေးဖြေအောင်စာရင်း**
**သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်း သဘောရေးဖြေအောင်**
**ဒီဃနိကာယကောဝိဒ(၂) ပါး**

၁။ ပလ္လင်အမှတ်(၂၅၄) အရှင်ဇောတိကာလင်္ကာရ၊ အသက်(၄၁) နှစ်၊ သိက္ခာ (၁၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၂၆၈) အရှင်ဣန္ဒကာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ (၁၂)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

**ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်း သဘောရေးဖြေအောင်**
**ဝိနယကောဝိဒ(၅) ပါး**

၁။ ပလ္လင်အမှတ်(၂၉၉) အရှင်ပညာနန္ဒ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၆)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၃၀၅) အရှင်စန္ဒဇောတိ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ၊ ရွှေတောင်ဦး တိပိဋကဓမ္မပါလမဟာဝိဟာရကျောင်းတိုက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၃၁၁) အရှင်ခေမာစာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ ရွှေနံ့သာစံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ်(၃၁၄) အရှင်စန္ဒောဘာသာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ၊ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ပလ္လင်အမှတ်(၃၁၅) အရှင်သောဘန၊ အသက်(၃၁)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**အာဂုံပြန်အောင်စာရင်း**
**သုတ္တန္တပိဋက၊ ဒီဃနိကာယ် သုံးကျမ်း အာဂုံအောင်**
**ဒီဃဘာဏက (၈)ပါး**

၁။ ပလ္လင်အမှတ် (၃) အရှင်ပညိန္ဒ (မုံရွာ)၊ အသက် (၃၈)နှစ်၊ သိက္ခာ (၁၉)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၄) အရှင်ခေမာသိရီလင်္ကာရ၊ အသက် (၃၇)နှစ်၊ သိက္ခာ (၁၇)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ အနီးစခန်း၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၅) အရှင်ဝိနယ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၆)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ် (၆) အရှင်ပညာဇောလင်္ကာရ၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၃)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၇) အရှင်အဂ္ဂဉာဏာလင်္ကာရ၊ အသက် (၃၂)နှစ်၊ သိက္ခာ (၁၂)ဝါ၊ ဆင်ဖြူကျောင်းတိုက်၊ မော်လမြိုင်မြို့ မွန်ပြည်နယ်

၆။ ပလ္လင်အမှတ် (၁၀) အရှင်အာစာရာလင်္ကာရ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၅)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ပလ္လင်အမှတ် (၁၁) အရှင်အစ္စရိယ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၅)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ပလ္လင်အမှတ် (၁၂) အရှင်ခေမိဿရ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၀)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ ရွှေနံ့သာစံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းအာဂုံအောင်**
**ဝိနယဓရ (၂၅)ပါး**

၁။ ပလ္လင်အမှတ်(၁၆) အရှင်နန္ဒိယ(ရွှေတောင်)၊ အသက် (၃၄)နှစ်၊ သိက္ခာ (၁၄) ဝါ၊ တိပိဋကစုဆန်းလီကျောင်းတိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၂၀) အရှင်သောဘဏ၊အသက် (၃၂)နှစ်၊ သိက္ခာ(၁၃)ဝါ၊ တိပိဋကစုဆန်းလီကျောင်းတိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၂၆) အရှင်သောဘန၊ အသက် (၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၄။ ပလ္လင်အမှတ်(၂၇) အရှင်အဂ္ဂဓမ္မ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ်(၃၀) အရှင်သီလာဝုဓာလင်္ကာရ၊ အသက် (၃၂)နှစ်၊ သိက္ခာ (၁၁)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ပလ္လင်အမှတ်(၃၃) အရှင်သိရီဓမ္မ၊ အသက် (၃၂)နှစ်၊ သိက္ခာ (၁၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊စစ်ကိုင်းတိုင်းဒေသကြီး

၇။ ပလ္လင်အမှတ်(၃၉) အရှင်ကုမာရ(ဖျာပုံ)၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၈။ ပလ္လင်အမှတ်(၄၆) အရှင်သုဇန၊ အသက် (၃၀)နှစ်၊ သိက္ခာ (၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၉။ ပလ္လင်အမှတ်(၄၇) အရှင်ဝီရိယာလင်္ကာရ၊ အသက် (၂၉)နှစ်၊ သိက္ခာ (၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၀။ ပလ္လင်အမှတ် (၄၈) အရှင်စန္ဒသာရာလင်္ကာရ၊ အသက် (၂၈) နှစ်၊ သိက္ခာ (၈)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ပလ္လင်အမှတ် (၅၆) အရှင်မဏ္ဍလာလင်္ကာရ၊ အသက် (၂၆) နှစ်၊ သိက္ခာ (၆) ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၁၂။ ပလ္လင်အမှတ် (၆၂) အရှင်ဓမ္မာနန္ဒာလင်္ကာရ၊ အသက် (၃၄) နှစ်၊ သိက္ခာ (၁၃) ဝါ၊ ရွှေတောင်ဦးတိပိဋကဓမ္မပါလ မဟာဝိဟာရကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၃။ ပလ္လင်အမှတ်(၆၄) အရှင်ဝိလာသဂ္ဂ၊ အသက် (၃၄) နှစ်၊ သိက္ခာ(၁၃) ဝါ၊ အောင်မင်္ဂလာပရိယတ္တိစာသင်တိုက်၊ အုန်းတောရွာ၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၄။ ပလ္လင်အမှတ် (၆၅) အရှင်သီလာစာရာလင်္ကာရ၊ အသက် (၃၃) နှစ်၊ သိက္ခာ (၁၃) ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၁၅။ ပလ္လင်အမှတ် (၇၀) အရှင်သောဘန (သရက်)၊ အသက် (၃၂) နှစ်၊ သိက္ခာ (၁၂) ဝါ၊ တိပိဋကစုဆန်းလီကျောင်းတိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆။ ပလ္လင်အမှတ် (၇၂) အရှင်ဥတ္တရာလင်္ကာရ၊ အသက် (၃၂) နှစ်၊ သိက္ခာ (၁၁) ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၁၇။ ပလ္လင်အမှတ် (၇၄) အရှင်တေဇနိယ၊ အသက် (၃၃) နှစ်၊ သိက္ခာ (၁၁) ဝါ၊ တိပိဋကစုဆန်းလီကျောင်းတိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၈။ ပလ္လင်အမှတ် (၇၆) အရှင်ဝါသဝ၊ အသက် (၂၉) နှစ်၊ သိက္ခာ(၁၀)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

*(ဆက်လက်ဖော်ပြပါမည်)*

# ပဲခူးမြို့တွင် ကလေးစာပေပွဲတော်ကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး



**ပဲခူး ဇန်နဝါရီ ၂၉**

ပဲခူးမြို့ ပဲခူးတက္ကသိုလ်၌ ကလေးစာပေပွဲတော် ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ တော်ဝင်ဟံသာခန်းမ၌ ယနေ့ နံနက် ၁၁ နာရီခွဲက ကျင်းပသည်။ **(ယာပုံ)**

**ပူးပေါင်းပါဝင်ဆောင်ရွက်စေလို**

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ကလေးစာပေပွဲတော်များအား တက္ကသိုလ်များ၊ ဘွဲ့နှင်းသဘင်ခန်းမများတွင် ကျင်းပရခြင်းမှာ ကလေးသူငယ်များအနေဖြင့် တက္ကသိုလ်ပရဝဏ်နှင့် ထိတွေ့မှု ရရှိပြီး အားကျအတုယူစေရန် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ကလေးစာပေပွဲတော်များကို အောင်မြင်စွာ ကျင်းပနိုင်ခြင်းမှာ မိမိတို့ဝန်ကြီးဌာနနှင့်အတူ ပညာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့များအပြင် ရပ်မိရပ်ဖများ၊ စေတနာရှင် အလှူရှင်များ ပူးပေါင်းပါဝင် ဆောင်ရွက်မှုကြောင့် ကျင်းပနိုင်ခြင်းဖြစ်ရာ အလားတူ ဆက်လက်၍လည်း ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြစေလိုပါကြောင်း၊ ယခု ကျင်းပမည့် ကလေးစာပေပွဲတော်တွင် ကျောင်းသား ကျောင်းသူဟောင်းများ၊ ရပ်မိရပ်ဖများ ပါဝင်စေရန် ဖိတ်ကြားဆောင်ရွက်သွားစေလိုပါကြောင်း၊ ပြခန်းများခင်းကျင်း ပြသရာတွင်လည်း ဌာနဆိုင်ရာပြခန်းများနှင့် တက္ကသိုလ်ဆိုင်ရာ ပြခန်းများအပြင် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ ပူးပေါင်းပါဝင်အောင် ဖိတ်ကြားဆက်သွယ်ဆောင်ရွက်သွားစေလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ကလေးစာပေပွဲတော် (ပဲခူး) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က လိုအပ်သည်များ ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

**အစီအစဉ်များ ဆွေးနွေးတင်ပြ**

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်ဆေးက ကလေးစာပေပွဲတော် (ပဲခူး) ကျင်းပရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ကလေးစာပေပွဲတော် ကျင်းပမည့် အစီအမံများကို လည်းကောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်းက ကလေးစာပေပွဲတော် အောင်မြင်ခမ်းနားစွာ ကျင်းပနိုင်စေရေး လုပ်ငန်းစီမံချက်ရေးဆွဲထားမှုကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများက ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းတို့သည် အဖွဲ့ဝင်များနှင့်အတူ ကလေးစာပေပွဲတော်ကျင်းပမည့် ပဲခူးတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုကြသည်။

ကလေးစာပေပွဲတော် (ပဲခူး) ကို ပဲခူးတက္ကသိုလ်၌ မတ် ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်(ပဲခူး)**



# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဂျပန်- မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၉**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ယနေ့ ညနေ ၄နာရီခွဲက ဂျပန်- မြန်မာ ချစ်ကြည်ရေးအသင်း (Japan – Myanmar Association) ဥက္ကဋ္ဌ Mr. Hideo Watanabe နှင့် အဖွဲ့အား နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကဏ္ဍများတွင် ဂျပန်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံရေးနှင့် စပ်လျဉ်း၍ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**သတင်းစဉ်**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ရေမိုင်နှစ်ဖက်ညှိနှိုင်းလှည့်ကင်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၉**

မောင်တောမြို့နယ် နယ်မြေ(၇) ရှေ့တန်း အမှတ်(၁)လုံခြုံရေးရဲတပ်ဖွဲ့ ခွဲ မကျီးချောင်းနယ်မြေရုံးမှ ဒုတိယရဲမှူး ကျော်သက်ဦး ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ရေယာဉ်တပ်ဖွဲ့စု (မောင်တော)မှ ငါးမန်းအမြန်သွားတိုက်ခိုက်ရေးရေယာဉ် အမှတ်(၀၀၅)ပါနှစ်စင်းဖြင့်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၂)ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ် Shahparirdip ကင်းစခန်းမှ Subedar Md. Najrul Islam ဦးဆောင်သည့် အဖွဲ့ဝင်များသည် စက်တပ်ရေယာဉ်နှစ်စင်းဖြင့်လည်းကောင်း စုစုပေါင်းလေးစင်းတို့သည် ဇန်နဝါရီ ၂၈ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က မကျီးချောင်း ချောင်းဝထိပ် နတ်မြစ် မြစ်လယ်ရှိ နှစ်နိုင်ငံနယ်နိမိတ်အနီး ရေမိုင်အမှတ် (၂) မှ အောင်ဗလချောင်းဝထိပ် ရေမိုင်အမှတ်(၅) အထိ နတ်မြစ်ကြောင်းအတိုင်း ရေမိုင်နှစ်ဖက်ညှိနှိုင်း ကင်းလှည့်ခဲ့ပြီး ရေယာဉ်အမှတ်(၀၀၅) ပေါ်၌ နှစ်ဖက်ညှိနှိုင်း ကင်းလှည့်သည့်အဖွဲ့များတွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၂၉**

ထူးခြားသည့်ညအပူချိန်များမှာ ဟဲဟိုးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ ညောင်ရွှေမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်၊ သီပေါမြို့နှင့် ပင်လောင်းမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီနှင့် နောင်ချိုမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မော်လိုက်မြို့တွင် ၀ ဒသမ ၂၄ လက်မဖြစ်သည်။

**မိုး/ဇလ**

# လန်ချန်း - မဲခေါင် ဒေသတွင်းရှိ အနုပညာရှင်လူငယ်များ ရိုးရာပန်းချီရေးဆွဲခြင်းနှင့် လက်မှုပညာအရုပ်များ ဖန်တီးပြုလုပ်ခြင်း အစီအစဉ်များဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၂၉**

မန္တလေးမြို့တွင် ဇန်နဝါရီ ၂၇ ရက်မှ ၃၁ ရက်အထိ ကျင်းပလျက်ရှိသည့် လန်ချန်း - မဲခေါင် ဒေသတွင်းရှိ အနုပညာရှင်လူငယ်များ တွေ့ဆုံပွဲသို့ ရောက်ရှိနေကြသည့် ဒေသတွင်းအဖွဲ့ဝင် ခြောက်နိုင်ငံမှ အနုပညာရှင်လူငယ်များသည် ယနေ့တွင် ရိုးရာပန်းချီရေးဆွဲခြင်း၊ လက်မှုပညာအရုပ်များ ဖန်တီးပြုလုပ်ခြင်းနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)သို့ သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

အဆိုပါ အနုပညာရှင်လူငယ်များအဖွဲ့သည် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့သို့ သွားရောက်ကာ အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း ရိုးရာပန်းချီရေးဆွဲခြင်း၊ လက်မှုပညာအရုပ်များ ဖန်တီးပြုလုပ်ခြင်းနှင့် စုပေါင်းသီချင်း ရေးသားစပ်ဆိုကာ အကလေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ပိတ်ချင်းမြောင် ရေတံခွန်ကိုလည်း သွားရောက်လေ့လာကြကြောင်း သိရသည်။

ညနေပိုင်းတွင် လူငယ်အနုပညာရှင်များအဖွဲ့သည် မန္တလေးမြို့ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(မန္တလေး)သို့ သွားရောက်လေ့လာရာ တက္ကသိုလ်နှင့် ပတ်သက်၍ ပါမောက္ခချုပ် ဒေါ်ခင်ကြည်ပြာက ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်အနုပညာရှင်များအဖွဲ့သည် အနုပညာတက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကာ အမှတ်တရ သစ်ပင်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ယနေ့ပြုလုပ်သည့် အစီအစဉ်တွင် ပန်းချီရေးဆွဲခြင်းနှင့် ရိုးရာလက်မှုပညာရပ်ဖြင့် အရုပ်များ ဖန်တီးပြုလုပ်မှုကဏ္ဍတွင် ပါဝင်သည့် တရုတ်နိုင်ငံမှ လူငယ်အနုပညာရှင်တစ်ဦးက "ဒီတွေ့ဆုံပွဲကို တရုတ်နိုင်ငံ ကိုယ်စားပြုတက်ရောက်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ဒီနေ့အစီအစဉ်မှာ ကျွန်မတို့အဖွဲ့က ပန်းချီရေးဆွဲခြင်းနဲ့ ရိုးရာအရုပ်တွေ ဖန်တီးပြုလုပ်ခဲ့ပါတယ်။ ပြင်ဦးလွင်ကို လာတဲ့လမ်းတစ်လျှောက်မှာ မြင်ကွင်းတွေက သာယာလှပတဲ့အတွက် ပျော်ရွှင်မိပါတယ်" ဟု ပြောကြားသည်။

ညပိုင်းတွင် လန်ချန်း - မဲခေါင်ဒေသတွင်းရှိ အနုပညာရှင်လူငယ်များသည် မန္တလေးမြို့ရှိ ကန်တော်ကြီးဥယျာဉ်တွင် မီးပုံးပျံလွှတ်တင်ခြင်းနှင့် ရိုးရာကစားနည်းအစီအစဉ်များကို ပျော်ရွှင်စွာ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



**လန်ချန်း - မဲခေါင် ဒေသတွင်းရှိ အနုပညာရှင်လူငယ်များ တွေ့ဆုံပွဲတွင် ဒေသတွင်းအဖွဲ့ဝင်ခြောက်နိုင်ငံမှ အနုပညာရှင်လူငယ်များ ရိုးရာပန်းချီ ရေးဆွဲနေကြစဉ်။**

# မြန်မာနိုင်ငံဟာ အကောင်းဆုံးနယ်နိမိတ်ဖြစ်ပြီး အာရှတိုက်တစ်ခုလုံးရဲ့ အချက်အချာနေရာမှာ တည်ရှိနေ အခြေခံအဆောက်အဦတွေ ကောင်းမွန်နေရင် ကောင်းမွန်စွာ အသုံးချနိုင်မှာဖြစ်

## Invest Myanmar Summit 2019 တွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် တွေ့ဆုံခြင်းအစီအစဉ်

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တို့ ပူးပေါင်းကျင်းပသည့် Invest Myanmar Summit 2019 (IMS) ဒုတိယနေ့ဖြစ်သည့် ယနေ့ နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် တွေ့ဆုံခြင်းအစီအစဉ်တစ်ရပ်ကို ကျင်းပခဲ့သည်။ အဆိုပါ တွေ့ဆုံခြင်းအစီအစဉ်တွင် YGA Capital Limited မှ အမှုဆောင်ညွှန်ကြားရေးမှူး ဦးသူရကိုကိုက စီစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ခဲ့သည်။ ယင်းဆွေးနွေးချက်များမှ ကောက်နုတ်ချက်များကို ဖော်ပြလိုက်ပါသည်-**

**မေး ။ ။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန (Ministry of Investment and Foreign Economic Relations-MIFER) ဖွဲ့စည်းခဲ့တာ ရက်သတ္တ ၁၀ ပတ်ရှိခဲ့ပြီ ဖြစ်ပါတယ်။ MIFER ရဲ့ ဦးစားပေးအစီအစဉ်တွေနဲ့ ပတ်သက်ပြီး သိလိုပါတယ်။**

ဖြေ ။ ။ ကျွန်တော်တို့ဝန်ကြီးဌာနဟာ မြန်မာနိုင်ငံကို ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုဝင်ရောက်လာဖို့အတွက် အလေးထား လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ ရင်းနှီးမြှုပ်နှံသူတွေအတွက် အဆင်ပြေအောင် ညှိနှိုင်းပေးသူအဖြစ် လုပ်ဆောင်ပေးမှာ ဖြစ်ပါတယ်။

World Economic Forum တက်အပြီး ဒါးဗို့စ်ကနေ ကျွန်တော်ပြန်လာတဲ့အချိန် လေယာဉ်ပေါ်မှာ အခုတက်ရောက်လာသူထဲက တချို့ကို တွေ့ခဲ့ပါတယ်။ အခုလို မိမိနဲ့အတူ မြန်မာနိုင်ငံကို လိုက်ပါလာတဲ့အတွက်လည်း ဝမ်းမြောက်မိပါတယ်။ ဒါးဗို့စ်မှာ မြန်မာနိုင်ငံအကြောင်းကို ကမ္ဘာ့အသိုင်းအဝိုင်းထဲမှာ ရှင်းလင်းပြသနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ဆောင်ရွက်ချက်တွေနဲ့ ပတ်သက်လို့ မြန်မာနိုင်ငံဟာ စီးပွားရေးလုပ်ငန်းတွေ လုပ်ဆောင်နိုင်ဖို့ တံခါးဖွင့်ပေးထားတယ်။ ပြီးတော့ ကမ္ဘာ့အခင်းအကျင်းနဲ့ လိုက်လျောညီထွေဖြစ်မယ့် လိုအပ်တဲ့ ပြောင်းလဲမှုတွေ လုပ်ဆောင်နေတယ်ဆိုတာကို အသိပေးနိုင်ခဲ့ပါတယ်။ ယခု ပြုလုပ်ကျင်းပနေတဲ့ IMS ထိပ်သီးအစည်းအဝေးဟာ မြန်မာနိုင်ငံရဲ့ လက်တွေ့ဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို သိမြင်နိုင်မယ့် အခွင့်အလမ်းတစ်ခုပဲ ဖြစ်ပါတယ်။

### စတုတ္ထမြောက် စက်မှုတော်လှန်ရေးဟာ သက်ရောက်မှုရှိ

ယနေ့ ကမ္ဘာကြီးဟာ နည်းလမ်းမျိုးစုံနဲ့ ပြောင်းလဲနေပါတယ်။ လက်ရှိဦးတည်နေတဲ့ စတုတ္ထမြောက် စက်မှုတော်လှန်ရေးဟာ ကျွန်တော်တို့နိုင်ငံအပေါ်မှာ နည်းလမ်းမျိုးစုံနဲ့ အကျိုးသက်ရောက်မှုရှိနေပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံဟာလည်း ပြုပြင်ပြောင်းလဲဖို့အတွက် ပြင်ဆင်နေပါတယ်။

ကျွန်တော်တို့အနေနဲ့ စီးပွားရေးကဏ္ဍရဲ့ပြုပြင်ပြောင်းလဲမှုတွေမှာ ပါဝင်လုပ်ဆောင်နေပါတယ်။ ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုဝင်ရောက်လာရင် ကျွန်တော်တို့နိုင်ငံအတွက် တိုးတက်မှုတွေ ပိုမိုရှိလာမယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် ဥပဒေရေးရာ မူဘောင်တွေကို ပြောင်းလဲဖို့ လိုအပ်ပါတယ်။ ဥပဒေရေးရာမူဘောင်ရဲ့ ပြုပြင်ပြောင်းလဲမှုမှာ သိသာထင်ရှားတဲ့ ပြောင်းလဲမှုကတော့ ဒစ်ဂျစ်တယ်နည်းပညာတွေကို အသုံးပြုလာတာ ဖြစ်ပါတယ်။

MIFER ဝန်ကြီးဌာနရဲ့ ဦးစားပေးအစီအစဉ်တွေကို ပြောပြရမယ်ဆိုရင် ပထမဦးစားပေးကတော့ မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်တဲ့ နေရာမှာလွယ်ကူဖို့ ဖြစ်ပါတယ်။ လုပ်ငန်းရှင်များအနေနဲ့ ကမ္ဘာ့ဘဏ်က ညွှန်းကိန်းတွေကိုကြည့်လိုက်ရင် တချို့က မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ရတာဟာ မလွယ်ဘူးလို့ ဖော်ပြထားပါတယ်။ ဒါကြောင့် လွန်ခဲ့တဲ့ လအနည်းငယ်အတွင်း မိမိတို့ဟာ မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်တဲ့ နေရာမှ

သာ ယခုထက် လွယ်ကူစေဖို့အတွက် ပြုပြင်ပြောင်းလဲမှုတွေကို လုပ်ဆောင်နေပါတယ်။

ကျွန်တော်တို့ လုပ်ဆောင်မယ့် ဒုတိယဦးစားပေးကတော့ Standard Operating Procedures (SOPs) ရေးဆွဲနေခြင်း ဖြစ်ပါတယ်။ SOP ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။ SOP မှာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများအပါအဝင် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာမှာ လွယ်ကူချောမွေ့စေဖို့ အစိုးရဌာနများရဲ့ လုပ်ထုံးလုပ်နည်းတွေကို ပြန်လည်သုံးသပ်ပြီး ပြုပြင်ပြောင်းလဲခြင်းဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်ခြင်းအားဖြင့် ကျွန်တော်တို့အနေနဲ့ ရိုးရှင်းပြီး ခန့်မှန်းနိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ ဆက်စပ်တဲ့ဝန်ဆောင်မှုတွေ ပေးတဲ့နေရာမှာ ပြတင်းတစ်ပေါက် Single Window နည်းလမ်းတည်ထောင်သွားနိုင်ဖို့လည်း လမ်းကြောင်းပေးနိုင်မှာ ဖြစ်ပါတယ်။

တတိယဦးစားပေးကတော့ မြေယာဘဏ်တည်ထောင်ခြင်း ဖြစ်ပါတယ်။ မြေယာဘဏ် တည်ထောင်ခြင်းဟာဆိုရင် ရင်းနှီးမြှုပ်နှံသူတွေနဲ့ မြေယာအရင်းအမြစ်တွေကို ထိရောက်ပြီး ပွင့်လင်းမြင်သာတဲ့ နည်းလမ်းနဲ့ ဆက်သွယ်ရာမှာ အထောက်အကူပြုပါတယ်။ မြေယာကိစ္စဟာဆိုရင် ရင်းနှီးမြှုပ်နှံသူတွေက ကျွန်တော်တို့ တင်ပြတဲ့ အဓိကအဟန့်အတားတွေထဲက တစ်ခုဖြစ်သလို မိမိတို့အနေနဲ့ မြန်မြန်ဆန်ဆန် တိုးတက်မှုရှိအောင် လုပ်နိုင်တဲ့ နယ်ပယ်တစ်ခုလည်း ဖြစ်ပါတယ်။

**မေး ။ ။ စတုတ္ထမြောက် စက်မှုတော်လှန်ရေးဟာ ဘယ်လောက်အထိ အကျိုးသက်ရောက်နိုင်ပါသလဲ၊ အဆင့်တွေကို ကျော်လွှားနိုင်ပါ့မလား၊ ကျွန်တော်တို့အနေနဲ့ ဘယ်လောက် အကျိုးအမြတ်ရနိုင်မလဲဆိုတာ ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ။ တိရစ္ဆာန်တွေရဲ့စွမ်းအားကိုအသုံးပြုတဲ့ ပထမစက်မှုခေတ်ပြောင်းတော်လှန်ရေး၊ mass production ဖြစ်တဲ့ ဒုတိယမြောက် စက်မှုခေတ်ပြောင်းတော်လှန်ရေး၊ ဒစ်ဂျစ်တယ်နည်းပညာတွေ ထွန်းကားလာတဲ့ တတိယမြောက် စက်မှုခေတ်ပြောင်း တော်လှန်ရေးတွေပြီးတဲ့နောက် စက်ရုပ်တွေနဲ့ automation ကို အသုံးပြုလာတဲ့ စတုတ္ထမြောက် စက်မှုခေတ်ပြောင်းတော်လှန်ရေး ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒီစတုတ္ထမြောက် စက်မှုခေတ်ပြောင်းတော်လှန်ရေးမှာ ကျွန်တော်တို့ဟာ နောက်ကျကျန်ခဲ့လို့ မဖြစ်ပါဘူး။

### ခုန်ကျော်ပြီး အသွင်ကူးပြောင်းရမှာဖြစ်

မြန်မာနိုင်ငံဟာ အခြေအနေအရပ်ရပ်ကြောင့် တံခါးဖွင့်ဝါဒ ကျင့်သုံးနိုင်ခဲ့ခြင်းမရှိဘဲ၊ ဒုတိယစက်မှုတော်လှန်ရေးကို အပြည့်အဝ အကောင်အထည်မဖော်နိုင်ခဲ့ဘဲ တတိယစက်မှုတော်လှန်ရေးဖြစ်တဲ့ ဒစ်ဂျစ်တယ်ပြောင်းလဲမှုနဲ့လည်း လွဲချော်ခဲ့ပါတယ်။ စတုတ္ထမြောက် စက်မှုခေတ်ပြောင်းတော်လှန်ရေးကို လိုက်ပါနိုင်ဖို့ဆိုရင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောခဲ့တဲ့အတိုင်းပြောရမယ်ဆိုရင် မြန်မြန်ဆန်ဆန်နဲ့ ပြေးရုံတင်မကတော့ဘဲ quantum leap လို ခုန်ကျော်ပြီး အသွင်ကူးပြောင်း

> ❐ **ရခိုင်ပြည်နယ် ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို အဖြေရှာရာမှာ ဖိအားပေးခြင်း၊ အပြစ်တင် ဝေဖန်နေခြင်းတို့ထက် ဝိုင်းဝန်းကူညီခြင်းက ပိုမိုထိရောက်မှု ရှိစေပါတယ်။**
>
> ◆ **ရင်းနှီးမြှုပ်နှံသူများအနေနဲ့လည်း ရခိုင်ပြည်နယ်မှာ ရင်းနှီးမြှုပ်နှံဖို့ အထူးသဖြင့် စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်ငန်း၊ ပညာရေးနဲ့ ကျန်းမာရေး ကဏ္ဍများမှာ အလေးထားဆောင်ရွက်သွားကြဖို့ တိုက်တွန်းလိုပါတယ်။**



ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဖြေကြားစဉ်။

ရမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ လူငယ်တွေဟာ စတုတ္ထမြောက် စက်မှုခေတ်ပြောင်းတော်လှန်ရေးအတွက် အနာဂတ်ပဲ ဖြစ်ပါတယ်။ Robotic Olympic မှာ ၁၆၃ အနက် အဆင့် ၆ ရှိခဲ့တဲ့ အောင်မြင်မှုဟာ မြန်မာနိုင်ငံ အောင်မြင်မှုရဲ့ ပြယုဂ်တစ်ခု ဖြစ်ပါတယ်။ မြန်မာနိုင်ငံလူဦးရေရဲ့ ထက်ဝက်ကျော်ဟာ အသက် ၃၀ အောက် လူငယ်တွေ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ဆက်သွယ်ရေးနည်းပညာတွေဟာ လျင်မြန်စွာ တိုးတက်လျက်ရှိပြီး ၎င်းတို့နဲ့ ဆက်စပ်တဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေလည်း ဖွံ့ဖြိုးလာနေပြီ ဖြစ်ပါတယ်။ ငွေရေးကြေးရေးဆိုင်ရာ နည်းပညာတွေဖြစ်တဲ့ fin-tech လုပ်ငန်းတွေ မြန်မာနိုင်ငံမှာလုပ်ဆောင်နေပြီ ဖြစ်ပါတယ်။ ဥပမာတယ်လီနော၊ FMI နဲ့ ရိုးမဘဏ်တို့ပေါင်းပြီး လုပ်ဆောင်တဲ့ WaveMoney ဟာဆိုရင် အောင်မြင်မှုရရှိနေပြီ ဖြစ်ပါတယ်။ အလားတူ KBZ Pay ဟာလည်း အချိန်တိုအတွင်း ပြည်သူလူထုက လက်ခံသုံးစွဲနေပြီ ဖြစ်ပါတယ်။

**မေး ။ ။ ဆက်သွယ်ရေးလုပ်ငန်းကို ဖွံ့ဖြိုးအောင်ဆောင်ရွက်ရာမှာ ပုဂ္ဂလိကလုပ်ပိုင်ခွင့်ပေးခြင်းဖြင့် တိုးတက်နိုင်စေခဲ့ပါတယ်။ အခြေခံအဆောက်အဦကဏ္ဍ အဆင့်မြှင့်ဖို့ အရေးကြီးပုံကို သိလိုပါတယ်။**

ဖြေ ။ ။ စိန်ခေါ်မှုတွေဟာ တကယ်တော့ အခွင့်အလမ်းတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြောင်းတတ်ဖို့ လိုပါတယ်။ မြန်မာနိုင်ငံအတွက် အခြေခံအဆောက်အဦပိုင်းမှာ စိန်ခေါ်မှုတွေ ရှိနေပါတယ်။ ဒါတွေဟာ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူတွေအတွက် ဝင်ရောက်လုပ်ကိုင်နိုင်တဲ့ အဖိုးတန်အခွင့်အလမ်းတစ်ခုလည်းပဲ ဖြစ်ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံဟာ အကောင်းဆုံးနယ်နိမိတ်ဖြစ်ပြီး တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံကြားမှာ တည်ရှိပါတယ်။ ဒါ့အပြင် ပထဝီဝင်အနေအထားအရ အာရှတိုက်တစ်ခုလုံးရဲ့ သယ်ယူပို့ဆောင်ရေး အချက်အချာနေရာမှာ တည်ရှိနေပါတယ်။ ဒါကြောင့် အခြေခံအဆောက်အဦတွေ ကောင်းမွန်နေရင် မြန်မာနိုင်ငံရဲ့ အချက်အချာကျမှုကို ကောင်းမွန်စွာ အသုံးချနိုင်မှာ ဖြစ်ပါတယ်။ ဆက်သွယ်ရေးကဏ္ဍမှာ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး အခြေခံအဆောက်အဦကဏ္ဍကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါတယ်။

**မေး ။ ။ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံနဲ့ ပတ်သက်လို့ ပြည်ထောင်စုဝန်ကြီးရဲ့ အမြင်ကိုလည်း ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ Belt and Road Initiative နဲ့ ပတ်သက်ပြီး ပြောကြားလိုပါတယ်။ တရုတ်နိုင်ငံရဲ့ အင်အားကြီးမားလာမှုဟာ ကျွန်တော်တို့အတွက် အခက်အခဲမဟုတ်ပါဘူး။ ဒေသတွင်း ထိပ်တိုက်ရင်ဆိုင်ခြင်းမဟုတ်ဘဲ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

လွတ်လပ်ရေးရပြီးကာလ နောက်ပိုင်းကတည်းက မြန်မာနိုင်ငံဟာ အခြားနိုင်ငံများနဲ့ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခဲ့ပါတယ်။ တရုတ်၊ အိန္ဒိယနဲ့လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

### ရေနက်ဆိပ်ကမ်းစီမံကိန်းများ ဆောင်ရွက်လျက်ရှိ

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံအောက်မှာပါတဲ့ ကျောက်ဖြူအထူးစီးပွားရေးဇုန်၊ ရေနက်ဆိပ်ကမ်းစီမံကိန်းကို တရုတ်နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ win-win solution ရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါတယ်။ ရေနက်ဆိပ်ကမ်းကိစ္စအတွက်လည်း လက်တွေ့ဆောင်ရွက်ဖို့နဲ့ လိုအပ်ချက်တွေ ပြည့်မီအောင် ဆောင်ရွက်ဖို့လိုအပ်နေပါတယ်။ စစ်တွေဆိပ်ကမ်းကို အိန္ဒိယနဲ့ ပူးပေါင်းပြီး အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ ရခိုင်ပြည်နယ်နဲ့ ပတ်သက်လို့ ရင်းနှီးမြှုပ်နှံမှုအသိုက်အဝန်းမှာ စိုးရိမ်မှုများ ဖြစ်ပေါ်လျက်ရှိပါတယ်။ အစိုးရရဲ့ဆောင်ရွက်မှုများကိုလည်း ရှင်းပြပေးပါဦး ။**

ဖြေ ။ ။ ရခိုင်ပြည်နယ်ရဲ့ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်ကို အစိုးရအနေနဲ့ သိရှိခဲ့ပါတယ်။ လက်ရှိအစိုးရ အာဏာရရှိပြီးချိန်မှာ ရခိုင်ပြည်နယ်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးရေးဗဟိုကော်မတီကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဦးဆောင်ပြီး ဖွဲ့စည်းခဲ့ပါတယ်။ ဒါ့အပြင် ရခိုင်ပြည်နယ်တွင်း စိန်ခေါ်မှုများကို အခြေခံကျကျ ဖြေရှင်းနိုင်ဖို့ ကိုဖီအာနန်ဦးဆောင်တဲ့ ရခိုင်အကြံပေးကော်မရှင်နဲ့ ဖွံ့ဖြိုးမှုလုပ်ငန်းများကို လုပ်ဆောင်နိုင်ဖို့ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) တို့ကို စနစ်တကျ ဖွဲ့စည်းခဲ့ပါတယ်။

### နိုင်ငံရဲ့တည်ငြိမ်ရေးနဲ့ လုံခြုံရေးဟာ အဓိကဖြစ်

သို့သော်လည်း အကြမ်းဖက်မှုတွေကြောင့် အဆိုပါလုပ်ငန်းစဉ်များ ထိခိုက်ခဲ့ရပါတယ်။ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်တာဝန်ကို ပူးတွဲထမ်းဆောင်နေတဲ့ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံရဲ့ တည်ငြိမ်ရေးနဲ့ လုံခြုံရေးဟာ အဓိကဖြစ်ပါတယ်။ ရခိုင်ပြည်နယ် ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို အဖြေရှာရာမှာ ဖိအားပေးခြင်း၊ အပြစ်တင်ဝေဖန်နေခြင်းတို့ထက် ဝိုင်းဝန်းကူညီခြင်းက ပိုမိုထိရောက်မှုရှိစေပါတယ်။ တာဝန်ခံမှု တစ်ခုတည်းအပေါ် အာရုံထားနေလို့ မရပါဘူး။ ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းလုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

ရင်းနှီးမြှုပ်နှံသူများအနေနဲ့လည်း ရခိုင်ပြည်နယ်မှာ ရင်းနှီးမြှုပ်နှံဖို့ အထူးသဖြင့် စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်ငန်း၊ ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍများမှာ အလေးထား ဆောင်ရွက်သွားကြဖို့ တိုက်တွန်းလိုပါတယ်။ ရခိုင်ပြည်နယ်ဟာ မြေသြဇာကောင်းမွန်တဲ့ ဒေသတစ်ခုဖြစ်ပြီး တစ်ချိန်က မြန်မာနိုင်ငံရဲ့ဆန်အိုးကြီးဖြစ်ခဲ့ပါတယ်။ လာမယ့် ဖေဖော်ဝါရီလမှာ ကျင်းပမယ့် ရခိုင်ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို တက်ရောက်ဖို့လည်း တိုက်တွန်းပြောကြားလိုပါတယ်။ ရခိုင်ပြည်နယ်တစ်ခုလုံးမှာ လုံခြုံရေးပြဿနာ ရင်ဆိုင်နေရတာ မဟုတ်ပါဘူး။ ရခိုင်ပြည်နယ်မှာ မြို့နယ်ပေါင်း ၁၇ မြို့နယ်အနက် သုံးမြို့နယ်မှာသာ လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုတွေရှိနေပြီး ကျန်ဒေသများမှာ အေးချမ်းတည်ငြိမ်နေပါတယ်။ ။

**သတင်းအဖွဲ့**

## မအီမြို့နှင့် အနီးပတ်ဝန်းကျင် မြို့နယ် ကျေးရွာများမှ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသ

**မအီ ဇန်နဝါရီ ၂၉**

မြောက်ဦးဆရာတော်ကြီး အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝါယာမိန္ဒ၏ သက်တော် (၆၀) ပြည့် မွေးနေ့ အထိမ်းအမှတ် စက္ခုဒါနအလှူအဖြစ် ရခိုင်ပြည်နယ် တောင်ကုတ်ခရိုင် မအီမြို့နှင့် အနီးပတ်ဝန်းကျင် မြို့နယ်များမှ မျက်စိဝေဒနာရှင်များအား မျက်စိအခမဲ့ ကုသပေးခြင်းကို ဇန်နဝါရီ ၂၁ ရက်မှ ၂၅ ရက်အထိ မအီမြို့ တိုက်နယ်ဆေးရုံအတွင်း ပြုလုပ်သည်။

အဆိုပါ ဆောင်ရွက်မှုကို ဦးအောင်မျိုးမင်းက ဦးဆောင်၍ ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးမှ တွဲဖက်ပါမောက္ခ ဒေါက်တာနီလာသိန်းနှင့် မျက်စိ အထူးကုဆရာဝန်များ၊ မေ့ဆေးဆရာဝန်ကြီး၊ သူနာပြုဆရာမများ၊ မျက်မှန်ကျွမ်းကျင် အင်ဂျင် နီယာများနှင့်အတူ ကျောက်ဖြူ၊ ရမ်းဗြဲ၊ တောင်ကုတ်၊ မာန်အောင်၊ အမ်း၊ မအီ၊ ငပလီ၊ သံတွဲ၊ တပ်တောင်မြောက်ဦး၊ မင်းပြား၊ မြေပုံ၊ စနဲ စသည့်မြို့နယ် ၁၃ မြို့နယ်တို့မှ မျက်စိဝေဒနာ ရှင် စုစုပေါင်း ၂၉၉၈ ဦးကို စမ်းသပ် ကုသပေးခဲ့ကြကာ အတွင်း တိမ်ဝေဒနာရှင် ၃၃၁ ဦးကို အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့ကြ သည်။



မျက်စိခွဲစိတ်မှုကို ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ဦးညီပုနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးခဲ့ပြီး အလှူ ငွေများပေးအပ်သည်။

ထို့အပြင် MCM ကုမ္ပဏီမှ ဝန်ထမ်းများနှင့် မြို့ခံလူမှု ရေးအသင်းအဖွဲ့များ ဖြစ်ကြသော သဟာရာကအသင်း၊ မေတ္တာရှင် လူမှုကူညီရေးအသင်းနှင့် လေးဝတီကုလရက္ခိတ အသင်း (ကျောက်ဖြူ) တို့ကလည်း လုပ်အားဒါနများ ပေးကြ ကြောင်း သိရသည်။

မျက်စိ အခမဲ့ခွဲစိတ်ကုသမှုအောင်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် ညပိုင်းတွင် မအီမြို့ မြောက်ဦးဆရာတော်၏ တောကျောင်းဝင်းအတွင်း၌ ကျင်းပရာ ဆရာတော်ကြီး၏ ရဟန်းမယ်တော်ကြီးဖြစ်သော ဒေါ်လှကြည်(မာမား)နှင့် အလှူ ရှင်များက အလှူငွေများပေးအပ်ပြီး အောင်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ ယူ-၂၂ အသင်းကို ပဏာမကစားသမား ၂၈ ဦးဖြင့် စတင်ဖွဲ့စည်း

**ရန်ကုန် ဇန်နဝါရီ ၂၉**

ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၇ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် ၂၀၁၉ အာဆီယံ ယူ-၂၂ ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ ယူ-၂၂ အသင်းကို ပဏာမကစားသမား ၂၈ ဦးဖြင့် စတင်ဖွဲ့စည်းလိုက်ပြီဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းတွင် **နည်းပြ ချုပ်**-ပိုပေ့ါဗ်၊ **လက်ထောက်နည်းပြ**-ဦးချစ်နိုင်၊ ဦးစိုးမြတ်မင်း၊ **ကြံ့ခိုင်ရေးနည်းပြ**-ဟွမ်ရိုမန်၊ **ဂိုးနည်းပြ** - ဦးအောင်ကျော်ကျော်၊ ကစားသမားများအဖြစ် **ဂိုး**-ဘုန်းသစ္စာမင်း (ရှမ်း)၊ ဆန်းဆက်နိုင် (ရန်ကုန်)၊ စိုးအာကာ (မကွေး)၊ ထွန်းနန္ဒဦး (မြဝတီ)၊ **နောက်တန်း**-ဝင်းမိုးကျော် (မကွေး)၊ စိုးမိုးကျော် (ရှောဝတီ)၊ အောင်ဝဏ္ဏစိုး (ဇွဲကပင်)၊ ရဲရင့်အောင် (ရတနာပုံ)၊ ထူးခန့်လွင်၊ သူရိန်စိုး (ရန်ကုန်)၊ ရဲမင်းသူ (ရှမ်း)၊ ဇင်ရဲနိုင် (အား/ကာသိပ္ပံ)၊ ဟိန်းဖြိုးဝင်း (ရှမ်း)၊ **အလယ်တန်း**-နန်းထိုက်ဇော်၊ လွင်မိုးအောင် (ရှောဝတီ)၊ ဧယျာနိုင်၊ မြတ်ထွန်းသစ်၊ ဇင်မင်းထွန်း (မကွေး)၊ မြတ်ကောင်းခန့်၊ အောင်နိုင်ဝင်း (ရတနာပုံ)၊ ဇွဲသက်ပိုင် (ရှမ်း)၊ အောင်ကိုဦး၊ ဇော်ဝင်းသိန်း (MFF ယူ-၁၉)၊ **ရှေ့တန်း** - ဝင်းနိုင်ထွန်း (ရတနာပုံ)၊ ထက်ဖြိုးဝေ (ရှမ်း)၊ ဟိန်းထက်အောင် (ဟံသာဝတီ)၊ ကောင်းထက်စိုး၊ လှမ်းမိုးဦး (ရန်ကုန်) တို့ ပါဝင်ကြသည်။ ယခု လူစာရင်းမှာ မြန်မာ ယူ-၂၂ အသင်း နည်းပြချုပ်သစ် ပိုပေ့ါဗ်လက်ထက် ပထမဆုံးထုတ်ပြန်သည့် လူစာရင်း လည်း ဖြစ်သည်။ ပိုပေ့ါဗ်သည် ကစားသမားများရွေးချယ်ရန် ပြည်တွင်းလိဂ်ပွဲများ ဖြစ်သည့် လူငယ်ပြိုင်ပွဲအပါအဝင် လိဂ်အားလုံးနီးပါး လိုက်လံကြည့်ရှုကာ အလားအလာရှိသည့် ကစားသမားအချို့ကိုပါ ရွေးချယ်ထားသည်။ ယခုဖွဲ့စည်း လိုက်သည့် ပဏာမလူစာရင်းတွင် ၂၀၁၈ ခုနှစ်က မြန်မာ ယူ-၂၂ အသင်းတွင် အမာခံကစားသမား များအဖြစ် ပါဝင်ကစားခဲ့သည့် ဝင်းနိုင်ထွန်း၊ မြတ်ကောင်းခန့်၊ ဆန်းဆက်နိုင်၊ ဘုန်းသစ္စာမင်း၊ လွင်မိုးအောင်၊ ဟိန်းထက်အောင်၊ စိုးမိုးကျော်နှင့် ဝင်းမိုးကျော်စသည့် ကစားသမားများ ပြန်လည်ပါဝင်လာသည်။

မြန်မာ ယူ-၂၂ အသင်းသည် ဖေဖော်ဝါရီ ၄ ရက်တွင် စခန်းဝင်လေ့ကျင့်မှု စတင်ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**ညီမြတ်သော်တာ**

## “တရုတ်မလေးကိုချစ်တယ် (ဝေါ်အိုက်နီ)” ရုပ်ရှင်ဇာတ်ကား ဖေဖော်ဝါရီ ၁ ရက်မှ စတင်၍ နိုင်ငံတစ်ဝန်းလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်

**ရန်ကုန် ဇန်နဝါရီ ၂၉**

“ခ” သုံးလုံး ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ပြီး ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး) ရိုက်ကူးထားသည့် “တရုတ်မလေးကိုချစ်တယ် (ဝေါ်အိုက်နီ)” ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲအဖြစ် ဇန်နဝါရီ ၂၈ ရက် ည ၇ နာရီ က ရန်ကုန်မြို့ရှိ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ စတင်၍ နိုင်ငံတစ်ဝန်းလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်သည်။



ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)




ထွန်းအိန္ဒြာဗိုလ်



ဝါဝါအောင်

ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး) က “တရုတ်မလေးနှစ်ယောက်ကို ချစ်မိသွားတဲ့ မြန်မာလူငယ်နှစ်ဦးရဲ့ အချစ်ဟာသ ဇာတ်လမ်းလေးပါ။ အမြင်မတူ ကွဲပြားနေတဲ့ ဟာသတစ်ခုကို တွေ့မြင်ရမှာပါ။ ဝတ်စားဆင်ယင်မှု ၊ အသုံးအဆောင် အပိုင်းတွေကို ပြင်ဦးလွင်မြို့ တရုတ်ဘုံကျောင်းက ဆရာ ဆရာမတွေနဲ့ တာဝန်ရှိသူတွေက အများကြီးကူညီပေးခဲ့ကြတာပါ” ဟုပြောသည်။

အဆိုပါဇာတ်ကားတွင် လူမင်း၊ ခန့်စည်သူ၊ ထွန်းအိန္ဒြာဗိုလ် ၊ ခိုင်သင်းကြည်၊ ဦးမိုးဒီ၊ ရှော၊ ငှက်ပျောကြော်၊ ဝက်မ၊ ဆင်မ၊ ငြိမ်းချမ်း၊ ပွင့်၊ ဝါဝါအောင်၊ မျောက်ရှုံး၊ ကျင်ဝှက်၊ အောင်သော်၊ အောင်မော်၊ ကြာစိ၊ နေလင်း၊ ကံပွင့်၊ စည်သူ (ပလပ်ကျွတ်) နှင့် အခြားသော အနုပညာရှင်များပါဝင်ထားပြီး ပျော်ရွှင်ရယ်မောဖွယ်ရာ ရိုက်ကူးထားသည့် အချစ်ဟာသ ရုပ်ရှင်ဇာတ်ကားကြီးဖြစ်သည်။

သရုပ်ဆောင် ထွန်းအိန္ဒြာဗိုလ်က “တရုတ်မိသားစုဝင်ထဲက သမီးကြီး တစ်ယောက်အနေနဲ့ ပါဝင်ထားတာပါ။ ဟာသကားလေးပါ။ မြန်မာစကားပဲပြောရတာပါ။ တရုတ်မိသားစုပုံစံရိုက်ကူးထားတဲ့အတွက် စကားပြောတဲ့ အခါမှာ တရုတ်သံဝဲဝဲလေးနဲ့ ပြောပေးထားရပါတယ်။ အတတ်နိုင်ဆုံးကြိုးစားခဲ့ပါတယ်။ တကယ်တမ်းက ဇာတ်ကားရိုက်ပြီးသွားတော့မှ တရုတ်သံကို ပီပီပြင်ပြင်ရခဲ့တော့တယ်” ဟု ပြောသည်။

သရုပ်ဆောင် ဝါဝါအောင်က “ဒီကားမှာ ကိုခန့်ရဲ့အစ်မနေရာကပါဝင်ထားတယ်။ နတ်ကို ကိုးကွယ်ယုံကြည်တဲ့ အပျိုကြီးတစ်ယောက်ပုံစံသရုပ်ဆောင်ထားတာပါ။ ဟာသကားဆိုပေမယ့် ဝတ်စားဆင်ယင်မှုတွေကို ထူးထူးခြားခြားလေးတွေ့မြင်ရမှာပါ။ တရုတ်မလေးတွေကို ချစ်မိသွားတဲ့ မြန်မာအမျိုးသားလေးတွေအကြောင်းကို ချစ်စရာကောင်းအောင် ရိုက်ကူးထားတာပါ။ တရုတ်နှစ်သစ်ကူးအမီ ဒီဇာတ်ကားလေးကို ရုံတင်ခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်” ဟု ပြောသည်။

နဖူးစာရွာလည် ထိုက်တဲ့သူဆယ် ဆိုသည့် ဆိုရိုးစကားအတိုင်း တစ်ဦးနှင့်တစ်ဦး ဖူးစာပါလာသည့်အခါ မည်သို့မျှ ရှောင်လွှဲ၍ မရကြောင်းကို ရုပ်ရှင်ချစ်ပရိသတ်များ ဘဝအမောပြေစေရန် ဟာသနှော၍ ရည်ရွယ်ရိုက်ကူးထားခြင်းဖြစ်သည်။

**သတင်း-ဇော်ကြီး**
**ဓာတ်ပုံ-ဖေဇော်**

● *ကျောဖုံးမှ*

ဖြစ်သည်။ မြန်မာအသင်းသည် ပြိုင်ပွဲဝင်အသင်းများအနက် အိန္ဒိယ၊ နီပေါအသင်းတို့နှင့် နိုဝင်ဘာလက ကျင်းပသည့် ၂၀၂၀ တိုကျိုအိုလံပစ်အမျိုးသမီးဘောလုံး ပထမအဆင့်ခြေစစ်ပွဲတွင် တွေ့ဆုံဖူးပြီး မြန်မာအသင်းက အိန္ဒိယကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရကာ နီပေါအသင်းနှင့် တစ်ဂိုးစီ သရေကျသည်။

မြန်မာအမျိုးသမီးအသင်းသည် ဧပြီပထမပတ်တွင်ကျင်းပမည့် အိုလံပစ် ဒုတိယအဆင့်ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေခြင်းဖြစ်ပြီး ယင်းခြေစစ်ပွဲမတိုင်မီပထမဆုံး နိုင်ငံတကာပြိုင်ပွဲ ယှဉ်ပြိုင်ခြင်းလည်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဒီဇင်ဘာ ၁၇ ရက်မှစ၍ ပဏာမကစားသမား ၂၉ ဦးဖြင့် လေ့ကျင့်ပြင်ဆင်ပြီး ပြီးခဲ့သည့် ရက်ပိုင်းက ၂၉ ဦးမှ ၂၅ ဦးသို့ လျှော့ချခဲ့ပြီး ဇန်နဝါရီ ၂၉ ရက်တွင် ပြိုင်ပွဲဝင်မည့် အပြီးသတ် ၂၀ ကို ရွေးချယ်ခြင်းဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**

### ပြင်ဆင်ဖတ်ရှုပါရန်

ဇန်နဝါရီလ ၂၉ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၁၆ ၊ ကော်လံ ၃ ပါ တွေ့ဆုံမေးမြန်းခန်းမှ MPRL E&P Country Manager ဦးစည်သူမိုးမြင့် ပြောကြားချက်တွင် E & A OSB project အစား M & A OSB project ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(မော်စီ၊ ထက်သူ)**

## မြန်မာတိုင်းရင်းသားအလှမယ် (၂၀၁၉) ရွေးချယ်ပွဲ နောက်ဆုံးအဆင့်ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၉**

ရန်ကုန်မြို့ကျိုက္ကဆံကွင်းအတွင်း၌ Miss Ethnic Myanmar 2019 ပြိုင်ပွဲကြီးကို ကျင်းပရာ ကချင်တိုင်းရင်းသားအလှမယ် M ဂျာဆိုင်းက Miss Ethnic Myanmar Winner ဆုကို ဆွတ်ခူးရရှိသည်။

သွေးချင်းတို့ရဲ့ ပွဲတော်ဆီအထိမ်းအမှတ်အဖြစ် ကျင်းပသည့် အဆိုပါ အလှမယ်ပြိုင်ပွဲတွင် တိုင်းရင်းသားလူမျိုး ရှစ်မျိုးသာမက ဓနု၊ ပအိုဝ်း၊ တအာင်း၊ နာဂ အစရှိသောတိုင်းရင်းသားကိုယ်စားလှယ် အလှမယ် ၄၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

Miss Ethnic Myanmar မှ ဒါရိုက်တာတစ်ဦးဖြစ်သူ မရန်ဆိုင်းနော်က ပွဲတော်ကျင်းပရခြင်းနှင့် ပတ်သက်၍ ပြောကြားရာတွင် “မြန်မာနိုင်ငံတိုင်းရင်းသားများရဲ့ ရိုးရာယဉ်ကျေးမှုဓလေ့နဲ့အတူ မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းကို မြှင့်တင်ဖို့နဲ့ တိုင်းရင်းသားတွေရဲ့စည်းလုံးညီညွတ်မှုနဲ့ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာမှာ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနဲ့ လက်တွဲပြီး ဖော်ဆောင်တဲ့ သဘောနဲ့ကျင်းပဖြစ်တာပါ” ဟု ပြောသည်။

ယနေ့ည အလှမယ်ရွေးချယ်ပွဲတွင် လာဒင့်ထားရီ၊ ရေဗက္ကာဝင်း၊ မိစန္ဒီ၊ မရန်ဆိုင်းနော်၊ ဖြိုးမြတ်အောင်တို့က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

အဆိုပါ ပြိုင်ပွဲတွင် Miss Ethnic Myanmar 2019 ဆုနှင့်အတူ အခြားဆု ကိုးဆုကို ချီးမြှင့်နိုင်ခဲ့ပြီး First Runner up ဆုကို ကယားတိုင်းရင်းသားအလှမယ် Ann Grace၊ Second Runner up ဆုကို ချင်းတိုင်းရင်းသား အလှမယ် Sabina Lal Rem Ruat တို့က ရရှိကြကြောင်း သိရသည်။

**ထင်ပေါ်ဝင်း**



**ပထမ၊ ဒုတိယ၊ တတိယဆုတို့ ရရှိသည့် တိုင်းရင်းသားအလှမယ်များကို တွေ့ရစဉ်။** ဓာတ်ပုံ-အာကာစိုး

# ဟွန်ဒူးရပ်စ်ကျောင်းသားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပဋိပက္ခဖြစ်

**တက်ဂူဆီလ်ဂါလ်ပါ ဇန်နဝါရီ ၂၉**

ဟွန်ဒူးရပ်စ်နိုင်ငံ မြို့တော် တက်ဂူဆီလ်ဂါလ်ပါရှိ အဓိကလမ်းမကြီးကို ကျောင်းသားများက ပိတ်ဆို့ထားပြီး ဟွန်ဒူးရပ်စ်သမ္မတ ဂျွန်အော်လန်ဒိုဟာနန်ဒတ် နုတ်ထွက်ရေးကို တောင်းဆိုခဲ့ကြရာရဲများက မျက်ရည်ယိုဗုံးများဖြင့် ဖြိုခွင်းခဲ့သည်။ ဟွန်ဒူးရပ်စ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အမျိုးသားတက္ကသိုလ်ရှေ့ လမ်းမထက်တွင် ပိတ်ဆို့ပြီး ကျောက်တုံးများနှင့် ပစ်ပေါက်ကာ သမ္မတရာထူးမှ နုတ်ထွက်သွားရေး တောင်းဆိုခဲ့ကြသည်။

ဆန္ဒပြကျောင်းသား အများစုမှာ ၎င်းတို့၏မျက်နှာများကို မျက်နှာဖုံးများနှင့် ဖုံးအုပ်ထားခဲ့ကြသည်။ အဓိကရုဏ်းဖြိုခွင်းရေးရဲမှ ပစ်လွှတ်သော မျက်ရည်ယိုဗုံးများကြောင့် ကျောင်းသားများ တက္ကသိုလ်ပရိဝုဏ်အတွင်းသို့ ဆုတ်ခွာသွားခဲ့ကြပြီး ကျောက်တုံးများနှင့် ပြန်လည်ပစ်ပေါက်ခဲ့သည်။ ဒဏ်ရာရရှိသူ အရေအတွက်ကိုမူ မသိရသေးပေ။ အတိုက်အခံ လက်ဝဲအစွန်းရောက်များ လမ်းမထက်ထွက်ကာ ဆန္ဒပြကြပြီးနောက် တစ်ရက်အကြာတွင် အကြမ်းဖက် ဆန္ဒပြမှုများ ဟွန်ဒူးရပ်စ်တွင် ပေါ်ပေါက်လာခဲ့သည်။ ထို့နောက် လက်ရှိသမ္မတကို ရာထူးမှ ဖယ်ရှားပေးရေးတောင်းဆိုခဲ့ကြသည်။

တနင်္ဂနွေနေ့က ပေါ်ပေါက်ခဲ့သော ဆန္ဒပြပွဲတွင် နိုင်ငံတစ်ဝန်း လူထောင်ပေါင်းများစွာလမ်းမပေါ်ထွက်ဆန္ဒပြခဲ့ကြပြီး တချို့သော ဆန္ဒပြရာနေရာများတွင် ရှင်းလင်းမှုများဆောင်ရွက်ရန်ရဲများက မျက်ရည်ယိုဗုံးများ အသုံးပြုခဲ့ကြသည်။ ဟွန်ဒူးရပ်စ် သမ္မတ ဟာနန်ဒတ်သည် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ၎င်း၏ ဒုတိယသမ္မတ သက်တမ်းကိုစတင်ခဲ့သည်။

၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲတွင် အနိုင်ရပြီး ပြန်လည်ရွေးကောက်ခံရခြင်း ဖြစ်သည်။ ၎င်းပြန်လည် ရွေးကောက်ခံရခြင်းကို သမ္မတဟောင်း ဇာလာရာ ဦးဆောင်သည့် အတိုက်အခံမဟာမိတ်များက ရှုတ်ချခဲ့ကြသည်။ **အေအက်ဖ်ပီ**

# နည်းပညာခိုးယူသည်ဟူသော စွပ်စွဲချက်ဖြင့် ဟွာဝေးကုမ္ပဏီကို အမေရိကန်က တရားစွဲ

**ဝါရှင်တန် ဇန်နဝါရီ ၂၉**

အမေရိကန်အာဏာပိုင်များသည် တရုတ်နည်းပညာကုမ္ပဏီကြီးဖြစ်သည့်ဟွာဝေးကို ရာဇဝတ်မှုစွပ်စွဲချက်ဖြင့် အမှုဖွင့်ခဲ့ပြီး ဟွာဝေးမှ ဘဏ္ဍာရေးဆိုင်ရာအကြီးအကဲနှင့် အဖွဲ့ဝင်များကို အမှုဖွင့်ခဲ့သည်။

အမေရိကန်တရားရေးဌာနသည် ဟွာဝေးကုမ္ပဏီမှ ဘဏ္ဍာရေးအကြီးအကဲလည်းဖြစ်၊ ဟွာဝေးကုမ္ပဏီ တည်ထောင်သူ၏ သမီးလည်းဖြစ်သူ မန်ဝမ်ကျို့ကို စွဲချက်ပေါင်း ၁၃ ချက်ဖြင့် အမှုဖွင့်ထားသည်။ နောက်ထပ်နှစ်ဦးကိုလည်း အီရန်အပေါ် အမေရိကန်၏ ပိတ်ဆို့မှုကို ချိုးဖောက်မှုဖြင့် တရားစွဲဆိုထားသည်။

နယူးယောက်မှ အစိုးရရှေ့နေများသည် ဟွာဝေးကုမ္ပဏီနှင့် အဆိုပါကုမ္ပဏီမှ စီအက်ဖ်အိုဖြစ်သူ မန်ဝမ်ကျို့နှင့် ဆက်စပ်သူများကို လိမ်လည်မှု၊ အတုအယောင်လုပ်မှုနှင့် စွဲချက်တင်ခဲ့သည်။ ဆီယက်တယ်မှ အစိုးရရှေ့နေများသည် ဟွာဝေးကုမ္ပဏီမှ လူနှစ်ဦးကို ကုန်သွယ်ရေးလျှို့ဝှက်ချက်များ ခိုးယူမှုဖြင့် စွဲချက်တင်ခဲ့သည်။

အဆိုပါကုမ္ပဏီမှ အင်ဂျင်နီယာသည် တီမိုဘိုင်းဖုန်းမှ စမ်းသပ်ဆဲစက်ရုပ်၏ ပုံနှင့်စက်ရုပ်အစိတ်အပိုင်းများကို ခိုးယူခဲ့သည်ဟု စွပ်စွဲခဲ့သည်။ အခြားသော စီးပွားရေးလုပ်ငန်းရှင်များထံမှ လျှို့ဝှက်ချက်များ ခိုးယူမှုအပေါ် မူတည်ပြီး ကုမ္ပဏီမှ ဝန်ထမ်းများကို အပိုဆုကြေးငွေပေးကြောင်း စွပ်စွဲထားသည်။ အက်ဖ်ဘီအိုင် ညွှန်ကြားရေးမှူးက ဟွာဝေးကုမ္ပဏီသည် ရည်ရွယ်ချက်ရှိရှိဖြင့် အမေရိကန်ကုမ္ပဏီများမှ သတင်းအချက်အလက်များကို ခိုးယူရန် စနစ်တကျ စီစဉ်နေကြောင်း တနင်္လာနေ့တွင် သတင်းထောက်များကို ပြောသည်။



ဟွာဝေးကုမ္ပဏီကို စွဲချက်တင်လိုက်ကြောင်း အမေရိကန်အရာရှိကြီးများက ကြေညာနေစဉ်။

တရုတ်သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနကမူ အမေရိကန်၏လုပ်ရပ်ကို ပြစ်တင်ဝေဖန်ထားပြီး ယခု စွပ်စွဲမှုများမှာ သက်သေမရှိဘဲ ပြုလုပ်နေသော စွပ်စွဲချက်များဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**


# တရုတ်နှင့် အမေရိကန် ကုန်သွယ်ရေးညှိနှိုင်းမှု အဆင်ပြေခဲ့ပါက ကမ္ဘာ့စတော့ရှယ်ယာတန်ဖိုးများ မြင့်တက်လာမည်ဟု သိရ

ဝါရှင်တန် ဇန်နဝါရီ ၂၉

**ကမ္ဘာ့ထိပ်တန်းစီးပွားရေးအင်အားကြီးနှစ်နိုင်ငံ ကုန်သွယ်ရေးဆိုင်ရာဆွေးနွေးနိုင်ရေး ပြင်ဆင်နေစဉ် တရုတ်နိုင်ငံ ထိပ်တန်းကုန်သွယ်ရေး ညှိနှိုင်းရေးမှူးတစ်ဦးသည် အမေရိကန်နိုင်ငံ ဝါရှင်တန်သို့ ရောက်ရှိလာကြောင်း တရုတ်နိုင်ငံပိုင်မီဒီယာက ဇန်နဝါရီ ၂၉ ရက်တွင် ဖော်ပြခဲ့သည်။**

အမေရိကန် တရားရေးဌာနက တရုတ်နိုင်ငံ ထိပ်တန်းနည်းပညာကုမ္ပဏီဖြစ်သော ဟွာဝေးအပေါ် စွဲချက်တင် လိုက်ချိန်တွင် ဗဟိုဘဏ်အကြီးအကဲ အပါအဝင် ဒုတိယဝန်ကြီးချုပ် လျူဟဲ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၈ ရက်က အမေရိကန်နိုင်ငံသို့ ရောက်ရှိလာခဲ့သည်။

တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ကြား ယာယီကုန်သွ ယ်ရေးသဘောတူညီမှုကာလမှာ တစ်လသာ ကျန်ရှိတော့ကြောင်း သိရသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့၏ ကုန်သွယ်ရေးဆိုင်ရာ လွန်ဆွဲမှုသည် ကမ္ဘာ့စီးပွားရေးကို များစွာထိခိုက်စေကြောင်း စီးပွားရေးပညာရှင်များက ပြောသည်။



တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် လျူဟဲကို တွေ့ရစဉ်။

အမေရိကန်သမ္မတသည် တရုတ်ကိုယ်စားလှယ်အဖွဲ့နှင့် နှစ်ရက်ကြာ တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း အမေရိကန်အရာရှိများက ဖော်ပြခဲ့သည်။

နှစ်ဖက် ညှိနှိုင်းဆွေးနွေးမှုသည် အောင်မြင်မှု အခွင့်အလမ်းရရှိနိုင်သလို ထင်သလို ဖြစ်မလာနိုင်ဟုလည်း ဖော်ပြချက်များရှိနေရာ အကယ်၍ နှစ်ဖက်အဖွဲ့အစည်းအနေဖြင့် နားလည်မှုတစ်စုံတစ်ရာကိုသာ ရရှိခဲ့မည်ဆိုပါက ကမ္ဘာ့စတော့ရှယ်ယာတန်ဖိုးများ မြင့်တက်လာမည်ဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# အာဖဂန်နစ္စတန်မှာ အမေရိကန်တပ်ဖွဲ့ဝင်များ၏ အကူအညီလိုအပ်ဆဲဟု ဂါနီပြော

**ကဘူးလ် ဇန်နဝါရီ ၂၉**

လက်ရှိအာဖဂန်နစ္စတန်နိုင်ငံ၏ အခြေအနေများအရ အမေရိကန်တပ်ဖွဲ့ဝင်များ၏ အကူအညီ ဆက်လက်လိုအပ်ဆဲဖြစ်ကြောင်း အာဖဂန်သမ္မတ အက်ရှရက်ဂါနီက ပြောကြားခဲ့သည်။

နိုင်ငံပိုင်ရုပ်သံမှ ထုတ်လွှင့်သော ပြောကြားချက်တွင် အာဖဂန်နိုင်ငံသားများသည် ၎င်းတို့၏မြေပေါ်တွင် နိုင်ငံခြားတပ်ဖွဲ့ဝင်များ အချိန်အတော်ကြာရှိနေခြင်းကိုလက်မခံနိုင်ကြကြောင်း၊ သို့သော် လက်ရှိတိုင်းပြည် အခြေအနေအရ နိုင်ငံခြားတပ်ဖွဲ့များမှာ ရှိနေရန်လိုအပ်သေးကြောင်း သမ္မတ အက်ရှရက်ဂါနီက ပြောကြားခဲ့သည်။

တာလီဘန်စစ်သွေးကြွများနှင့် အပစ်အခတ်ရပ်စဲရေးဆောင်ရွက်ပြီးမှသာ၊ လုံခြုံရေးအရ အခြေအနေများတိုးတက်လာမှသာ တပ်ဖွဲ့ဝင်များရုပ်သိမ်းခြင်းကို ဆောင်ရွက်သင့်ကြောင်း အာဖဂန်သမ္မတက အကြံပြုခဲ့သည်။

အာဖဂန်သမ္မတသည် တာလီဘန်များကို ၎င်းတို့အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန်လမ်းဖွင့်ပေးခဲ့သည်။ အာဖဂန်တွင် ငြိမ်းချမ်းရေးရရှိစေရေးအတွက် ကြိုးပမ်းမှုများ ဆက်လက်ဆောင်ရွက်ဆဲဖြစ်သည်။

အမေရိကန်ဘက်မှ ကိုယ်စားလှယ်များနှင့် တာလီဘန်တို့ဘက်မှ တာဝန်ရှိသူများ ငြိမ်းချမ်းရေးအတွက် ကာတာနိုင်ငံတွင် ဆွေးနွေးခဲ့ကြသည်။

၎င်းတို့သည် အာဖဂန်မြေမှ အမေရိကန်တို့ ဆုတ်ခွာသွားရေးနှင့် အပစ်အခတ်ရပ်စဲရေးအတွက် ဆွေးနွေးခဲ့ကြသည်ဟု ယူဆရသည်။

သို့သော် အာဖဂန်သမ္မတမှာမူ အမေရိကန်တပ်များ စောစီးစွာ ဆုတ်ခွာသွားမည်ကို စိုးရိမ်လျက်ရှိပြီး အာဖဂန်လုံခြုံရေးတပ်ဖွဲ့များအတွက် လေ့ကျင့်ပေးမှုများမှာ လိုအပ်နေသေးကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ဖေဖော်ဝါရီ ၅ ရက်တွင် နိုင်ငံတော်အခြေပြုမိန့်ခွန်းပြောမည်

ဝါရှင်တန် ဇန်နဝါရီ ၂၉

**အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဖေဖော်ဝါရီ ၅ ရက်တွင် နိုင်ငံတော်အခြေပြုမိန့်ခွန်းကို ပြောကြားမည်ဖြစ်ကြောင်း သိရသည်။ အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီ ပယ်လိုစီက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကို နိုင်ငံတော်အခြေပြုမိန့်ခွန်းပြောကြားရန် ဖိတ်ကြားထားကြောင်း အောက်လွှတ်တော်ဥက္ကဋ္ဌရုံးက ယမန်နေ့တွင် ကြေညာလိုက်သည်။**

အစိုးရယန္တရား တစ်စိတ်တစ်ပိုင်းရပ်ဆိုင်းမှု ပြန်လည်ဖွင့်လှစ်ပြီးနောက်ပိုင်းတွင် ယခုလို နိုင်ငံတော်အခြေပြုမိန့်ခွန်း ပြောကြားရန် ရက်သတ်မှတ်အတည်ပြုခြင်းကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် အောက်လွှတ်တော်ဥက္ကဋ္ဌတို့ ညှိနှိုင်းသဘောတူခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်။

လွှတ်တော်နှစ်ရပ်ရှေ့မှောက်တွင် နိုင်ငံတော်အခြေပြုမိန့်ခွန်းကို ပြောကြားပေးပါရန် သမ္မတကို ဖိတ်ကြားကြောင်း နန်စီပယ်လိုစီ၏ စာထဲတွင် ဖော်ပြထားကြောင်း သိရသည်။

ယခင်က အမေရိကန်သမ္မတ ထရမ့်သည် နိုင်ငံတော်အခြေပြုမိန့်ခွန်းကို လွှတ်တော်နှစ်ရပ်ရှေ့တွင် ဇန်နဝါရီ ၂၉ ရက်မှသာ ပြောကြားရန် စီစဉ်ခဲ့သော်လည်း အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပယ်လိုစီက လုံခြုံရေးအကြောင်းပြကာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ မိန့်ခွန်းပြောကြားမည့်ရက်ကို ရွှေ့ဆိုင်းလိုက်ခြင်း ဖြစ်သည်။

**အေအက်ဖ်ပီ**

# စင်ကာပူ၌ အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခံရသူများ၏ အချက်အလက်များ ပေါက်ကြား

**စင်ကာပူ ဇန်နဝါရီ ၂၉**

စင်ကာပူ၌ လျှို့ဝှက်ဆေးမှတ်တမ်း အချက်အလက်များ ပေါက်ကြားခဲ့ရာ အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခံထားရသည့် လူ ၁၄၀၀၀ တို့၏ သတင်း အချက်အလက်များ အွန်လိုင်းပေါ်တွင် ပျံ့နှံ့သွားခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

တနင်္လာနေ့က ကျန်းမာရေးဝန်ကြီးဌာနသည် အဆိုပါသတင်းအချက်အလက် ပေါက်ကြားမှုနှင့် ပတ်သက်သည့်စာရင်းကို အသေးစိတ်ဖော်ပြခဲ့သည်။ အဆိုပါစာရင်း၌ ၂၀၁၃ ခုနှစ် ဇန်နဝါရီလအထိ အိတ်ချ်အိုင်ဗွီကူးစက်ခံခဲ့ရသည့် စင်ကာပူနိုင်ငံသားများနှင့် ပြည်ပနိုင်ငံသားများ ပါဝင်ကြောင်း သိရသည်။

အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိသည့် ပြည်ပနိုင်ငံသားများကို မြို့တွင်း၌ အလုပ်လုပ်ကိုင်ခွင့် မပေးခဲ့ပေ။

သတင်းအချက်အလက်ပေါက်ကြားစေခဲ့မှု နောက်ကွယ်မှ ပုဂ္ဂိုလ်မှာ အိတ်ချ်အိုင်ဗွီကူးစက်ခံထားရသည့် အမေရိကန်နိုင်ငံသား အမျိုးသားတစ်ဦးဖြစ်ပြီး ၎င်း၏ လုပ်ဖော်ကိုင်ဖက်မှာ စင်ကာပူနိုင်ငံသား ဆရာဝန်တစ်ဦးဖြစ်ကြောင်း သိရသည်။ အဆိုပါ အမျိုးသားသည် ၂၀၁၆ ခုနှစ်က မူးယစ်ဆေးဝါးနှင့်ဆက်နွယ်သည့် ပြစ်မှုများနှင့် လိမ်လည်မှုများဖြင့် ထောင်ကျခဲ့ဖူးကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဗင်နီဇွဲလားနိုင်ငံပိုင် ရေနံကုမ္ပဏီတစ်ခုကို အမေရိကန်ပိတ်ဆို့မှု ပြုလုပ်

**ကရာကက် ဇန်နဝါရီ ၂၉**
ဗင်နီဇွဲလားသမ္မတကို ဖြုတ်ချရေး ဖိအားပေးရန်ကြိုးစားသည့်အနေဖြင့်ဗင်နီဇွဲလားနိုင်ငံပိုင် ရေနံကုမ္ပဏီတစ်ခုကို ဒဏ်ခတ်ပိတ်ဆို့ရန် လုပ်ဆောင်နေကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ဦးဆောင်သည့် အစိုးရအဖွဲ့က ပြောကြားခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံတွင် အတိုက်အခံခေါင်းဆောင်ဖြစ်သည့် အောက်လွှတ်တော်ဥက္ကဋ္ဌ ဂျူအန်းဂွိုက်ဒိုက သမ္မတအဖြစ် ကြေညာခဲ့ပြီး သမ္မတနီကိုးလပ်စ်မာဒူရိုကို ရွေးကောက်တင်မြှောက်ခဲ့မှုမှာ တရားမဝင်ကြောင်း ပြောကြားခဲ့သည်။

သမ္မတ မာဒူရိုကို ထောက်ခံသူများဘက်က အမေရိကန်ပြည်ထောင်စုနှင့် ဆက်ဆံရေးဖြတ်တောက်လိုက်ကြောင်း ပြောဆိုခဲ့ချိန်တွင် အမေရိကန်နှင့် အခြားသော အနောက်နိုင်ငံများက ဂွိုက်ဒိုအား ကူညီပံ့ပိုးပေးလျက်ရှိသည်။

ဗင်နီဇွဲလားနိုင်ငံပိုင် ရေနံကုမ္ပဏီအပေါ် ပိတ်ဆို့မှုကို တနင်္လာနေ့တွင် ကြေညာခဲ့ပြီး အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စတီဗင်မြူချင်က နိုင်ငံပိုင်ရေနံကုမ္ပဏီ Petroleos de Venezuela SA သည် ကာလရှည်ကြာ အကျင့်ပျက်ခြစားမှုများရှိခဲ့ကြောင်း ပြောကြားခဲ့သည်။ အိမ်ဖြူတော် အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် ဂျွန်ဘော်လ်တန်သည် အမေရိကန်ပြည်ထောင်စုနည်းတူ လုပ်ဆောင်ကြရန်နှင့် ဂွိုက်ဒိုကို ဗင်နီဇွဲလားနိုင်ငံ၏ ယာယီအစိုးရအဖြစ် အသိအမှတ်ပြုကြရန် အခြားနိုင်ငံများကို တိုက်တွန်းခဲ့သည်။ **အင်န်အိတ်ချ်ကေ**

### အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် ထိုင်းအစိုးရ အဖွဲ့ဝန်ကြီးလေးဦး နုတ်ထွက်

**ဗန်ကောက် ဇန်နဝါရီ ၂၉**
ထိုင်းနိုင်ငံတွင် အစိုးရဝန်ကြီးများအဖွဲ့မှ အဖွဲ့ဝင်လေးဦးသည် လာမည့်မတ်လ ၂၄ ရက်တွင်ကျင်းပမည့် ထိုင်းနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲတွင် ပါလီမန်အဖွဲ့ဝင်ရာထူးနေရာ ယှဉ်ပြိုင်ရန်အတွက် ရာထူးမှ အပြီးအဆိုင် နုတ်ထွက်ခဲ့ကြကြောင်း သိရသည်။

အဖွဲ့ဝင်လေးဦးတို့သည် အင်္ဂါနေ့တွင် နုတ်ထွက်စာတင်ခဲ့ကြသည်။ ပလန်ပရာချာရတ် ပါတီမှနေ၍ ရွေးကောက်ပွဲ၌ ပါဝင် ယှဉ်ပြိုင်ရန် ထိုသို့နုတ်ထွက်စာတင်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့ကို လာမည့်တနင်္လာနေ့တွင် အခြားသူများနှင့်အတူ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်များအဖြစ်ခန့်အပ်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

နုတ်ထွက်စာတင်ခဲ့သည့် အစိုးရအဖွဲ့ဝင်လေးဦးတို့မှာ စက်မှုဝန်ကြီး အုတ္တမာ ဆာဗာနာယနာ၊ ကုန်သွယ်ရေးဝန်ကြီး ဆန်တီရတ် ဆန်တီဂျီရဝမ်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီး ဆူဗစ်မယ်ဆင်စီနှင့် ဝန်ကြီးချုပ်ရုံးဝန်ကြီး ကော့ဘ်ဆက်ပူထရာကူးလ်တို့ ဖြစ်သည်။ **ဆင်ဟွာ**

# ကုန်သွယ်မှုစစ်ပွဲမဖြစ်ပွားရေး ချိန်ညှိမှုတွေလုပ်ဆောင်နေတဲ့ တရုတ်

**ထွန်းသစ်စ**

**တရုတ်နိုင်ငံရဲ့ စီးပွားရေးဟာ သူ့ရဲ့ ခေတ်သစ်သမိုင်းနဲ့ ကမ္ဘာကြီးမှာ အရေးကြီးပြီး အချက်အချာကျတဲ့နေရာကနေ ပါဝင်လာပါတယ်။ သို့သော်လည်း တကယ့်ကြီးမားတဲ့စိန်ခေါ်မှုကတော့ လာမယ့် ၂၀၅၀ ပဲ ဖြစ်ပါတယ်။ တရုတ်ကွန်မြူနစ်ပါတီနဲ့ သူ့ရဲ့ ဦးဆောင်မှုရဲ့တကယ့်ရည်မှန်းချက်ကတော့ တရုတ်ခေတ်သစ်တစ်ခုကို ပုံဖော်ဖို့ပဲဖြစ်ပါတယ်။ အနာဂတ်ကို မျှော်ကြည့်ရတာ ယုံကြည်ချက်တွေ ခုန်ပေါက်ပြေးလွှားသလိုပါပဲ။ သို့သော်လည်း တရုတ်နိုင်ငံရဲ့အရေးကြီးဆုံးကုန်သွယ်ဖက်ဖြစ်တဲ့ အမေရိကန်ကိုတော့ ကျော်ခွသွားလို့မရပါဘူး။**




တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ယန်ရှန်ရေနက်ဆိပ်ကမ်းတွင် ကုန်သေတ္တာများကို တွေ့ရစဉ်။

### ထပ်မံတွေ့ဆုံမှုတွေလုပ်

ဒါကြောင့်မို့ပဲ အမေရိကန်နဲ့ တရုတ် ကမ္ဘာ့အင်အားကြီး စီးပွားရေးပြိုင်ဘက်နှစ်ခုကြား ကုန်သွယ်ရေးစစ်ပွဲကြီး ဖြစ်ပေါ်စေဖို့ ဦးတည်စေတဲ့ အခွန်အကောက်တွေနဲ့ ပတ်သက်ပြီး တင်းမာမှုတွေ လျှော့နည်းစေရေးအတွက် ဆွေးနွေးညှိနှိုင်းမှုတွေဆောင်ရွက်ဖို့ အမေရိကန်ကုန်သွယ်ရေးဝန်ကြီး ဝယ်လ်ဘာရော့စ်ဟာ ပေကျင်းကို ၂၀၁၈ ခုနှစ် ဇွန် ၂ ရက်က ရောက်ရှိလာခဲ့ပါတယ်။

အရင်လ အစောပိုင်းမှာ အခွန်အကောက်တွေနဲ့ ပတ်သက်ပြီးတော့ ယာယီအဆင်ပြေချောမွေ့ကြောင်း ကြေညာခဲ့သော်လည်း တကယ့်လက်တွေ့မှာတော့ အမေရိကန်ပြည်ထောင်စုဟာ တရုတ်ရင်းနှီးမြှုပ်နှံမှုတွေကို ကန့်သတ်မှုတွေ၊ တင်ပို့မှုကို ထိန်းချုပ်မှုတွေနဲ့ တရုတ်နည်းပညာကုန်စည်တန်ဖိုး ၅၀ ဘီလီယံမှာ ၂၅ ရာခိုင်နှုန်း အခွန်ကောက်ခံမှုတို့အပါအဝင် နောက်ဆုံးမှာ တရုတ်နိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုတွေ ပြုလုပ်ဖို့ ကြိုးစားခဲ့ပါတယ်။

အမေရိကန်ရဲ့ အဲဒီလိုလုပ်ဆောင်ချက်တွေအပေါ် တရုတ်နိုင်ငံကလည်း ငြိမ်မနေပါဘူး။ အမေရိကန်ကုန်စည်တွေနဲ့ ပတ်သက်တဲ့ အခွန်အကောက်တွေနဲ့ ပတ်သက်ပြီး တန်ပြန်ခြိမ်းခြောက်မှုတွေ ပြန်လည်ပြုလုပ်ခဲ့ပါတယ်။

သို့သော်လည်း နောက်ပိုင်းမှာ တရုတ်နဲ့ အမေရိကန်ခေါင်းဆောင်နှစ်ဦးတို့ ရက်ပေါင်း ၉၀ ကြာ ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်တစ်ခု ရရှိခဲ့သလို နှစ်ဖက်ခေါင်းဆောင်တွေရဲ့ ကိုယ်စားလှယ်တွေဟာ နောက်ထပ် ကုန်သွယ်ရေးဆိုင်ရာ တင်းမာမှုတွေကို ဖြေလျှော့စေဖို့ ထပ်မံတွေ့ဆုံမှုတွေ လုပ်ဆောင်နေကြပါတယ်။

အမေရိကန်ကုန်သွယ်ရေးဝန်ကြီး ဝယ်လ်ဘာရော့စ်အနေနဲ့ တရုတ်နိုင်ငံကို ရောက်ရှိလာတဲ့အတွက် တရုတ်နိုင်ငံအနေနဲ့ ၎င်းရဲ့ သဘောထားအနည်းငယ်ပျော့ပျောင်းမလို ဖြစ်ခဲ့သော်လည်း နောက်ပိုင်းမှာတော့ အမေရိကန်-တရုတ် ကုန်သွယ်ရေးဟာ ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဒါကြောင့်ပဲ နှစ်နိုင်ငံကုန်သွယ်ရေးဆိုင်ရာ သဘောထားတင်းမာမှုတွေ လျှော့နည်းစေဖို့အတွက် တွေ့ဆုံမှုတွေ ထပ်မံပြီး လုပ်ခဲ့ရတာပါ။ သို့သော်လည်း ရှေ့အနာဂတ်မှာ ဘာတွေဆက်ဖြစ်မလဲဆိုတာကတော့ စောင့်ကြည့်ရမှာပဲ ဖြစ်ပါတယ်။

### ပြည်တွင်းညှိနှိုင်းမှုတွေ အကောင်အထည်ဖော်ဖို့လို

တစ်ဖက်ကလည်း ကုန်သွယ်ရေးစစ်ပွဲ၊ တခြားတစ်ဖက်က ကြည့်မယ်ဆိုရင်လည်း တရုတ်နိုင်ငံစီးပွားရေး ဖွဲ့စည်းပုံမျှတအောင် ပြည်တွင်းညှိနှိုင်းမှုတွေကို အပြည့်အဝအကောင်အထည်ဖော်ဖို့ လိုအပ်ပါတယ်။ ထုတ်လုပ်မှုဟာ ပြည်သူ့ဝန်ဆောင်မှုအထိ အပါအဝင် တင်ပို့ဖြန့်ဖြူးမှုဟာ တစ်မိသားစုချင်းစီရဲ့ စားသုံးမှုအထိ၊ အပိုအလျှံစုဆောင်းမှုမှ ပုံမှန်စုဆောင်းတာနဲ့ တစ်ပြည်နယ်ထုတ်ကုန်တစ်မျိုးမှ စီးပွားရေးဈေးကွက်အထိ ရောက်ရှိအောင် ပြုလုပ်ဖို့ လိုပါတယ်။

တရုတ်နိုင်ငံဟာ မှန်ကန်တဲ့ စီးပွားရေးလမ်းကြောင်းပေါ် ရောက်နေတယ်ဆိုတဲ့ အချက်ကို သူ့ရဲ့ စီးပွားရေးတိုးတက်မှုတွေကို ကြည့်ရင် သိမြင်နိုင်သလို ထင်ရှားတဲ့ သက်သေတွေလည်း ရှိပါတယ်။

၂၀၀၈ ကမ္ဘာ့စီးပွားရေးပျက်ကပ်လို အခြေအနေမျိုးထက် နှိုင်းယှဉ်ကြည့်ရင် တရုတ်နိုင်ငံရဲ့ စီးပွားရေးဟာ ကောင်းမွန်တဲ့အခြေအနေ ရှိနေချိန်မှာ နိုင်ငံခြားတင်ပို့မှုတွေဟာလည်း နိုင်ငံ့ဂျီဒီပီ (အသားတင်ထုတ်လုပ်မှုတန်ဖိုး) ရဲ့ ၂၀ ရာခိုင်နှုန်း ရှိနေပါသေးတယ်။ ထို့အတူ ထုတ်ကုန်ထက်ဝက်လောက်ဟာ ပြည်တွင်းတစ်မိသားစုချင်းစီရဲ့ စားသုံးမှုကို ဖြည့်ဆည်းနေပါသေးတယ်။

> **“အမေရိကန်-တရုတ် ကုန်သွယ်ရေးဟာ ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဒါကြောင့်ပဲ နှစ်နိုင်ငံကုန်သွယ်ရေးဆိုင်ရာ သဘောထားတင်းမာမှုတွေ လျှော့နည်းစေဖို့အတွက် တွေ့ဆုံမှုတွေ ထပ်မံပြီး လုပ်ခဲ့ရတာပါ။ သို့သော်လည်း ရှေ့အနာဂတ်မှာ ဘာတွေဆက်ဖြစ်မလဲဆိုတာကတော့ စောင့်ကြည့်ရမှာပဲဖြစ်”**

သို့သော်လည်း တရုတ်နိုင်ငံရဲ့ စားသုံးသူဦးဆောင်တဲ့အနေအထားဟာ အစောပိုင်းအဆင့်မှာပဲ ရှိသေးလို့ စီးပွားရေးအရ မမျှော်မှန်းနိုင်တဲ့ အခြေအနေတွေအတွက် ပြည့်စုံတဲ့ အင်အားနဲ့ တောင့်တင်းမှု မရှိသေးပါဘူး။ ထို့အတူ ကမ္ဘာ့ရာသီဥတုအနှောင့်အယှက်တွေကလည်း တရုတ်နိုင်ငံအတွက် ပြဿနာတစ်ရပ် ဖြစ်စေပါတယ်။

တရုတ်နိုင်ငံရဲ့ ပြည်တွင်းစီးပွားရေးဖွဲ့စည်းပုံမျှတအောင်ပြုလုပ်တာဟာ ဟာကွက်တွေကို မဖြစ်ပေါ်အောင် ပြုလုပ်လိုက်သလိုပါပဲ။ ကမ္ဘာ့စီးပွားရေးရဲ့ အရေးကြီးတဲ့ ပြောင်းလဲမှုတွေနဲ့ တခြားကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံတွေနဲ့ တရုတ်နိုင်ငံရဲ့ ဆက်ဆံရေးတွေမှာ အကျိုးရလဒ်တွေ ဖြစ်ပေါ်လာစေနိုင်ပါတယ်။

ဒီအခြေအနေမှာ တရုတ်နိုင်ငံဟာ မကြာသေးမီက ဖွံ့ဖြိုးတိုးတက်မှုတွေဖြစ်လာတဲ့ ကမ္ဘာ့အခြေအနေကို အတော်လေ့လာရမှာပဲ ဖြစ်ပါတယ်။ အဲဒီလို လေ့လာတဲ့နေရာမှာ ၁၉၉၀ ပြည့်နှစ်နှောင်းပိုင်း အာရှဘဏ္ဍာရေးအကျပ်အတည်းကိုလည်း ချန်လှပ်ထားလို့ မရပါဘူး။ ထို့အတူ ၂၀၀၈ ခုနှစ် ကမ္ဘာ့စီးပွားပျက်ကပ်နဲ့ ဂျပန်နိုင်ငံမှာဖြစ်သွားတဲ့ စီးပွားရေးဆိုင်ရာ အခြေအနေတွေကို လေ့လာရမှာ ဖြစ်ပါတယ်။

ကုန်သွယ်မှုစစ်ပွဲ မဖြစ်ပွားရေး တရုတ်နိုင်ငံဟာ စီးပွားရေးအတွက် နောက်ထပ်ခြေလှမ်းတစ်ရပ်ကို ထပ်လှမ်းတဲ့အခါမှာ ဖြစ်ပေါ်နိုင်သမျှသော အခြေအနေအရပ်ရပ်အပေါ် အခြေခံပြီး စဉ်းစားရမှာဖြစ်သလို ၎င်းရဲ့ တည်ငြိမ်မှုရှိရေးနဲ့ သဟဇာတဖြစ်ရေး သတိထားရမှာပဲ ဖြစ်ပါတယ်။

### ဆက်လက်ကျင့်သုံးရမယ်

အမေရိကန်နိုင်ငံရဲ့ အခွန်စည်းကြပ်မှုတွေဟာ အရေးပေါ်အခြေအနေတွေကို ဖြစ်ပေါ်စေပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ အခွန်စည်းကြပ်မှုဟာ တရုတ်နိုင်ငံကို ရိုက်ခတ်စေပါတယ်။ ထို့အတူပဲ ဆိုးရွားလှတဲ့ ကုန်သွယ်မှုသဘောတူညီချက်တွေကို ဖရိုဖရဲဖြစ်စေပါတယ်။

အမေရိကန်ရဲ့နည်းဗျူဟာတွေဟာ ပြစ်ချက်တွေ များလှပါတယ်။ အခွန်စည်းကြပ်မှုတွေနဲ့ တခြားပိတ်ဆို့မှုတွေ အသုံးပြုပြီး တရုတ်နဲ့ ကုန်သွယ်မှုလိုငွေပြနေမှုကို လျှော့ချချင်နေတဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရဟာ အမေရိကန်နဲ့ နိုင်ငံပေါင်း ၁၀၀ ကျော်လောက်ရဲ့ ဘက်ပေါင်းစုံ ကုန်သွယ်မှုလိုငွေပြနေမှုအပေါ် သက်သာစေမယ့် နည်းလမ်းတွေ မဖန်တီးပေးနိုင်သလိုပါပဲ။ ဒါကြောင့် အမေရိကန်ရဲ့နည်းဗျူဟာက လက်ရှိဘဏ္ဍာရေးဈေးကွက်အပေါ် ဖိအားတွေ ပိုလို့သက်ရောက်စေတာကို တွေ့ရပါတယ်။

၂၀၁၇ ခုနှစ်နှောင်းပိုင်းမှာ ကြီးမားတဲ့ အခွန်ဖြတ်တောက်မှု ဥပဒေထုတ်ပြန်ပြီးနောက် အမေရိကန်ပြည်ထောင်စုရဲ့ ဘတ်ဂျက်လိုငွေပြနေချိန်နဲ့ တိုက်ဆိုင်စွာပဲ ပြည်တွင်းစုဆောင်းငွေအပေါ် လိုငွေပြနေတဲ့ နိုင်ငံရဲ့စီးပွားရေး မညီမျှမှုဟာလည်း ပိုပြီးဆိုးရွားလာပါတယ်။ ဒီလိုအခြေအနေတွေမှာ ပြဿနာတွေဟာ ဆိုးရွားသထက် ပိုမိုဆိုးရွားလာပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောရမယ်ဆိုရင် တရုတ်နိုင်ငံဟာ ကုန်သွယ်ရေးစစ်ပွဲတွေ မဖြစ်စေဖို့ စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုတွေကို ရင်ဆိုင်တဲ့အခါမှာ လက်ရှိကျင့်သုံးနေတဲ့ မူဝါဒတွေအပေါ် ပြန်လည်သုံးသပ်မှုတွေ လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံလိုလည်း စီးပွားရေးဆိုင်ရာ တိုးတက်မှုအပေါ် အလွန်အမင်း ဦးစားမပေးစေသကဲ့သို့ အမေရိကန်နိုင်ငံလိုလည်း အခွန်စည်းကြပ်မှုတွေအပေါ် အတင်းအကျပ် ကျင့်သုံးတာမျိုးမဖြစ်စေဘဲ သင့်တင့်လျောက်ပတ်တဲ့ ပုံစံနဲ့ ဆက်လက်ကျင့်သုံးသွားရမှာ ဖြစ်ပါတယ်။ ။

**ကိုးကား- အေအက်ဖ်ပီ၊ ချန်နယ်နယူးအေးရှ**

## ငါန်းဇွန်-ရဲပဒိုင်း-ရွာသစ်-ဘေးသောင် တာပေါင်ဂျင်းခင်းလမ်းဖွင့်ပွဲကျင်းပ

**ငါန်းဇွန် ဇန်နဝါရီ ၂၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ ခြောက်လပတ် ခွင့်ပြုရန်ပုံငွေ ကျပ် ၂၅၈ ဒသမ ၂၀ သန်းဖြင့် Royal Steel Palace Co.,Ltd. မှ တာဝန်ယူဆောင်ရွက်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်အတွင်း ငါန်းဇွန်-ရဲပဒိုင်း-ရွာသစ်-ဘေးသောင် တာပေါင်ဂျင်းခင်းလမ်း (အရှည် ပေ ၂၇၅၀၀ × အနံ ၁၄ ပေ × အမြင့် ၁ ပေ) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၇ ရက်က ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တာပေါင်ဂျင်းခင်းလမ်းကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

## ပေါက်မြို့နယ် လယ်အိုကျေးရွာ ကိုယ့်အားကိုယ်ကိုး နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက်

ပေါက် ဇန်နဝါရီ ၂၉

**မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် လယ်အိုကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက်က အဆိုပါ ကျောင်းဆောင်သစ်မျက်နှာစာရှေ့၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ ပခုက္ကူခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇော်လွင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းဝင်း၊ တိုင်းဒေသကြီး (၁)လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်စန်း၊ တိုင်းဒေသကြီး (၂) လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အား လှည့်လည်ကြည့်ရှုခဲ့ကြသည်။**



ဝန်ကြီးချုပ်ဒေါက်တာ အောင်မိုးညိုနှင့် တာဝန်ရှိသူများ ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးနေစဉ်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီးမှ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံတော်အတွက် တစ်ထောင့်တစ်နေရာက တာဝန်ထမ်းဆောင်နိုင်သူများ ပေါ်ထွက်ခဲ့သကဲ့သို့ ယခုဖွင့်လှစ်ခဲ့သည့် လယ်အိုကျေးရွာ အခြေခံပညာအလယ်တန်း နှစ်ထပ်ကျောင်းဆောင်သစ်ကြီး၌ ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူများကလည်း နိုင်ငံတော်၏ အနာဂတ်အတွက် အားကိုးရသည့်သူများ ပေါ်ထွက်လာစေရေးအတွက် ကြိုးစားသင်ယူကြရန် ပြောကြားခဲ့သည်။

ထို့နောက် ပေါက်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်က ပတ်ဝန်းကျင် ရေနံလက်ယက်တွင်းများ တူးဖော်လုပ်ကိုင်လျက်ရှိသော ရေနံလုပ်ငန်းရှင်များထံမှ ကောက်ခံရရှိသည့် ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးအောင်မြင်ခဲ့သော နှစ်ထပ်ကျောင်းဆောင်သစ်ကြီးသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအုတ်မြစ်ကြီး တစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ လယ်အိုကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဦးမောင်စိုးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး အဆိုပါ ကျောင်းဆောင်သစ်ဖွင့်ပွဲ အထိမ်းအမှတ် အလံများကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ရာ ပေါက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက လက်ခံယူခဲ့ကြသည်။

ယခုဖွင့်လှစ်သော သံကူကွန်ကရစ် နှစ်ထပ် ကျောင်းဆောင်သစ်ကြီးသည် အလျား ၁၃၂ ပေ၊ အနံပေ ၃၀ ၊ အမြင့် ၂၃ ပေ ၆ လက်မ သံကူကွန်ကရစ် နှစ်ထပ်ကျောင်းဆောင်သစ်ကြီး ဖြစ်ကြောင်း သိရသည်။ **ညဏ်တိုး(ပေါက်)**



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ ကျောက်ထုတ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ်။

## မွန်ပြည်နယ်ဝန်ကြီးချုပ် ကျိုက်ထိုမြို့နယ်အတွင်းမှ ကျောက်ထုတ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

**ကျိုက်ထို ဇန်နဝါရီ ၂၉**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ကျိုက်ထိုမြို့နယ်အတွင်း ကျောက်ထုတ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲကို ဇန်နဝါရီ ၂၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းထိုက်က မြို့နယ်အတွင်း ကျောက်ထုတ်လုပ်မှု၊ လုပ်ငန်းတည်ရှိမှု နှင့် လုပ်ငန်းရှင်များက နိုင်ငံတော်အပေါ် အခွန်ပေးဆောင်နေမှု အခြေအနေများကိုလည်းကောင်း၊ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးမှူး ဦးစိုးမောင်က ပျဉ်းကတိုးကုန်းကျေးရွာအတွင်း သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနေမှု အခြေအနေကိုလည်းကောင်း၊ ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာမှူး ဦးဝင်းဗိုလ်က ပျဉ်းကတိုးကုန်းကျေးရွာ ရေရရှိရေးလုပ်ငန်းခွင်သို့ လျှပ်စစ်ဓာတ်အား သွယ်တန်းဆောင်ရွက်ရမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် လုပ်ငန်းရှင်များက ကျောက်ထုတ်လုပ်မှု အခြေအနေများနှင့် ကျေးလက်ရေရရှိရေးအခြေအနေများအပေါ် တာဝန်ရှိသူများနှင့် အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

**ဝင်းမောင်(ကျိုက်ထို)**

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ရေဘေးကြောင့်ရွှေ့ပြောင်းရမည့် ကျွန်းတောစုကျေးရွာနေရာအား ကြည့်ရှုစစ်ဆေး

**ရေတာရှည် ဇန်နဝါရီ ၂၉**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ယမန်နေ့က ဆွာချောင်းတမံ ပင်မရေပိုလွှဲကျိုးပေါက်မှုကြောင့် ပျက်စီးခဲ့သော သိုင်းဝကျေးရွာအုပ်စု ကျွန်းတောစုကျေးရွာအား ပြောင်းရွှေ့နေရာချထားပေးမည့် သိုင်းဝကျေးရွာနှင့် တုံးကြီးကျေးရွာ အကြားရှိ မြေဧက ၅၀ ကို ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ထိန်းသိမ်းရေး)တောင်ငူနှင့် စက်မှုတိုင်း(၂)တောင်ငူတို့မှ စက်ယန္တရားများဖြင့် မြေနေရာများ ရှင်းလင်းဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုခဲ့ပြီး ဒေသခံများ၏ အခက်အခဲ တင်ပြချက်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆွာချောင်းတမံရေပိုလွှဲ၏ အနောက်မြောက်ဘက်တည့်တည့်ရှိ ကျွန်းတောစုကျေးရွာသည် ဆည်ရေကြောင့် လူနေအိမ်ခြေ ၄၆ လုံး ပျက်စီးသွားခဲ့ပြီးနောက် ကျေးရွာဒေသခံများက ရေဘေးလွတ်ကင်းမည့်နေရာသို့ ရွှေ့ပြောင်းလိုကြောင်း ဆန္ဒပြုလာသဖြင့် အဆိုပါ ကျေးရွာရှိ လူနေအိမ်ခြေပေါင်း ၂၂၈ အိမ်၊ စာသင်ကျောင်း၊ ဆေးပေးခန်း၊ ဘုန်းတော်ကြီးကျောင်း၊ နယ်မြေရဲကင်း၊ ဈေးငယ် အစရှိသော အဆောက်အအုံများ ပါဝင်မည့် မြေဧက ၅၀ ဝန်းကျင်ရှိနေရာတွင် စနစ်တကျ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အဆောက်အအုံများကို မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းက အခမဲ့ လှူဒါန်းဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းလွင်**



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ရေဘေးကြောင့် ရွှေ့ပြောင်းရမည့် ကျွန်းတောစုကျေးရွာနေရာအား ကြည့်ရှုစဉ်။

## ကရင်ပြည်နယ် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်

**ဘားအံ ဇန်နဝါရီ ၂၉**

ကရင်ပြည်နယ်၏ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ၊ ထူးချွန်သင် ဆရာ ဆရာမများ၊ အောင်ချက်ကောင်းသောကျောင်းများ၊ မြို့နယ်များနှင့် လူရည်ချွန် ကျောင်းသား ကျောင်းသူများ ဂုဏ်ပြုဆုချီးမြှင့်သည့် အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက်က ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာတင်ဝင်းကျော်က အမှာစကားပြောကြားပြီး ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးစိုးမြင့်က ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်လူမှုရေးဝန်ကြီး၊ ပြည်နယ်စာရင်းစစ်ချုပ် ဦးစောလှထွန်းနှင့် တာဝန်ရှိသူများက အောင်ချက်အကောင်းဆုံး မြို့နယ်နှင့် ကျောင်းများ၊ ထူးချွန်သင် ဆရာ ဆရာမများ၊ ကျောင်းသားဦးရေအလိုက် အောင်ချက်အကောင်းဆုံး ကျောင်းများ၊ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ၊ လူရည်ချွန် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ရာ ထူးချွန်ဆု စုစုပေါင်း ၁၂၇ ဆုကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ဧရာဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး မဟာစီမံချက်ရေးဆွဲခြင်းဆိုင်ရာ ဆွေးနွေး

**ပုသိမ် ဇန်နဝါရီ ၂၉**

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဦးဆောင်မှုဖြင့် ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှုစီမံကိန်းမှ ဦးစီးပြုလုပ်သော ဧရာဝတီမြစ်ဝှမ်းဆုံးဖြတ်ချက် အထောက်အကူပြုစနစ်နှင့် ဧရာဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး မဟာစီမံချက်ရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းစဉ်ရှင်းလင်းတင်ပြရန်နှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှ ရေနှင့်သက်ဆိုင်သူများပါဝင်သည့် ရေဖိုရမ်ဖွဲ့စည်းရန်အတွက် ပြည်သူအကြံပြု အလုပ်ရုံဆွေးနွေးပွဲကို ပုသိမ်မြို့ ပုသိမ်ဟိုတယ်ခန်းမ၌ ယနေ့နံနက်က ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးတင်အောင်ဝင်းက ဂုဏ်ပြုစကားပြောကြားသည်။ ထို့နောက် ရေအရင်းအမြစ်နှင့် ရေဘက်စုံစီမံခန့်ခွဲမှုစင်တာ(HIC) မှ အငယ်တန်းသုတေသီ ဒေါ်အေးမြတ်မွန်ကျော်က ဧရာဝတီမြစ်ဝှမ်းဘက်စုံစီမံခန့်ခွဲမှုစီမံကိန်းနှင့် ကဏ္ဍ(၁) အကြောင်းကို ရှင်းလင်းတင်ပြပေးသည်။

ထို့နောက် Thirst Aid Programme Director ဒေါ်သင်းနွယ်က ရေနှင့်သက်ဆိုင်သူများပါဝင်သည့် ဒေသဆိုင်ရာ ရေဖိုရမ်လုပ်ငန်းအကြောင်းကို ရှင်းလင်းတင်ပြပေးပြီးနောက် ရေအရင်းအမြစ်နှင့် ရေဘက်စုံစီမံခန့်ခွဲမှုစင်တာမှ ဒေါ်နန္ဒနွယ်က ဧရာဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး မဟာစီမံချက်ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းစဉ်များ အနာဂတ်ပုံရိပ်မျှော်မှန်းချက်နှင့် မြစ်ဝှမ်းဆိုင်ရာ ရည်ရွယ်ချက်အကြောင်းကို ရှင်းလင်းတင်ပြပေးခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများက အဖွဲ့လိုက် ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှုစီမံကိန်း ကဏ္ဍ(၁) မျှော်မှန်းချက်နှင့် မြစ်ဝှမ်းဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးခြင်း ရည်ရွယ်ချက်များ (အဖွဲ့ခေါင်းဆောင်တင်မြှောက်ခြင်း) များဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲပြုလုပ်ရခြင်းသည် ရေနှင့်သက်ဆိုင်သူများကို ဧရာဝတီမြစ်ဝှမ်း စီမံကိန်းလုပ်ငန်းစဉ်များတွင် ကနဦးအချိန်မှစ၍ ပါဝင်ဆုံးဖြတ်ခွင့်ရရှိရန်၊ ဧရာဝတီမြစ်ဝှမ်းဒေသအတွက် ဒေသဆိုင်ရာ ရေဖိုရမ်လုပ်ငန်းစဉ်ကို စတင်ရန်၊ ဧရာဝတီမြစ်ဝှမ်း ဆုံးဖြတ်ချက် အထောက်အကူပြုစနစ်နှင့် ဧရာဝတီမြစ်ဝှမ်းဘက်စုံဖွံ့ဖြိုးရေး မဟာစီမံချက်ရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းစဉ်တို့ကို တင်ပြရှင်းလင်းရန်နှင့် ဧရာဝတီမြစ်ဝှမ်း ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အနာဂတ်ပုံရိပ်နှင့် မျှော်မှန်းချက်၊ ရည်ရွယ်ချက်များကို ရေနှင့်သက်ဆိုင်သူများနှင့် အတူတကွ ဆွေးနွေးတိုင်ပင်၍ ဦးစားပေးလုပ်ငန်းများ ရွေးချယ်ရန်နှင့် ရေးဆွဲရန်အတွက်ရည်ရွယ်ပြီး ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထွန်းဇော်**



နယ်စပ်ဒေသအသီးသီးမှ လူငယ်မောင်မယ်များ တပ်မတော်စစ်သမိုင်းပြတိုက်အတွင်း ကြည့်ရှုလေ့လာစဉ်။

# နယ်စပ်ဒေသအသီးသီးမှ လေ့လာရေးအဖွဲ့ဝင်များ ဆဋ္ဌမအကြိမ်မြောက် နေပြည်တော်နှင့်ပတ်ဝန်းကျင် လေ့လာရေးခရီးစတင်

**နေပြည်တော် ဇန်နဝါရီ ၂၉**

နယ်စပ်ဒေသများအသီးသီးမှ လူငယ်မောင်မယ်များကို နှစ်စဉ်ဖိတ်ကြားခေါ်ယူ၍ လေ့လာရေးခရီးစဉ်များအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ရာ ဇန်နဝါရီ ၂၈ ရက်မှ ၃၁ ရက်အထိ နေပြည်တော်နှင့် ပတ်ဝန်းကျင်သို့ ဆဋ္ဌမအကြိမ် လေ့လာရေးခရီးစဉ် ရောက်ရှိလာကြသည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်၊ နန်းယွန်းဒေသမှ လူငယ်မောင်မယ် ၃၀၊ မွန်ပြည်နယ် သထုံ၊ ချောင်းဆုံဒေသမှ လူငယ်မောင်မယ် ၃၀ ၊ ကချင်ပြည်နယ် မိုးကောင်း၊ မိုးညှင်းဒေသမှ လူငယ်မောင်မယ် ၃၀၊ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုး၊ ကွတ်ခိုင်၊ သီပေါဒေသမှ လူငယ်မောင်မယ် ၃၀ ၊ တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီ၊ ထားဝယ်ဒေသမှ လူငယ်မောင်မယ် ၃၀ ၊ စုစုပေါင်း လူငယ်မောင်မယ် ၁၅၀ တို့သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော် (ဗုဒ္ဓဂယာ)သို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြရာ ဂေါပကအဖွဲ့က လိုက်လံရှင်းလင်းပြသပြီး လေ့လာရေးအဖွဲ့များမှ အလှူငွေများ ထည့်ဝင်လှူဒါန်းခဲ့သည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန ရေဆင်းသို့ သွားရောက်လေ့လာသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် တိရစ္ဆာန်ဥယျာဉ်နှင့် ဆာဖာရီဥယျာဉ်များသို့ သွားရောက်လေ့လာခဲ့ကြသည်။

နယ်စပ်ဒေသအသီးသီးမှ ဖိတ်ကြားထားသည့် လူငယ်မောင်မယ်များ၏ ဆဋ္ဌမအကြိမ်မြောက် လေ့လာရေးခရီးစဉ် ဒုတိယနေ့အဖြစ် ယနေ့ နံနက်ပိုင်းတွင် မဟာသကျရံသီ ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြရာ ဂေါပကအဖွဲ့က လိုက်လံရှင်းလင်းတင်ပြခဲ့ကြပြီး လေ့လာရေးအဖွဲ့ဝင်များက အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထိုမှတစ်ဆင့် လူငယ်မောင်မယ်လေ့လာရေးအဖွဲ့များသည် သူရဲကောင်းစစ်သည်ဗိမာန်သို့ သွားရောက်၍ ဗိမာန်တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာ၍ သူရဲကောင်းစစ်သည်များအား ဂါရဝပြုခဲ့ကြသည်။

ထို့နောက် တပ်မတော်စစ်သမိုင်းပြတိုက်သို့ ရောက်ရှိခဲ့ကြပြီး ပြတိုက်အတွင်း လေ့လာရာ တာဝန်ရှိသူများက မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ ယှဉ်တွဲပေါက်ဖွားလာသည့် တပ်မတော်သမိုင်းကို ဗီဒီယိုပရိုဂျက်တာဖြင့် ပြသပေးခဲ့ပြီး ပြတိုက်အတွင်းရှိ ခင်းကျင်းပြသထားသော ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်စစ်ဆင်ရေးမှတ်တမ်းများ၊ ဗမာ့ကာကွယ်ရေးတပ်မတော်သုံးပစ္စည်းများနှင့် လက်နက်များ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြခန်းများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ်မြောက် ဖွံ့ဖြိုးသစ်ဖလားဂေါက်သီးရိုက်ပြိုင်ပွဲ မန္တလေးမြို့ ရေတံခွန်တောင်ဂေါက်ကွင်း၌ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၉**

လူငယ်မျိုးဆက်သစ် ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာရေးနှင့် မြန်မာ့ ဂေါက်သီးအားကစား ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ဖွံ့ဖြိုးသစ်ကုမ္ပဏီက အဓိကကူညီပံ့ပိုးထားသော ဒုတိယအကြိမ်မြောက် ဖွံ့ဖြိုးသစ်ဖလား (PPT CUP) ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၆ နာရီခွဲက မန္တလေးမြို့ရေတံခွန်တောင် ဂေါက်ကွင်းတီခုံ ၁၀ ၌ ကျင်းပရာ ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးလျှိုကျိန်းချန်၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးအောင်ကျော်ထွန်း၊ အထက်မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင်ကိုနှင့် ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် CEO ဦးမောင်မောင်သိန်းတို့က ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။

အဆိုပါ PPT CUP ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မန္တလေးမြို့မှ အသင်း ၂၁ သင်းနှင့် အနီးပတ်ဝန်းကျင် ၁၉ သင်းတို့မှ ဂေါက်သီးအားကစားသမားပေါင်း ၂၅၆ ဦးတို့ ပါဝင်ကြပြီး ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ ၁၈ ကျင်း နှစ်ရက်၊ ၃၆ ကျင်း ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် တစ်ဦးချင်း အကျော့မဲ့ပြိုင်ပွဲနှင့် အသင်းလိုက် အကျော့ပေး ပြိုင်ပွဲများ ပါဝင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ပေါက်ခေါင်းမြို့ တောင်နဝင်းဆည်တမံမျက်နှာပြင် အက်ကြောင်းဖြစ်ပေါ်နေမှု ဒေသခံပြည်သူများစိုးရိမ်နေ၍ ဌာနဆိုင်ရာတာဝန်ရှိသူများ ဖြေရှင်းဆောင်ရွက်နေ

ပေါက်ခေါင်း ဇန်နဝါရီ ၂၉

**ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် ၂၀၁၈ ခုနှစ်အတွင်း အင်အားအသင့်အတင့်ရှိ ငလျင်လေးကြိမ် လှုပ်ခတ်ခဲ့ရာ တောင်နဝင်းဆည်ရေလှောင်တမံ၏ ပေ ၅၉၀၀ နှင့် ပေ ၆၀၀၀ အကြား တမံမျက်နှာပြင်၌ အက်ကြောင်းအနက် သုံးပေခန့် အက်ကြောင်းအပေါ် အကျယ် ၂ လက်မ ၃ လက်မခန့်နှင့် အလျားလိုက် ပေ ၆၀ ခန့် ကွဲအက်မှုများ ဖြစ်ပေါ်ခဲ့သည်။**

အဆိုပါဖြစ်စဉ်ကြောင့် တောင်နဝင်းဆည် ရေလမ်းကြောင်းအောက်ရှိ ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံပြည်သူများသည် တောင်နဝင်းရေလှောင်တမံ ကျိုးပြတ်မည့်အန္တရာယ်အား စိုးရိမ်ပူပန်မှုများရှိခဲ့ရာ ဇန်နဝါရီ ၂၈ ရက်နှင့် ၂၉ ရက်တွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဌေးနှင့် ပြည်ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဦးနှင့် တာဝန်ရှိသူများက ရပ်သစ်ကျေးရွာ၊ စိုင်ဂေါင်းကျေးရွာ၊ ဝက်တိုးကျေးရွာနှင့် မြို့ပေါ်ရပ်ကွက် (၁)၊(၂)၊(၃)၊(၄)၊(၅)ရှိ ပြည်သူများနှင့် တွေ့ဆုံ၍ လက်ရှိဖြစ်ပေါ်နေသော အခြေအနေများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်နေသည်ကို နားလည်ပါကြောင်း၊ ဆည်မြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်အရ လတ်တလော အခြေအနေအရ ထိခိုက်နိုင်ဖွယ် မရှိနိုင်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်တစ်ခုခု ဖြစ်ပေါ်မှသာ အခြေအနေတစ်မျိုးမျိုး ဖြစ်ပေါ်နိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

ငလျင်လှုပ်ခတ်မှုများ၏သက်ရောက်မှုကြောင့် တမံအောက်ခြေအုတ်မြစ်ကျောက်သားတွင် လှုပ်ရှားမှုဖြစ်ပေါ်ပြီး တမံမျက်နှာပြင်၌ အက်ကြောင်းဖြစ်ပေါ်ရခြင်းဖြစ်နိုင်ကြောင်း၊ လက်ရှိဖြစ်စဉ်၏ အခြေအနေမှာ စိုးရိမ်ဖွယ်အခြေအနေ မရှိပါကြောင်းနှင့် ဌာနမှ ၂၄ နာရီ အချိန်ပြည့် စောင့်ကြည့်တိုင်းတာစစ်ဆေးလျက်ရှိပြီး တမံကိုယ်ထည်နှင့် အောက်ခံအုတ်မြစ်အခြေအနေများကို ဘူမိဗေဒဆိုင်ရာ စူးစမ်းတိုင်းတာခြင်း၊ နည်းပညာများ အသုံးပြု၍ တိုင်းတာခြင်းများကိုလည်း ဇန်နဝါရီ ၂၉ ရက်မှ စတင်ဆောင်ရွက်နေပြီး စူးစမ်းတိုင်းတာမှုများအရ တွေ့ရှိမှုများကိုအခြေခံ၍ ရေလှောင်တမံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုအတွက် ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်မည် ဖြစ်ကြောင်း ဆည်မြောင်းဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။

**သန်းထွန်းအောင်(ပေါက်ခေါင်း)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၉-၁-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၅၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၇၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၅၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၂၀/၈၉၀ | ကျပ် | ၉၀၀/၉၁၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၃၀/၉၀၀ | ကျပ် | ၉၁၅/၉၂၅ | ကျပ် |
| အောက်တိန်း ၉၂ | ၆၄၅/၇၀၅ | ကျပ် | ၇၄၅/၇၈၀ | ကျပ် |
| အောက်တိန်း ၉၅ | ၇၃၅/၇၉၀ | ကျပ် | ၈၄၀/၈၅၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၆ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၄၃ ・ ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၇ ・ ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၀၆ ・ ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၇ ・ ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၂ ・ ၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၆ ・ ၁၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၄၆၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၆ ・ ၂၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၀ ・ ၉၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ၃၂၉ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး** - စိုးစိုးနိုင်
**သတင်းထောက်ချုပ်** - မြင့်ဆွေ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# စတုတ္ထအကြိမ်မြောက် Myanmar Youth Micro Film ပြိုင်ပွဲ၏ ဖိုင်နယ်ပြိုင်ပွဲ ကျင်းပ

စတုတ္ထအကြိမ်မြောက် Myanmar Youth Micro Film ပြိုင်ပွဲ၏ Final Contest ကို ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာဟိုတယ်၌ ဇန်နဝါရီ ၂၆ ရက်က ကျင်းပရာ ပြိုင်ပွဲသို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်း၊ ရွှေသံလွင် မီဒီယာမှ ဒေါ်နန်းမောက်လောဝ်ဆိုင်နှင့် Monnect Group မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် ရုပ်ရှင်ရိုက်ကူးသူ လူငယ်များ တက်ရောက်ခဲ့ကြသည်။

"4th Myanmar Youth Micro Film ပွဲကို ကျွန်တော်တို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး(ဗဟို) နဲ့ Channel 9၊ Monnect တို့ ပူးပေါင်းပြီးတော့ ပြုလုပ်တာဖြစ်ပါတယ်၊ မြန်မာနိုင်ငံမှာရှိတဲ့ ရွက်ပုန်းသီး အနုပညာရှင်တွေ ပေါ်ထွန်းလာရေးကို အဓိကရည်ရွယ်ပြီး ပြုလုပ်တဲ့ပွဲပါ၊ လေးနှစ်တာ ကာလအတွင်းမှာ ဇာတ်ကားပေါင်း ၅၄၀ ကျော်ကို လူငယ်တွေ ပါဝင်ပြီး ပြသနိုင်ခဲ့ပါတယ်"ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးဇင်ဝိုင်းက ပြောသည်။

အဆိုပါပြိုင်ပွဲကို ရုပ်ရှင်ရိုက်ဝါသနာပါသော ရွက်ပုန်းသီးလူငယ်များအား ဝါသနာရှင်အဆင့်မှ ပညာရှင်အဆင့်သို့ မွေးထုတ်ပေးနိုင်ရန်၊ မြန်မာ့ရုပ်ရှင်အဆင့်အတန်း ပိုမို တိုးတက်မြင့်မားလာစေရန်၊ ဝါသနာရှင်များ၏ အနုပညာဖန်တီးမှုများကို ရုပ်ရှင်ပရိသတ်များနှင့် တိုက်ရိုက်ထိတွေ့ခွင့် ရရှိစေရန်၊ စီနီယာဒါရိုက်တာကြီးများ၏ ဝေဖန်အကြံပြုချက်များကိုရယူပြီး ဝါသနာရှင်များ၏ ဖန်တီးနိုင်မှုအရည်အသွေးများ မြင့်မားတိုးတက်လာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ရာ ယခုနှစ်တွင် လေးကြိမ်မြောက်ကျင်းပခြင်းဖြစ်သည်။

"ဒီ့အပြင် ဒီပြိုင်ပွဲက အရည်အချင်းရှိပြီး ရုပ်ရှင်ပိုင်း တတ်သိနားလည်သူ ကလေးတွေကို မွေးထုတ်နိုင်ဖို့ကို ဦးတည်ပြီး ပြုလုပ်ခဲ့ပါတယ်၊ အခုလို လေးနှစ်တာအတွင်းမှာ ကျွန်တော်တို့ပြိုင်ပွဲကနေ လူငယ်အချို့ ရုပ်ရှင်အသိုင်းအဝိုင်းထဲမှာ နေရာတစ်ခု ရနေကြပါတယ်၊ ဒါရိုက်တာပိုင်း၊ ဇာတ်လမ်း၊ ဇာတ်ညွှန်းပိုင်းတွေကအစ အခုဆို ဝါသနာရှင်အဆင့်ကနေ ပညာရှင်အဆင့်ဘက်ကို ရောက်ရှိနေကြပါတယ်၊ လူငယ်တွေ အနေနဲ့ အသက်မွေးပညာတစ်ခုကို ဖော်ဆောင်နိုင်ကြတယ်၊ ပြီးတော့ ဒီနှစ်မှာဆို တိုင်းရင်းသားလူငယ်တွေလည်း ပါဝင်ယှဉ်ပြိုင်လာကြတာ တွေ့ရပါတယ်၊ အဲဒီအတွက် လူငယ်တွေအားလုံး စိတ်တွေလွင့်နေမယ့်အစား အခုလိုပြိုင်ပွဲတွေကနေ ဝါသနာရှင်အဆင့်ကနေ ပညာရှင်တွေဖြစ်လာအောင် ပါဝင်ယှဉ်ပြိုင်ဖို့ ဖိတ်ခေါ်ပါတယ်"ဟုလည်း ဦးဇင်ဝိုင်းက ဆက်လက်ပြောကြားသည်။




စတုတ္ထအကြိမ်မြောက် Myanmar Youth Micro Film ပြိုင်ပွဲ၏ Final Contest ကျင်းပနေစဉ်

ပြိုင်ပွဲတွင် ဆုရရှိသူများအား ပထမဆု ကျပ်သိန်း ၆၀၊ ဒုတိယဆု ကျပ်သိန်း ၃၀၊ တတိယဆု ကျပ်သိန်း ၂၀၊ အထူးဆု ကျပ်သိန်း ၂၀၊ ပရိသတ်အကြိုက်ဆုံးဆု ကျပ်သိန်း ၂၀ နှင့် နှစ်သိမ့်ဆု ကျပ်ငါးသိန်းတို့ကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေး တာဝန်ရှိသူများထံမှ သိရသည်။

**ကိုလင်း**

# ကိုယ်ပွား ရုပ်ရှင်တွင် ကျော်ထက်အောင်ကို ဇာတ်ကောင်စရိုက်နှစ်မျိုးဖြင့် တွေ့ရမည်

သရုပ်ဆောင် မင်းဦးက ဒါရိုက်တာအဖြစ် ရိုက်ကူးနေသည့် 'ကိုယ်ပွား'အမည်ရ ရုပ်ရှင်ဇာတ်ကားကြီးတွင် သရုပ်ဆောင် ကျော်ထက်အောင်ကို ဇာတ်ကောင်စရိုက်နှစ်မျိုးနှင့် တွေ့မြင်ရမည်ဖြစ်သည်။ အဆိုပါရုပ်ရှင်တွင် ကျော်ထက်အောင်၊ ချာလီ၊ ကောင်းစည်သူ၊ အကယ်ဒမီ ထွန်းအိန္ဒြာဗိုလ်၊ မြတ်ကေသီအောင်၊ နေခြည်ဦး၊ လီလီကျော်ခိုင်နှင့် အခြားအနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။

"ကိုယ်ပွားဆိုတဲ့အဓိပ္ပါယ်က ဘယ်သူက ဘယ်သူ့ရဲ့ကိုယ်ပွားလဲ ဆိုတာကို ပုံဖော်ထားတာပါ၊ ကျွန်တော်တစ်ယောက်တည်းက စရိုက်နှစ်မျိုး သရုပ်ဆောင်ထားတာပါ၊ ဒီကားလေးက ကျွန်တော့်အတွက် သရုပ်ဆောင်ဘက်မှာ စိန်ခေါ်မှုတစ်ခုဆိုလည်း မမှားပါဘူး၊ ကာရိုက်တာပိုင်းတွေကတော့ နှစ်ခုလုံးက ခပ်ဆိုးဆိုးစရိုက်တွေရှိတဲ့ လူနှစ်ယောက် ပုံစံပါပဲ၊ အရင်ကဆို ကာရိုက်တာတွေက တစ်ယောက်က လူဆိုး၊ တစ်ယောက်က လူလိမ္မာ ပုံစံတွေချည်း တွေ့နေရတာကို အခုကျတော့ အဲဒီပုံစံကနေ ကွဲထွက်ပြီး ဖန်တီးထားလို့ ပရိသတ်အတွက် တစ်မျိုးတော့ ခံစားမှုပေးနိုင်မယ် ထင်ပါတယ်"ဟု သရုပ်ဆောင် ကျော်ထက်အောင်က ပြောသည်။

Myanmar Idol သီချင်းဆိုပြိုင်ပွဲကြီးတွင် Host အဖြစ် တာဝန်ယူဆောင်ရွက်ရင်း ပရိသတ်များ သတိပြုမိကာ အားပေးမှုကိုရရှိခဲ့သည့် ကျော်ထက်အောင်သည် ရုပ်ရှင်ဇာတ်ကားများ စတင်ရိုက်ကူးခဲ့ရာတွင်လည်း ထူးခြားသည့် ဇာတ်ကောင်စရိုက်များတွင် ကိုယ်ပိုင်ဟန်ဖြင့် သရုပ်ဆောင်နိုင်မှုကြောင့် ရုပ်ရှင်ပရိသတ်များ၏ အားပေးမှုကို ရရှိနေသည်။

**ကိုလင်း**



# နိုင်လူနှင့် ခြိမ့်ကေကိုတို့ ပါဝင်သရုပ်ဆောင်သည့် ငါ့ကိုပြန်သောက်တဲ့အရက် ဗီဒီယို ရိုက်ကူးနေ

အရက်သမား ဖခင်ဆိုးတစ်ဦး၏ ရင်နင့်ဖွယ်ရာ ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ်ကို အခြေခံသည့် 'ငါ့ကိုပြန်သောက်တဲ့အရက်'ဟု အမည်ပေးထားသော ဗီဒီယိုဇာတ်ကားကို လောကနတ်အင်ပါယာ ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးက ဇန်နဝါရီ ၁၆ ရက်မှစ၍ ရိုက်ကူးလျက်ရှိကာ အဆိုပါဗီဒီယိုတွင် သရုပ်ဆောင် နိုင်လူ၊ ခြိမ့်ကေကိုနှင့် အခြားသရုပ်ဆောင်များ ပါဝင်ထားကြောင်း သိရသည်။

သရုပ်ဆောင် နိုင်လူက "အစ်ကိုက ဒီဇာတ်ကားထဲမှာ မိန်းမသေသွားပြီးတော့ အရက်သမားကြီးဖြစ်သွားတယ်၊ သမီးသုံးယောက်၊ သားနှစ်ယောက်နဲ့ကျန်ခဲ့ပြီးတော့ နောက်ပိုင်းမှာ အဖေဆိုး အရက်သမားကြီး ဖြစ်သွားခဲ့တယ်ပေါ့၊ လတ်တလော လှိုင်သာယာမှာ ဖြစ်သွားခဲ့တဲ့ အဖြစ်အပျက်တစ်ခုကို အခြေခံပြီး ပညာပေးအနေနဲ့ ရိုက်ကူးဖြစ်ခဲ့တာပါ၊ အခုခေတ်က ဗီဒီယိုတွေ ခေတ်မကောင်းဘူးဆိုပေမယ့် အစ်ကိုကတော့ ကိုယ်လုပ်တဲ့အလုပ်တိုင်းကို စေတနာထားပြီး လုပ်ပါတယ်၊ ငါ့ကိုပြန်သောက်တဲ့အရက် ဗီဒီယိုကားလေး ထွက်ရှိလာရင်လည်း အားပေးကြပါဦးလို့ ပြောချင်ပါတယ်"ဟု ပြောသည်။

အဆိုပါ ဖြစ်ရပ်မှန်ဇာတ်လမ်းကို ဗီဒီယိုရိုက်ကူးရန် လောကနတ်အင်ပါယာ ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးမှ မမီးမီးက စီစဉ်၍ နေဒေါင်းက ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ ဩဇာအောင် (ဖြစ်ရပ်မှန်)က ရိုက်ကူးပုံဖော်ထားကာ သရုပ်ဆောင်နိုင်လူက အဓိက ပါဝင်သရုပ်ဆောင်ထားကြောင်း၊ သရုပ်ဆောင် နိုင်လူသည် အွန်လိုင်းတွင် နာမည်ရနေသည့် ခြိမ့်ကေကိုနှင့်တွဲ၍ သကြၤန်မယ်လေးများအမည်ဖြင့် ဗီဒီယိုကိုလည်း ယခုလထဲတွင် ချောင်းသာ၌ သွားရောက်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**



# ဂီတတူရိယာများဖြင့် ဦးစားပေးဖန်တီးထားသည့် Zaw-G's Tunes သီချင်းခွေ စတင်မိတ်ဆက်

ယဉ်ကျေးမှုတက္ကသိုလ်တွင် အနောက်တိုင်း ဂီတသံစဉ် အမျိုးအစားတစ်ခု ဖြစ်သော Instrumental Music ကို အဓိကထား သင်ကြားပေးနေသည့် နည်းပြဆရာ တစ်ဦးဖြစ်သူ ကိုနောင်(ဇော်ဂျီ)၏ ပထမဆုံး တစ်ကိုယ်တော်သီချင်းခွေဖြစ်ပြီး Instrumental Music များဖြင့် အဓိက ဖန်တီးထားသည့် Zaw-G's Tunes သီချင်းခွေကို ဖေဖော်ဝါရီ ၁ ရက်မှစ၍ Myanmar Music Network(MMN)မှ စတင်ဖြန့်ချိသွားမည်ဟု သိရသည်။

"ကျွန်တော့်အနေနဲ့ ဒီအခွေလေးကို လုပ်ဖြစ်တာက ဆရာ ခိရာမိုရ်ရဲ့ လမ်းညွှန်မှုကြောင့်လည်း ပါပါတယ်၊ ကိုယ်တိုင်ကလည်း ဒီပညာနဲ့ လှုပ်ရှားနေတဲ့သူဆိုတော့ အသိနည်းသေးတဲ့ Instrumental Music ကို လုပ်ပြချင်တာကြောင့် ဖန်တီးဖြစ်ခဲ့တာပါ၊ ကျွန်တော် တက္ကသိုလ်ကျောင်းသားအဖြစ်နဲ့ ဒုတိယနှစ်ကစပြီး ဒီအခွေလေး လုပ်ဖို့ ပြင်ဆင်ခဲ့ပါတယ်၊ သီချင်းပုံစံလေးတွေကအစ မျိုးစုံရွေးချယ်ကြမယ်ဆိုပြီး ဆရာခိရာမိုရ်နဲ့တိုင်ပင်ပြီး လုပ်ဖြစ်ကြတာပါ၊ Music ပုံစံလေးတွေကတော့ ကိုယ်ပိုင်သံစဉ်တွေပါပဲ၊ ကျွန်တော်က ဟိုတုန်းကသံစဉ်လေးတွေကိုကြိုက်တာကြောင့် ဒီအခွေလေးမှာ အဲလိုသံစဉ်လေးတွေကို ထည့်ဖြစ်ခဲ့ပါတယ်"ဟု တေးဂီတဖန်တီးသူ ကိုနောင်(ဇော်ဂျီ)က ပြောသည်။



အဆိုပါ သီချင်းခွေကို ၂၀၁၁-၂၀၁၂ ခုနှစ်ခန့်ကပင် စတင်ဖန်တီးခဲ့ပြီး Music Genres များအနေဖြင့် New Age, Native Pop Rock, Pop Latin, Pop နှင့် Trance ဂီတများကို မြန်မာ့တူရိယာများဖြစ်သော စောင်း၊ ပလွေများဖြင့် ပေါင်းစပ်၍ ကိုယ်တိုင်တီးခတ်ဖန်တီးထားပြီး အခွေတွင်ပါသည့် ပေးဆပ်ခြင်း သီချင်း၏ အဆိုပိုင်းတွင် တေးသံရှင် မေမင်းက ပါဝင်သီဆိုထားကြောင်း သိရသည်။

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

# Princess Diaries 3 ဇာတ်ကား ဆက်လက်ရိုက်ကူးရန်ဖြစ်နိုင်ခြေရှိ

Princess Diaries 3 ဇာတ်ကားရိုက်ကူးဖို့ အဆင်သင့်ဖြစ်နေပြီလို့ သိရပါတယ်။ အန်းဟတ်သာဝေးဟာ ကြာသပတေးနေ့က ထုတ်လွှင့်ခဲ့တဲ့ ရုပ်သံအစီအစဉ်တစ်ခုမှာ Princess Diaries 3 ဇာတ်လမ်းနဲ့ပတ်သက်ပြီး မေးမြန်းခဲ့ရာမှာတော့ သတင်းကောင်းတွေ ကြားလာရပါတယ်။ အဲဒီဇာတ်ကားအတွက် ဇာတ်ညွှန်းရှိနေပြီလို့ ရုပ်ရှင်မင်းသမီး အန်းဟတ်သာဝေးက အတည်ပြုပေးခဲ့ပါတယ်။

အဲဒီဇာတ်ကားထဲက သရုပ်ဆောင်တွေ အပါအဝင် ထုတ်လုပ်သူကလည်း ဒီဇာတ်ကားကိုရိုက်ဖို့ ဆန္ဒရှိတယ်လို့ အန်းဟတ်သာဝေးက ပြောပါတယ်။ Princess Diaries 3 ကို ရိုက်ကူးဖို့ ဆန္ဒရှိပေမယ့် မရိုက်ခင်ကြိုတင်ပြီး စဉ်းစားရမယ့် အချက်တွေလည်း ရှိပါသေးတယ်။ ဒီဇာတ်ကားကို မပြည့်စုံဘဲနဲ့တော့ မရိုက်ချင်ပါဘူးလို့ အန်းဟတ်သာဝေးက ပြောပါတယ်။ ဒီဇာတ်ကားက ပရိသတ်အတွက် အရေးကြီးသလို ကျွန်မအတွက်လည်း အရေးကြီးပါတယ်။ ဘာမှအဆင်သင့်မဖြစ်သေးဘဲ ပြသဖို့တော့ မဖြစ်နိုင်ပါဘူးလို့ သူကဆက်ပြောပါတယ်။

၂၀၀၁ ခုနှစ်က ရိုက်ကူးခဲ့တဲ့ Princess Diaries ရုပ်ရှင်မှာတော့ ဆယ်ကျော်သက်အရွယ် အမေရိကန်တစ်ဦးဟာ ဥရောပနိုင်ငံငယ်တစ်ခုက မင်းသမီးဖြစ်ပြီး၊ ထီးနန်းကိုဆက်ခံဖို့ ဖြစ်လာခဲ့တယ်ဆိုပြီး မက်ဂ်ကားဘတ်ရဲ့ ဝတ္ထုကိုအခြေခံပြီး ရိုက်ထားခဲ့ပါတယ်။ The Princess Diary 2 ကိုတော့ ၂၀၀၄ ခုနှစ်မှာ ရိုက်ကူးခဲ့ပြီး တော်ဝင်စေ့စပ်ပွဲအခမ်းအနားတွေနဲ့ ရိုက်ကူးခဲ့ပါတယ်။ ဒီဇာတ်ကားနှစ်ကားစလုံးကို ဒါရိုက်တာ ဂါရီမာရှယ်က ရိုက်ကူးခဲ့တာဖြစ်ပြီး စိတ်မကောင်းစရာကတော့ ဒါရိုက်တာ မာရှယ်ဟာ ၂၀၁၆ ခုနှစ်မှာပဲ ကွယ်လွန်သွားခဲ့ပြီဖြစ်ပါတယ်။

**စီအင်န်အင်န်**




Princess Diaries ရုပ်ရှင်ပိုစတာကို တွေ့ရစဉ်။

# Black Panther နောက်ဆက်တွဲဇာတ်ကား ဆက်လက်ရိုက်ကူးရန် အလားအလာရှိ

စူပါဟီးရိုးရုပ်ရှင်ကားဖြစ်တဲ့ Black Panther ဇာတ်ကားဟာ ၂၀၁၈ ခုနှစ်အတွက် SAG ထူးချွန်ဆုပေးပွဲမှာ အမြင့်ဆုံးဆုကို လက်ခံရရှိသွားပါတယ်။ အကောင်းဆုံးရုပ်ရှင်ဆုကို ရရှိသွားတာလည်း ဖြစ်ပါတယ်။

ထူးချွန်ဆုကို လူမည်းသရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ချက်ဒ်ဝစ်ဘော့စ်မန်းက ဦးဆောင်ပြီး စင်ပေါ်မှာ ဆုလက်ခံရယူခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ဘော့စ်မန်းဟာ ကျေးဇူးတင်စကားပြောကြားခဲ့ပါတယ်။ ဒီဇာတ်ကားဟာ ဆုတွေရရှိပြီး ဒေါ်လာဘီလီယံနဲ့ချီတဲ့ ဝင်ငွေတွေရရှိလိမ့်မယ်လို့ မထင်ခဲ့ဘူး။ ဒါပေမယ့်လည်း ပရိသတ်အတွက် အကောင်းဆုံးလုပ်ဆောင်နိုင်လိမ့်မယ်ဆိုတာကိုတော့ သိနေခဲ့တယ်လို့ ဘော့စ်မန်းက ပြောခဲ့ပါတယ်။ နောက်ထပ်စိတ်လှုပ်ရှားစရာစကားကတော့ ပရိသတ်တွေဟာ Black Panther 2 ကို စောင့်ကြည့်ဖို့ စိတ်အားထက်သန်နေတယ်ဆိုတာ သိတယ်လို့ ဘော့စ်မန်းက ပြောခဲ့ပါတယ်။

Black Panther 2 ရိုက်ဖို့အဆင်သင့်ပဲလို့ ဘော့စ်မန်းက ပြောပါတယ်။ စင်အောက်မှာလည်း Black Panther ဇာတ်ကားထဲက သရုပ်ဆောင်တွေဟာ နောက်ဆက်တွဲ ဇာတ်ကားအတွက် ပြောဆိုနေကြပါတယ်။ မိုက်ကယ်ဘီဂျော်ဒန်ကလည်း တကယ်လို့များ Black Panther နောက်ဆက်တွဲဇာတ်ကား ဆက်ရိုက်ဖြစ်ခဲ့မယ်ဆိုရင် ပရိသတ်တွေအတွက် စိတ်လှုပ်ရှားစရာဖြစ်မှာပဲလို့ ပြောခဲ့ပါတယ်။ ရုပ်ရှင်သရုပ်ဆောင် စတာလင်းကေဘာရောင်းကလည်း ဒါရိုက်တာ ရိုင်ယန်ကူဂလာ တစ်ယောက် Black Panther နောက်ဆက်တွဲဆက်ရိုက်ဖို့ အသင့်ဖြစ်နေပြီလို့ ပြောခဲ့ပါတယ်။

**စီအင်န်အင်န်**




အောင်ပွဲခံနေကြသည့် Black Panther အဖွဲ့သားများကို တွေ့ရစဉ်။

## ဥပဒေအတွေးရေးပါရစေ အပိုင်း (၁၅၈)

# တရားလွှတ်တော်ရှေ့နေများ ကောင်စီ

**ဦးဟန်ညွန့် (ဥပဒေ)**






**တစ်နေ့သ၌**

တစ်နေ့သ၌၊ မန္တလေးမှမိတ်ဆွေကြီး ဦးမျိုးချစ် (တရားလွှတ်တော်ရှေ့နေကြီးနှင့် နိုတြီပဗ္ဗလစ်)သည် နေပြည်တော်သို့ ရောက်ရှိလာပါသည်။ ကျွန်တော့်ထံ လာတွေ့သဖြင့် ဘာကိစ္စနှင့်လာသလဲမေးရာ ဦးမျိုးချစ်က တရားလွှတ်တော်များကောင်စီ အစည်းအဝေး တက်ရန်လာခြင်းဖြစ်ကြောင်း ပြောပြပါသည်။

ဦးမျိုးချစ်သည် တရားလွှတ်တော်ရှေ့နေများ ကောင်စီအဖွဲ့ဝင်တစ်ဦး ဖြစ်ပါသည်။ သူနှင့် စပ်မိစပ်ရာ ဆွေးနွေးကြရာ တရားလွှတ်တော်ရှေ့နေများကောင်စီ အကြောင်း ရောက်သွားပါသည်။ လူငယ်ရှေ့နေများ သိသင့်သိထိုက်သည်များပါရှိ၍ ပြန်လည်မျှဝေရေးသားလိုက်ရပါသည်။

**ဗဟုသုတ**

ဦးမျိုးချစ်သည် တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်တစ်ဦး၊ အတွေ့အကြုံရှိပြီး တရားလွှတ်တော်ရှေ့နေများကောင်စီ အဖွဲ့ဝင်တစ်ဦးဖြစ်၍ သူ့မှာ ပြောစရာတွေအများကြီး ရှိနေပေသည်။ လူငယ်ရှေ့နေအတော်များများက သိပ်မသိသေးသော တရားလွှတ်တော်ရှေ့နေများကောင်စီအကြောင်းကို ကျွန်တော့်အား ဥပဒေဗဟုသုတဆောင်းပါး ရေးပေးစေချင်သည်။

**လက်ရှိကောင်စီ**

လက်ရှိတရားလွှတ်တော်ရှေ့နေများ ကောင်စီကို အောက်ပါအတိုင်း ဖွဲ့စည်းထားရှိပေသည်-

(၁) ပြည်ထောင်စုရှေ့နေချုပ်
ဦးထွန်းထွန်းဦး -(ဥက္ကဋ္ဌ)
(၂) ဒုတိယရှေ့နေချုပ်
ဦးဝင်းမြင့် -(ဒုတိယဥက္ကဋ္ဌ)
(၃) ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီးဦးမြဟန် - (အဖွဲ့ဝင်)
(၄) ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စု
တရားလွှတ်တော်ချုပ် -(အဖွဲ့ဝင်)
(၅) တရားလွှတ်တော်ရှေ့နေ ဦးခင်အောင်
(လိုင်စင်အမှတ်- ၂၁၇၇)
ရန်ကုန် -(အဖွဲ့ဝင်)
(၆) တရားလွှတ်တော်ရှေ့နေ ဦးစိုးသိန်း
(လိုင်စင်အမှတ် - ၄၇၀၁)
ရန်ကုန် -(အဖွဲ့ဝင်)
(၇) တရားလွှတ်တော်ရှေ့နေ ဦးသန်းဌေး
(လိုင်စင်အမှတ်- ၁၄၀၀)
ရန်ကုန် -(အဖွဲ့ဝင်)
(၈) တရားလွှတ်တော်ရှေ့နေ ဦးမျိုးချစ်
(လိုင်စင်အမှတ် - ၁၃၆၈)
မန္တလေး -(အဖွဲ့ဝင်)
(၉) တရားလွှတ်တော်ရှေ့နေ ဦးစိုးတင့်ရည်
(လိုင်စင်အမှတ် - ၁၄၈၇)
ရန်ကုန် -(အဖွဲ့ဝင်)
(၁၀) တရားလွှတ်တော်ရှေ့နေ ဦးထွန်းကြည်
(လိုင်စင်အမှတ် - ၂၂၇၈ )
မန္တလေး -(အဖွဲ့ဝင်)
(၁၁) ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး - အတွင်းရေးမှူး

**အက်ဥပဒေ**

တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ၁၉၂၆ ခုနှစ် အိန္ဒိယအက်ဥပဒေအမှတ် ၃၈ ဖြင့် ၁၉၂၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပေသည်။

**ဥပဒေဘာသာပြန်ကော်မရှင်၏ အခန်းကဏ္ဍ**

ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေအရ ဥပဒေဘာသာပြန်ကော်မရှင်သည် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို မြန်မာဘာသာသို့ ပြန်ဆိုခြင်း၊ အတည်ပြုခြင်းပြုသည်။ မြန်မာဘာသာသို့ ပြန်ဆိုထားသည့် ဥပဒေသည် မူလစာမူနှင့်အလားတူ အာဏာတည်စေရန် အမိန့်ထုတ်ပြန်ကြေညာသည်။

အများပြည်သူအတွက် အကျိုးဖြစ်ထွန်းစေမည့် ဥပဒေများကို ဦးစားပေး၍ ဘာသာပြန်ဆိုရန် ရည်ရွယ်သည်။ ဥပဒေဘာသာပြန် လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များကို ဖွဲ့စည်းကာ အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုသည်။ ထို့နောက် မြန်မာဘာသာပြန်ဆိုချက်များကို ကော်မရှင်က အတည်ပြုခဲ့သည်။

ကော်မရှင်က အတည်ပြုသည့် မြန်မာဘာသာပြန်ဆိုထားသော ဥပဒေများသည် မူလစာမူနှင့် အလားတူ အာဏာတည်ရမည်ဖြစ်ကြောင်း ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေပုဒ်မ ၁၂ အရ ၂၇-၆-၂၀၁၈ ရက်စွဲပါ အမိန့်အမှတ် ၁/၂၀၁၈ ကို ထုတ်ပြန်ကြေညာခဲ့သည်။

မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေများသည် အင်္ဂလိပ်ဘာသာဖြင့်ပြဋ္ဌာန်းသော မူလစာမူနှင့် အလားတူ အာဏာတည်သောကြောင့် တရားဝင်ကိုးကားသုံးစွဲခွင့်ရှိမည်ဖြစ်သည်။ ယခု "တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေ "မှာ တရားဝင်ကိုးကားသုံးစွဲခွင့်ရှိပါသည်။

**အရည်အချင်းနှင့်ဝင်ခွင့်**

တရားလွှတ်တော်ရှေ့နေများ၏ အရည်အချင်းနှင့် ဝင်ခွင့်အကြောင်းကို တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေပုဒ်မ ၉ တွင် အောက်ပါအတိုင်း ဖော်ပြထားပေသည်-

(၁) တရားလွှတ်တော်ရှေ့နေများ ကောင်စီသည် တရားလွှတ်တော်၏ ကြိုတင်ခွင့်ပြုချက်ဖြင့် တရားလွှတ်တော်ရှေ့နေများအဖြစ် ဝင်ခွင့် စည်းမျဉ်း သတ်မှတ်နိုင်ရေးအတွက် နည်းဥပဒေများ ထုတ်ပြန်နိုင်သည်။ သို့ရာတွင် အဆိုပါ နည်းဥပဒေများသည် တရားလွှတ်တော်၏ ဆင်ခြင်တုံတရားအရ တစ်စုံတစ်ဦးကို ဝင်ခွင့်ပြုခြင်းအား ငြင်းပယ်သည့် အခွင့်အာဏာကို ကန့်သတ်ခြင်း သို့မဟုတ် တစ်စုံတစ်ရာသော နည်းလမ်းဖြင့် ထိခိုက်ခြင်းမရှိစေရ။

(၂) အထူးသဖြင့် အထက်တွင် ဖော်ပြခဲ့သော အခွင့်အာဏာ၏ ယေဘုယျအချက်ကို မထိခိုက်စေဘဲ ယင်းနည်းဥပဒေများကို အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် သတ်မှတ်ပြဋ္ဌာန်းရမည်။ ၎င်းတို့မှာ-

(က) တရားလွှတ်တော် ရှေ့နေအဖြစ် ဝင်ခွင့်ရရန် လျှောက်ထားသော ပုဂ္ဂိုလ်များတွင်ရှိရမည့် အရည်အချင်းများ

(ခ) တရားလွှတ်တော်သို့ တင်သွင်းရမည့် ဝင်ခွင့်လျှောက်လွှာပုံစံနှင့် လျှောက်ထားရမည့်နည်းလမ်း

(ဂ) တရားလွှတ်တော်က ယင်းလျှောက်လွှာအားလုံးကို တရားလွှတ်တော်ရှေ့နေများ ကောင်စီသို့ အကြောင်းကြားစာပေးပို့ခြင်း

(ဃ) လျှောက်ထားသူတစ်ဦးဦး၏ ဝင်ခွင့်အပေါ် ကန့်ကွက်ချက်တစ်စုံတစ်ရာကို တရားလွှတ်တော်ရှေ့နေများ ကောင်စီ၏ကိုယ်စား တရားလွှတ်တော်က ကြားနာစစ်ဆေးခြင်း

(င) အမည်ရေးသွင်းခြင်းနှင့် စပ်လျဉ်း၍ တရားလွှတ်တော်ရှေ့နေများ ကောင်စီသို့ ပေးသွင်းရမည့် အခကြေးငွေများ ကောက်ခံခြင်း

(စ) အမည်စာရင်း ရေးသွင်းပြီးနောက် တရားလွှတ်တော်ရှေ့နေများ ကောင်စီသို့ပေးသွင်းရမည့် နှစ်စဉ်ကြေးများ ကောက်ခံခြင်းတို့ဖြစ်သည်။

**အကျင့်သိက္ခာ ပျက်ပြားခြင်း**

တရားလွှတ်တော်သည် တရားလွှတ်တော်ရှေ့နေတစ်ဦးဦးကို သတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ (သို့မဟုတ်) အကျင့်သိက္ခာပျက်ယွင်းခြင်းဆိုင်ရာ အပြစ်ရှိကြောင်း တွေ့ရှိလျှင် ပြင်းထန်စွာသတိပေးခြင်း၊ အမှုလိုက်ပါဆောင်ရွက်ခြင်းမှဆိုင်းငံ့ထားခြင်း (သို့မဟုတ်) တရားလွှတ်တော်ရှေ့နေများစာရင်းမှ ပယ်ဖျက်ခြင်းတို့ကို ပြုလုပ်နိုင်ပေသည်။

တရားရုံးတစ်ရုံးရုံးကဖြစ်စေ၊ တရားလွှတ်တော်ရှေ့နေများကောင်စီကဖြစ်စေ (သို့မဟုတ်) ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ အဆိုပါ တရားလွှတ်တော်ရှေ့နေသည် အကျင့်သိက္ခာပျက်ပြားကြောင်း တိုင်ကြားသည့်စာကို လက်ခံရရှိလျှင် တရားလွှတ်တော်သည် ထိုသို့ တိုင်ကြားမှုအား အကျဉ်းနည်းဖြင့် ပလပ်ခြင်းမပြုပါက စုံစမ်းစစ်ဆေးရန် တရားလွှတ်တော်ရှေ့နေများကောင်စီသို့ လွှဲပြောင်းပေးခြင်း၊ သို့မဟုတ် တရားလွှတ်တော်ရှေ့နေများကောင်စီနှင့် တိုင်ပင်ဆွေးနွေးပြီးနောက် ခရိုင်တရားသူကြီးရှိရာ တရားရုံးထံစုံစမ်းစစ်ဆေးရန် လွှဲပြောင်းပေးရမည်။

ထို့ပြင် မည်သည့်အမှုကိစ္စ တစ်ရပ်ရပ်တွင်မဆို အဆိုပါ တရားလွှတ်တော်ရှေ့နေသည် ယင်းသို့ အပြစ်ရှိကြောင်း ယုံကြည်နိုင်လောက်သည့် အကြောင်းခြင်းရာရှိလာပါက တရားလွှတ်တော်၏ ကိုယ်တိုင်အဆိုပြုချက်ဖြင့် ဖော်ပြပါတရားရုံးသို့ စုံစမ်းစစ်ဆေးရန် လွှဲပြောင်းပေးနိုင်သည်။ စသည်ဖြင့် ဖော်ပြ၊ မှတ်သားရသည်။

**အခြားသိမှတ်စရာများ**

အခြားသိမှတ်စရာများ လေ့လာရန်၊ ဖတ်ရှုရန် ကျန်ပါသေးသည်။ အတွေ့အကြုံများ ဝေငှစရာကျန်ပါသေးသည်။ တရားလွှတ်တော် ရှေ့နေကြီးများသည် ဥပဒေပညာရှင်ကြီးများ၊ ဥပဒေ၊ အမှု၊ စေ့ငုစွာ ကျွမ်းကျင်သူများ ဖြစ်ကြပါသည်။ သို့သော်ငြား...။

**စေတနာ**

တရားလွှတ်တော်ရှေ့နေများကောင်စီ၏ အခန်းကဏ္ဍ၊ အက်ဥပဒေ၏ အနှစ်သာရများနှင့် ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာဖောက်ဖျက်မှုများအကြောင်း ဆက်လက်ရေးသားစရာတွေ ကျန်ပါသေးကြောင်း တွေးခေါ်မိသော ကျွန်တော်၏စေတနာ ဥပဒေအတွေးမျှသာပါ...။ ။

**"တရားလွှတ်တော်ရှေ့နေများကောင်စီသည် တရားလွှတ်တော်၏ ကြိုတင်ခွင့်ပြုချက်ဖြင့် တရားလွှတ်တော်ရှေ့နေများအဖြစ် ဝင်ခွင့်စည်းမျဉ်း သတ်မှတ်နိုင်ရေးအတွက် နည်းဥပဒေများ ထုတ်ပြန်နိုင်"**

# မိဘဆရာအသင်းကို ကျောင်းတစ်ကျောင်းမှာ စနစ်တကျဖွဲ့ပြီး ပွင့်လင်းမြင်သာစွာနဲ့ ကျောင်းရဲ့အကျိုးကို ဆောင်ရွက်မယ်ဆိုရင် ကျောင်းသား ကျောင်းသူတွေရဲ့ စာရိတ္တကောင်းမွန်လာမှာ ဖြစ်ပါတယ်

ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန်းစန်းရီ (မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး)

## အခြေခံကျောင်းများတွင် မိဘဆရာအသင်းများ ဖွဲ့စည်းဆောင်ရွက်ရေး စကားဝိုင်း

**အခြေခံကျောင်းများတွင် မိဘဆရာအသင်းများ ဖွဲ့စည်းဆောင်ရွက်ရေး စကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ စကားဝိုင်းဆွေးနွေးပွဲတွင် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဒေါက်တာ တင်ညို၊ ညွှန်ကြားရေးမှူး (ငြိမ်း) ဦးအေးကြိုင်၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန်းစန်းရီတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။**



**အစီအစဉ်မှူး ။ ။ ပထမဆုံး မေးခွန်းအနေနဲ့ အခြေခံပညာကျောင်းတွေမှာ မိဘဆရာအသင်းတွေကို ဘာကြောင့်ဖွဲ့စည်းတည်ထောင်ဖို့ လိုအပ်သလဲဆိုတာ ပြောပြပေးပါ။**

**ဒေါက်တာတင်ညို ။ ။** မိဘများအားလုံးနဲ့ အုပ်ထိန်းသူအားလုံးကို ကိုယ်စားပြုနေတဲ့ မိဘဆရာအသင်းဟာ ကျောင်းတစ်ကျောင်းအတွက် အဓိကလိုအပ်ချက်အသင်းတစ်ခုဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီအသင်းရဲ့ လှုပ်ရှားမှုအရ၊ ဆောင်ရွက်နိုင်မှုအရ၊ ပညာရေးရဲ့တာဝန်ယူဆောင်ရွက်ထားတဲ့ တိုးမြှင့်စီစဉ်တာတွေအားလုံးဟာ အောင်မြင်မှုရလာနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းအလိုက်ဆောင်ရွက်နေကြတဲ့ စီမံဆောင်ရွက်မှုတွေ ပညာရည်တိုးတက်မှုလုပ်ငန်းတွေကို မိဘများကနေတစ်ဆင့် ကျောင်းကို ပါဝင်ပူးပေါင်းနိုင်သလို ကျောင်းကတစ်ဆင့် မိဘများကို အသိပေးခြင်းအားဖြင့် ပူးပေါင်းကူညီနိုင်မှု အခြေအနေအကောင်းဆုံးရနိုင်တဲ့အစီအစဉ် ဖြစ်ပါတယ်။ ဒါကြောင့် ဒီမိဘဆရာအသင်းသည် ကျောင်းတစ်ကျောင်းအတွက် အင်မတန်ကို အရေးပါတဲ့ အသင်းဖြစ်တယ်လို့ ပြောလိုပါတယ်။

ဒီလိုအသင်းဖွဲ့စည်းတာကလည်း မြန်မာနိုင်ငံမှာတင် မဟုတ်ပါဘူး။ အခုလေ့လာမှုအရဆိုရင် ကမ္ဘာ့နိုင်ငံအသီးသီးမှာကိုပဲ သူတို့ခေါ်တော့ PTA လို့ခေါ်ပါတယ်။ Parent Teacher Association၊ တချို့နိုင်ငံတွေကျတော့ Parent Teacher Organization လို့ ခေါ်ပါတယ်။ အဲဒီတော့ နိုင်ငံတိုင်းမှာလည်း ရှိပါတယ်။ မြန်မာနိုင်ငံမှာရှိလာတဲ့ မိဘဆရာအသင်းရဲ့ဟိုတုန်းက စတင်ဖွဲ့စည်းခဲ့တဲ့ဟာတွေကို ပြန်ပြီးလေ့လာမိသလောက်တော့ ၁၉၅၂ ခုနှစ်မှာ ပြည်တော်သာစီမံကိန်းရဲ့တစ်စိတ်တစ်ဒေသဖြစ်တဲ့ ဘဝသစ်ဖန်တီးမှု ပညာရေးစီမံကိန်းဆိုတာ ရှိပါတယ်။ အဲဒီမှာ မိဘဆရာအသင်းကို စတင်ဖွဲ့စည်းခဲ့တယ်လို့ မှတ်တမ်းများအရ တွေ့ရပါတယ်။ အဲဒီမတိုင်မီမှာလည်း ကျောင်းကော်မတီပေ့ါ။ School Committee ဆိုပြီးတော့ ဖွဲ့စည်းတဲ့အတွက် အစဉ်အဆက်အားဖြင့် မြန်မာနိုင်ငံရဲ့ ပညာရေးသမိုင်းမှာ ဒီမိဘဆရာအသင်းသည် အင်မတန်အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်ခဲ့တယ်ဆိုတာကို လေ့လာတွေ့ရှိရပါတယ်။

**အစီအစဉ်မှူး ။ ။ အခု ဆက်လက်ပြီးတော့ ဆရာမကြီးကို မေးချင်ပါတယ်။ အခြေခံပညာကျောင်းတွေမှာ မိဘဆရာအသင်းတွေကို ဖွဲ့စည်းဆောင်ရွက်ခြင်းအားဖြင့် ကျောင်းသား ကျောင်းသူတွေအတွက် ဘယ်လိုမျိုးအကျိုးကျေးဇူးတွေ ရရှိစေမလဲဆိုတာကို ဆရာမကြီးက ဖြေကြားပေးပါဦး။**

**ဒေါ်စန်းစန်းရီ ။ ။** မိဘဆရာအသင်းကို ကျောင်းတစ်ကျောင်းမှာ စနစ်တကျဖွဲ့မယ်။ ပြီးတော့ ပွင့်လင်းမြင်သာစွာနဲ့ ကျောင်းရဲ့အကျိုးကို ဆောင်ရွက်မယ်ဆိုရင် ကျောင်းသားကျောင်းသူတွေရဲ့စာရိတ္တကောင်းမွန်လာမှာ ဖြစ်ပါတယ်။ ကျောင်းတက်မှန်ကန်လာတဲ့အတွက် ပညာရည်မြင့်မားပြီးတော့ အဆင့်မြင့်တဲ့ ပညာရေးကို ရရှိတဲ့ အကျိုးကျေးဇူးကို ခံစားရမှာဖြစ်ပါတယ်။ အဲဒီလိုပဲ မိဘဆရာအသင်းနဲ့အတူ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တွေ၊ ကျောင်းကောင်စီတွေ၊ မိဘရပ်ရွာလူထုတွေ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အဲဒီကျောင်းဟာ ဘက်စုံဖွံ့ဖြိုးတိုးတက်တဲ့ ကျောင်းတစ်ကျောင်းဖြစ်လာမှာ ဖြစ်ပါတယ်။ အဲဒီလို ဘက်စုံဖွံ့ဖြိုးတိုးတက်တဲ့ကျောင်းမှာ ဘက်စုံဖွံ့ဖြိုးတိုးတက်တဲ့ ကလေးတွေကို မွေးထုတ်လာနိုင်တဲ့အပြင် ကျောင်းတွင်းဒီမိုကရေစီပါ အလေ့အကျင့်ကောင်းတွေရရှိတဲ့ အကျိုးကျေးဇူးတွေကို မိဘဆရာအသင်းဖွဲ့စည်းခြင်းဖြင့် မိဘဆရာအသင်းက ရရှိနိုင်ပါတယ်။

**အစီအစဉ်မှူး ။ ။ ဒီတစ်ခါတော့ ဆရာကြီး ဦးအေးကြိုင်ကို မေးချင်ပါတယ်။ အမျိုးသားပညာရေးဥပဒေမှာပါတဲ့ မိဘဆရာအသင်းရဲ့အဓိပ္ပာယ်လေးကိုလည်း သိပါရစေ။**

**ဦးအေးကြိုင် ။ ။** ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားပညာရေးမူဝါဒအရ အမျိုးသားပညာရေးဥပဒေမှာပါတဲ့ မိဘဆရာအသင်းကို ဖွင့်ဆိုတာကတော့ အခြေခံပညာကျောင်းများမှာ သင်ယူသူများ၏ တတ်မြောက်ရေးနှင့် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးကောင်းမွန်ရေးကို ပိုမိုထိရောက်အောင်မြင်စေရန် မိဘအားလုံး၊ အုပ်ထိန်းသူအားလုံးအပြင် ကျောင်းမှာရှိသော ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမတို့ အတူတကွ ပူးပေါင်းဖွဲ့စည်းထားသော အဖွဲ့ကို "မိဘဆရာအသင်း" လို့ အမျိုးသားပညာရေးဥပဒေက ဖွင့်ဆိုပါတယ်။

**အစီအစဉ်မှူး ။ ။ အခုတစ်ခါ ထပ်ပြီးတော့ ဆရာမကြီးကို မေးချင်တာကတော့ မိဘဆရာအသင်းရဲ့တံဆိပ်နဲ့ ဆောင်ပုဒ်လေးကိုလည်း ပြောပြပေးစေလိုပါတယ်။**

**ဒေါ်စန်းစန်းရီ ။ ။** မိဘဆရာအသင်းရဲ့ဆောင်ပုဒ်ကတော့ မိဘဆရာပူးပေါင်း ကလေးပညာကောင်း ဖြစ်ပါတယ်။ မိဘဆရာအသင်းအထိမ်းအမှတ်တံဆိပ်ကတော့ စက်ဝိုင်းပုံထဲမှာ သုံးနားညီတြိဂံပုံ ဖြစ်ပါတယ်။ အဲဒီစက်ဝိုင်းဟာ တိုင်းပြည်ရဲ့ပညာရေးလောကကို ကိုယ်စားပြုတာဖြစ်ပြီးတော့ တြိဂံကတော့ သူသက်ဆိုင်တဲ့ ကျောင်းကို ကိုယ်စားပြုတာဖြစ်ပါတယ်။ အဲဒီတြိဂံရဲ့ယာဘက်အနားကတော့ မိဘအုပ်ထိန်းသူတွေကို ကိုယ်စားပြုပြီးတော့ "မိဘ" ဆိုတဲ့စာလေးကို ရေးပါတယ်။ လက်ဝဲဘက်မှာတော့ ဆရာကို ကိုယ်စားပြုတဲ့အတွက် "ဆရာ" လို့ ရေးပြီးတော့ သုံးနားညီတြိဂံရဲ့ အောက်နားမှာတော့ ကျောင်းသား ကျောင်းသူတွေကို ကိုယ်စားပြုတဲ့အတွက် "ကျောင်းသား" ဆိုပြီးတော့ အဲဒီထဲမှာ ရေးထားပါတယ်။

**အစီအစဉ်မှူး ။ ။ ဒီတစ်ခါ ဆရာကြီး ဦးအေးကြိုင်ကို ထပ်မေးချင်တာကတော့ မိဘဆရာအသင်းရဲ့ သက်တမ်းနဲ့ အသင်းသား ဘယ်နှစ်မျိုးရှိပါလဲ။ အဲဒါလေးလည်း သိပါရစေ။**

**ဦးအေးကြိုင် ။ ။** ကျောင်းတစ်ကျောင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီကျောင်းကို အပ်ထားတဲ့ မိဘတွေအားလုံး ပူးပေါင်းပါဝင်မှ ဒီကျောင်းက ကလေးတွေရဲ့ပညာရေးကို ကျောင်းကဆရာတွေရဲ့ စွမ်းအားနဲ့ စွမ်းဆောင်နိုင်မှာ ဖြစ်ပါတယ်။ ဒါဆိုရင် မိဘဆရာအသင်းရဲ့သက်တမ်းမှာ ပညာသင်နှစ်တစ်နှစ်ကိုပဲ သတ်မှတ်ထားပါတယ်။ အဲဒီပညာသင်နှစ် တစ်နှစ်မှာလည်း ဖွဲ့စည်းရတဲ့ကာလကလည်း ဇူလိုင်လ ပထမပတ်ကို နောက်ဆုံးထားပြီး တစ်နိုင်ငံလုံးရှိ အခြေခံပိုင်ကျောင်းတွေက ဖွဲ့စည်းရပါတယ်။ ဒီလိုဖွဲ့စည်းတဲ့အခါမှာ မိဘဆရာအသင်းဆိုတာ အဲဒီကျောင်းမှာ ပညာသင်ခွင့်ရတဲ့ ကလေးတွေအားလုံးရဲ့ မိဘ (သို့မဟုတ်) အုပ်ထိန်းသူတွေအားလုံး ပါဝင်တဲ့ အဖွဲ့ပါ။ အဲဒါကို မိဘဆရာအသင်းလို့ခေါ်ပါတယ်။ အသင်းသားတွေဖြစ်ပါတယ်။ ဒါပေမယ့် အသင်းသားအားလုံး ပါဝင်ပူးပေါင်းဆောင်ရွက်ဖို့ အခြေအနေမပေးတဲ့အခါမှာ သူတို့ကိုယ်စား၊ အသင်းကြီးရဲ့ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့ဆိုပြီးတော့ ရွေးချယ်တင်မြှောက်ပြီး ကျောင်းရဲ့ဖွံ့ဖြိုးတိုးတက်ရေးကို မိဘနဲ့ဆရာ ပူးပေါင်း ကလေးပညာကောင်းဆိုသလို ကျင့်သုံးအကောင်အထည်ဖော်ပါတယ်။

**အစီအစဉ်မှူး ။ ။ အခုတစ်ခါတော့ မိဘဆရာအသင်းရဲ့အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းပုံနဲ့ ပတ်သက်ပြီးတော့ သိချင်ပါတယ်။ ဆရာကြီး ဒေါက်တာဦးတင်ညိုကစပြီး ပြောပြပေးစေလိုပါတယ်။**

**ဒေါက်တာတင်ညို ။ ။** အလုပ်အမှုဆောင် ဖွဲ့တဲ့အခါမှာ ဒီမိဘအုပ်ထိန်းသူအားလုံးကို တကယ်ကိုယ်စားပြုနိုင်တဲ့ ပုဂ္ဂိုလ်တွေကို ရွေးချယ်ရပါတယ်။ အဲဒီအထဲမှာ အဓိကအားဖြင့်တော့ နာယကပေ့ါ။ ဒါဟာ အသင်းတစ်ခုရဲ့အားလုံးကို စီမံခန့်ခွဲမှုရော၊ အကြံကောင်းဉာဏ်ကောင်းပေးနိုင်မှုရော နာယကကို ဖွဲ့ရပါတယ်။ နာယကသည် အားလုံးကနေပြီးတော့ ဒီလူကို လေးစားပြီးတော့ ဦးဆောင်နိုင်တဲ့ပုဂ္ဂိုလ်ကို ရွေးချယ်ခြင်းအားဖြင့် ဒီအသင်းရဲ့ရပ်တည်မှု၊ ဒီအသင်းရဲ့လှုပ်ရှားမှုကို ပိုမိုပြီးတော့ အားသန်ပြီး ကျောင်းကိုလည်း အကျိုးပြုနိုင်မှာပါ။ ဒါကြောင့် နာယကသည် အသင်းကြီးတစ်ခုလုံးရဲ့ ထိပ်ဆုံးက ရွေးချယ်ရမယ့် ပုဂ္ဂိုလ်ကြီးဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။

**ဦးအေးကြိုင် ။ ။** ကျောင်းတစ်ကျောင်း ဖွံ့ဖြိုးတိုးတက်မှုအတွက် ကလေးတွေရဲ့ ပညာတတ်မြောက်မှု၊ သူတို့ရဲ့ကိုယ်၊ စိတ်၊ နှလုံးကောင်းမွန်မှုကို ပိုမိုထိရောက်အောင် လုပ်တဲ့အခါမှာ အသင်းသားတွေအားလုံး၊ မိဘများအားလုံး၊ ဆရာ ဆရာမအားလုံးကို ကိုယ်စားပြုတဲ့ အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့တဲ့အခါမှာ နာယကရဲ့ ဦးဆောင်အဖွဲ့ကလည်း အရေးကြီးပါတယ်။ တကယ်တော့ အဲဒီကျောင်းတစ်ကျောင်းရဲ့ အောင်မြင်မှုအားလုံးရဲ့ တာဝန်ယူရတဲ့ ပုဂ္ဂိုလ်ကတော့ ဖွဲ့စည်းပုံအရ ကျောင်းအုပ်ကြီးက ဥက္ကဋ္ဌဖြစ်ရပါမယ်။ ကျောင်းအုပ်ကြီးက ဥက္ကဋ္ဌဖြစ်တဲ့အခါမှာ ဒီကျောင်းရဲ့အသင်းနာမည်ကိုက မိဘဆရာဆိုတဲ့ စကားပါတဲ့အတွက်ကြောင့် ဒုတိယဥက္ကဋ္ဌကတော့ မိဘဖြစ်ရပါမယ်။ ဒါ (၁) ပါ။ ဒုတိယဥက္ကဋ္ဌ (၂) ကတော့ ကျောင်းအုပ်ကြီးကို ကိုယ်စားပြုတဲ့ ဆရာတစ်ဦးက တာဝန်ယူရမှာ ဖြစ်ပါတယ်။ ဒီကျောင်းကြီးတစ်ကျောင်းလုံးရဲ့ အတွင်းမှာရှိတဲ့ ကလေးတွေရဲ့ အရည်အသွေးမြင့်မားရေးကို တာဝန်ခံရမယ့် ပုဂ္ဂိုလ်က ဆရာတွေဖြစ်တဲ့အတွက်ကြောင့် အတွင်းရေးမှူးတာဝန်ကိုတော့ ဆရာက တာဝန်ယူရမှာ ဖြစ်ပါတယ်။ အလားတူပဲ မိဘနဲ့ပေါင်းတဲ့အတွက်ကြောင့် ဒီဖွံ့ဖြိုးရေးကို တာဝန်ယူတဲ့ အတွင်းရေးမှူးကို ပူးပေါင်းပြီးတော့ တွဲဖက်အတွင်းရေးမှူးအဖြစ်နဲ့ တာဝန်ယူရတဲ့ သူကတော့ မိဘဖြစ်ရပါမယ်။ ပြီးတော့ ဒီကျောင်းကြီးကို မိဘပြည်သူတွေက ကျောင်းရဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကလေးတွေကို ထောက်ပံ့တာတွေ၊ ချီးမြှင့်တာတွေ၊ စောင့်ရှောက်တာတွေ ပေးအပ်တဲ့ ပစ္စည်းတွေအားလုံး စာရင်းဇယား ငွေကြေးကအစပေ့ါ။ ထောက်ပံ့ထိန်းသိမ်းရေးမှူးဆိုပြီးတော့ ဆရာကိုရွေးချယ်ရပါမယ်။ ဆရာက အတွင်းမှာရှိတဲ့ ပစ္စည်းပစ္စယ၊ ငွေကြေးပစ္စည်းတွေကို ထိန်းသိမ်းစောင့်ရှောက်သလို ဒီကျောင်းကြီးရဲ့ လှုပ်ရှားဆောင်ရွက်မှုတွေအားလုံးကို ပြန်လည်စိစစ်ပြီးတော့ အစီရင်ခံတင်ပြဖို့အတွက် စာရင်းစစ်ကိုတော့ မိဘတစ်ဦးက တာဝန်ယူရပါတယ်။

ကျောင်းဖွဲ့စည်းပုံနဲ့ ကြည့်မယ်ဆိုရင် အခြေခံပညာကျောင်းမှာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းဆိုပြီးတော့ ရှိပါတယ်။ အဲဒီအတွက် အထက်တန်းကျောင်းဖွဲ့စည်းပုံမှာ ကိုယ်စားလှယ် ဘယ်လိုရွေးလဲ၊ အလယ်တန်းကျောင်းရဲ့ကိုယ်စားလှယ် ဘယ်လိုရွေးသလဲ။ မူလတန်းကိုယ်စားလှယ်ရွေးတာကိုတော့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဆရာမကြီး ဒေါ်စန်းစန်းရီက ဆက်လက်ဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။

**ဒေါ်စန်းစန်းရီ ။ ။** ခုနက ဆရာကြီးတို့ ဆွေးနွေးသလိုပဲ ထက်၊ လယ်၊ မူရှိတဲ့အတွက် တစ်ကျောင်းနဲ့ တစ်ကျောင်းမှာ မိဘဆရာအသင်း အလုပ်အမှုဆောင်ရဲ့ အရေအတွက်ဟာ မတူပါဘူး။ အထက်တန်းအဆင့်ကျောင်းဆိုရင်တော့ ၁၃ ယောက်က ၁၅ ယောက်အထိ ဖွဲ့စည်းပါတယ်။ အလယ်တန်းဆိုရင် ၁၁ ယောက်ကနေ ၁၃ ယောက်အထိ ဖွဲ့တယ်။ မူလတန်းကျောင်းတစ်ကျောင်းမှာ ငါးယောက်က ခုနစ်ယောက်အထိ ဖွဲ့တဲ့ကျောင်းရှိသလို ကျောင်းကြီးရင် ခုနစ်ယောက်က ကိုးယောက်အထိ ဖွဲ့တဲ့ကျောင်းလည်း ရှိပါတယ်။

**အစီအစဉ်မှူး ။ ။ ဒီမိဘဆရာအသင်း အလုပ်အမှုဆောင်အဖွဲ့ရဲ့ ဥက္ကဋ္ဌဖြစ်တဲ့ ကျောင်းအုပ်ကြီးရဲ့ လုပ်ငန်းတာဝန်တွေနဲ့ ပတ်သက်ပြီးတော့လည်း သိချင်ပါတယ်။ ဆရာကြီးနဲ့ ဆရာမကြီးက ပြောကြားပေးစေလိုပါတယ်။**

**ဦးအေးကြိုင် ။ ။** တကယ်တော့ ပညာရေးဌာနမှာ တာဝန်ယူခဲ့တဲ့ ပုဂ္ဂိုလ်ထဲမှာ တကယ်ဦးဆောင်လုပ်တဲ့ ကျောင်းအုပ်ကြီးဟာ အခရာပဲ။ အမှန်အတိုင်းပြောရင်တော့ အငြိမ်းစား ပညာရှင်ကြီးတွေကို ဆရာကြီး ဒေါက်တာတင်ညိုဦးဆောင်ပြီးတော့ ပူဇော်ကန်တော့ပွဲလုပ်တဲ့အခါမှာ ညွှန်ကြားရေးမှူးချုပ်တွေ၊ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးတွေအားလုံးရဲ့ ရင်ထဲမှာ သူတို့ဘဝမှာ အတမ်းတဆုံးရာထူးဟာ ကျောင်းအုပ်ဆရာကြီးဆိုတဲ့ ရာထူးကို တမ်းတကြပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျောင်းအုပ်ဆရာကြီးဟာ သူနဲ့အတူတွဲလုပ်တဲ့ ဆရာတွေရဲ့ ခေါင်းဆောင်ဖြစ်သလို တစ်ကျောင်းလုံးရဲ့ခေါင်းဆောင်လည်းဖြစ်တယ်။ ဒါ့အပြင် ရပ်ရွာတစ်ခုလုံးရဲ့ခေါင်းဆောင်လည်းဖြစ်တယ်။ အမှန်တော့ ဆရာကြီးရဲ့ စွမ်းဆောင်ရည်မြင့်ရင် မြင့်သလောက် ကျောင်းကတိုးတက်တယ်။ ဆရာကြီးရဲ့ စိတ်ဓာတ်ခွန်အားပြည့်ရင် ပြည့်သလောက် ကျောင်းက ဖွံ့ဖြိုးတယ်။ ဒီဆရာကြီးဟာ ပြည်သူကို စည်းရုံးနိုင်ရင် စည်းရုံးနိုင်သလောက် ကျောင်းကြီးဖွံ့ဖြိုးတိုးတက်တယ်ဆိုတာ တကယ့်အစစ်အမှန်ပါ။

စာမျက်နှာ ၂၁ သို့

> **"ကျောင်းတစ်ကျောင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီကျောင်းကို အပ်ထားတဲ့ မိဘတွေအားလုံး ပူးပေါင်းပါဝင်မှ ဒီကျောင်းက ကလေးတွေရဲ့ ပညာရေးကို ကျောင်းကဆရာတွေရဲ့ စွမ်းအားနဲ့ စွမ်းဆောင်နိုင်မှာ ဖြစ်ပါတယ်"**

# တွံတေးတူးမြောင်း ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးစီမံကိန်း ဒုတိယအကြိမ်လူထုတွေ့ဆုံပွဲ ဒလမြို့နယ်၌ ပြုလုပ်

**ရန်ကုန် ဇန်နဝါရီ ၂၉**

တွံတေးတူးမြောင်း ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးစီမံကိန်း သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ဆန်းစစ်လေ့လာခြင်း ဒုတိယအကြိမ် လူထုတွေ့ဆုံပွဲကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်သီရိဇေယျနေ်ာရထာခန်းမ၌ ပြုလုပ်ခဲ့သည်။

လူထုတွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ကျော်မှူးက "တွံတေးတူးမြောင်းတစ်လျှောက် ရေထိန်းကမ်းပတ်တာ တည်ဆောက်ခြင်းကြောင့် မိုးရာသီရောက်တိုင်း ကမ်းပါးများ၌ နေထိုင်ကြသော ဒေသခံပြည်သူတွေအနေနဲ့ မြစ်ကမ်းပါးမပြိုကျတော့ဘူး၊ ရေကြီးရေနစ်မြုပ်မှု မဖြစ်ပေါ်စေတော့ဘူး၊ ဆားငန်ရေဝင်ရောက်မှုကြောင့် တွံတေးတူးမြောင်း ဝဲယာတွေမှာ သောက်သုံးရေ၊ စိုက်ပျိုးရေနဲ့ မြေဆီလွှာအရည်အသွေး ထိန်းသိမ်းကာကွယ်နိုင်မှာပါ။ ကျန်းမာရေးထိခိုက်ခြင်းနဲ့ လူမှုစီးပွားဆုံးရှုံးနစ်နာခြင်းများ လျော့နည်းလာမှာ ဖြစ်ပါတယ်။ ဒီစီမံကိန်းက ပြီးခဲ့တဲ့ အစိုးရလက်ထက်ကရော ယခုအစိုးရလက်ထက်ကပါ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်" ဟု ပြောကြားခဲ့သည်။

တွံတေးတူးမြောင်း (၀) မိုင်နှင့် ခနောင်တိုချောင်းဆုံရာတွင် တူးမြောင်းကမ်းပါးတိုက်စားခြင်းနှင့်အတူ တူးမြောင်းကြမ်းပြင် ဝဲလှည့်တိုက်စားခြင်းတို့ကြောင့် ရေစစ်ချိန် ၉၅ ပေကျော်ရှိသည့် ရေနက်အိုးဖြစ်ပေါ်ခြင်း ရေစီးအား ပြင်းထန်ခြင်းတို့ဖြစ်ပေါ်လျက်ရှိခြင်းတို့ကြောင့် (၀) မိုင်ဝန်းကျင်ရှိ မြစ်ကြမ်းပြင်နှင့် ကမ်းပါးတိုက်စားမှုအား ကာကွယ်မှုမပြုလုပ်နိုင်ပါက ရေကြောင်းလုံခြုံမှု လျော့ပါးလာနိုင်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်စေရေးဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ ISAN Corporation တို့ ပူးပေါင်းဆောင်ရွက်၍ တွံတေးတူးမြောင်း ကမ်းပါးထိန်းသိမ်းခြင်း အလျား ၅၈၀၀ မီတာ၊ တွံတေးတူးမြောင်း (၀) မိုင်အနီး ရေဝဲအတွင်း ကျောက်ကြီးဖြည့်ခြင်း ဧရိယာ ၅၅၅၀၀ စတုရန်းမီတာ၊ တူးမြောင်းတစ်လျှောက် ရေကြီးရေလျှံမှုကာကွယ်ရေး ရေထိန်းကမ်းပတ်တာတည်ဆောက်ခြင်းကို ဒလမြို့နယ်အပိုင်း၌ ၁၂ ဒသမ ၂ ကီလိုမီတာ၊ ဆိပ်ကြီးခနောင်တိုမြို့နယ်အပိုင်း၌ ၁၁ ဒသမ ၅ ကီလိုမီတာနှင့် တွံတေးမြို့နယ်အပိုင်း ၁၅ ဒသမ ၈ ကီလိုမီတာတို့ကို ကိုရီးယားသမ္မတနိုင်ငံမှ ချေးငွေ အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၃၀၀ သန်း အတိုးနှုန်းသက်သာစွာဖြင့် ချေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခန့်မှန်းကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၆၉ ဒသမ ၂၄၂ သန်းဖြင့် ၂၀၁၉ ခုနှစ်အတွင်း စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းကာလမှာ ခြောက်နှစ်ဖြစ်ကြောင်း သိရသည်။



တွံတေးတူးမြောင်း ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးစီမံကိန်း ဒုတိယအကြိမ်လူထုတွေ့ဆုံပွဲ ကျင်းပနေစဉ်။

တွံတေးတူးမြောင်း ခနောင်တိုချောင်း၏ ရေစီးရေလာမထိခိုက်စေရေးအတွက် ၃ ဒသမ ၅ မိုင် အဝင်ဝအား ထိန်းချုပ်ထားသဖြင့် ရေကျချိန်တွင် ရေစီးနှုန်းများ၍ ရေဝဲများ ဖြစ်ပေါ်လျက်ရှိပြီး ရေကျချိန် ရေယာဉ်များ အန္တရာယ်မဖြစ်စေရန် တစ်ရက်လျှင် (၄) နာရီ (၂) ကြိမ် ပေါင်း (၈) နာရီ ရေယာဉ်သွားလာမှု ပိတ်ခဲ့ရသည်။ ရေစီးနှုန်းထုထည် များသောကြောင့် ရေဝဲလှည့်မှု ပိုမိုဖြစ်ပေါ်ကာ ကမ်းပါးပြိုကျမှုများ ဖြစ်ပွားသဖြင့် ၃ ဒသမ ၅မိုင် ဖြတ်မြောင်းကို အကျယ် ပေ ၁၀၀၊ အလျား ပေ ၆၅၀ ကို ၂၀၀၉ ခုနှစ်တွင် ချဲ့ထွင်ဖောက်လုပ်ခဲ့ရာ အဆင်ပြေစွာသွားလာနိုင်ခဲ့ကြောင်း၊ သို့သော်လည်း မိုးတွင်းကာလ၌ ကမ်းပြိုတိုက်စားမှုများ ဖြစ်ပွားနေဆဲဖြစ်ကြောင်း သိရသည်။ **နိုင်လင်းကျော် (ဒလ)**

# မသန်စွမ်းသူများ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲ တောင်ငူ၌ ကျင်းပ

**တောင်ငူ ဇန်နဝါရီ ၂၉**

မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင် (တောင်ငူရုံး)မှ ကြီးမှူး၍ မသန်စွမ်းသူများ စွမ်းရည်မြှင့် သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက တောင်ငူမြို့ ငွေဆောင်ဟိုတယ် ခန်းမဆောင်၌ ကျင်းပရာ သင်တန်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို မသန်စွမ်းရှေ့ဆောင် (တောင်ငူရုံး) ဥက္ကဋ္ဌ ဦးလင်းနိုင်က ပြောကြားသည်။

အဆိုပါ မသန်စွမ်းသူများ စွမ်းရည်မြှင့်သင်တန်းတွင် ခေါင်းဆောင်မှုသဘောတရားများ၊ ဘဏ္ဍာရေး ထိန်းသိမ်းတွက်ချက်ခြင်းများ၊ မသန်စွမ်းမှုအမျိုးအစားနှင့် အခေါ်အဝေါ်များ၊ မသန်စွမ်းမှုအမြင်နှင့် အတားအဆီးများ၊ မသန်စွမ်းမှုအမျိုးအစားအလိုက် ဆက်သွယ်ရမည့် နည်းလမ်းများ၊ မသန်စွမ်းမှုဆိုင်ရာ ဥပဒေမူဘောင်များ၊ မသန်စွမ်းသူများအတွက် ဝန်ဆောင်မှုဆိုင်ရာ သတင်းအချက်အလက်များကို ဇန်နဝါရီ ၂၇ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့သည်။

သင်တန်းသို့ တောင်ငူခရိုင်အတွင်းရှိ တွဲလက်ညီညီ ကိုယ့်အားကိုယ်ကိုး မသန်စွမ်းအဖွဲ့၊ ပေါက်တော၊ ငါးဖယ်အင်း၊ အနောက်အင်ဒိုင်း၊ အလယ်ကျွန်း၊ ကင်းဆိပ်ကျေးရွာများ၊ အုတ်တွင်း၊ ကျောက်ကြီး၊ တောင်ငူမြို့များမှ မသန်စွမ်း (ရှေ့ဆောင်ရုံးခွဲ) အဖွဲ့ဝင်များနှင့် နည်းပြဆရာများ တက်ရောက်ကြသည်။ **၁၂၉**



မသန်စွမ်းသူများ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။

# သီပေါ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေး

**သီပေါ ဇန်နဝါရီ ၂၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးနိုင် ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၆ ရက်မှ ယနေ့အထိ မိုင်းပွန်လမ်းနှင့် လမ်းမတော်လမ်းဆုံမီးပွိုင့်တွင် စည်းကမ်းပျက်မော်တော်ယာဉ်များအား ရှောင်တခင် စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် အသံထိန်းကိရိယာမပါသော ဆိုင်ကယ်အိတ်ဇောတပ်မောင်းနှင်သူများအား စစ်ဆေးတွေ့ရှိရသဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးဆောင်ရွက်ရာတွင် မော်တော်ဆိုင်ကယ်ဖြင့် နှစ်ဦးထက်ပို၍ တင်ဆောင်သွားလာခြင်းမပြုရေး၊ ဆိုင်ကယ်စီးဦးထုပ်ဖြင့် စနစ်တကျ မေးသိုင်းကြိုးတပ်ဆင်စီးနင်းရေး၊ လမ်းပြောင်းပြန်မောင်းနှင်ခြင်းမပြုရေး၊ ယာဉ်ရပ်နားရန် နေရာမဟုတ်သည့် နေရာများတွင် ယာဉ်ရပ်နားခြင်းမပြုရေး၊ ယာဉ်နှင့်သက်ဆိုင်သည့် နံပါတ်ပြားများ တပ်ဆင်ထားရှိရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် ပတ်သက်သည့် မော်တော်ယာဉ်ဥပဒေသစ်ကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရေးတို့ကို ပညာပေးဆွေးနွေးပြီး ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်များ ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ကြသည်။ ဆိုင်ကယ်စီးဦးထုပ်မပါရှိသူများကို နီးစပ်ရာဆိုင်များ၌ ဝယ်ယူဆောင်းစေပြီး ပညာပေးမှုများ ဆောင်ရွက်ကြသည်။

**စိုင်း (သီပေါ)**

# ဘီးလင်းမြို့နယ်ရှိ ၁၂ ရွာတွင် နေစွမ်းအင်ဖြင့် မီးလင်းရေးဆောင်ရွက်

**သထုံ ဇန်နဝါရီ ၂၉**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်ကုန်ထုတ်လမ်းများ ဖောက်လုပ်ရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ မဟာဓာတ်အားလိုင်းပြင်ပ ကျေးလက်မီးလင်းရေး၊ ကျေးလက်ဒေသ၌ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ လူထုအခြေပြု စီမံကိန်းလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ မဟာဓာတ်အားလိုင်းပြင်ပ ကျေးလက်မီးလင်းရေးအတွက် မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၂ ရွာတွင် တစ်အိမ်သုံးဆိုလာ ၇၃၉ ယူနစ်၊ အများသုံးဆိုလာ ၁၂၇ ယူနစ် တပ်ဆင်ဆောင်ရွက်နိုင်ခဲ့သည်။

တစ်အိမ်သုံးဆိုလာမီးလင်းရေးအတွက် ကုန်ကျစရိတ်များအား ပြည်သူအချိုးကျထည့်ဝင်ငွေ၊ ကမ္ဘာ့ဘဏ်ချေးငွေနှင့် နိုင်ငံတော်ဘတ်ဂျက်တို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယင်းကျေးရွာ ၁၂ ရွာရှိ အများပြည်သူသုံးအဆောက်အအုံများဖြစ်သော စာသင်ကျောင်း၊ ဆေးပေးခန်း၊ ဘာသာရေးအဆောက်အအုံများနှင့် လမ်းမီးများကို စီမံကိန်းဘတ်ဂျက်မှ ကျခံဆောင်ရွက်ပေးခြင်းဖြစ်သည်။

ဆိုလာများ တပ်ဆင်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီ ၂၃ ရက်တွင် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဘီးလင်းမြို့နယ်ဦးစီးမှူးတို့က လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အများပြည်သူသုံးဆိုလာများကို သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

**မိုးဝင်း**

*စာမျက်နှာ ၂၀ မှ*

ဒါကြောင့်မို့ လက်ထောက်ဆရာတွေဟာ ကျောင်းအုပ်ကြီးရဲ့ ဦးဆောင်မှုကောင်းတဲ့နောက်ကို အားလုံးလိုက်ပါကြတဲ့အတွက်ကြောင့် ကျောင်းတစ်ကျောင်းရဲ့အသက်ပမာ အချက်အချာကျတဲ့ ကျွန်တော်တို့နိုင်ငံမှာ အခြေခံပညာကျောင်း ဖွံ့ဖြိုးတိုးတက်ပြီဆိုရင် အဲဒီကျောင်းရဲ့ ကျောင်းအုပ်ကြီးဟာ အဓိကကျပါတယ်။ ဒါကြောင့်မို့ ကျောင်းအုပ်ကြီးရဲ့အရည်အသွေးနဲ့ ပတ်သက်တဲ့ အသေးစိတ်အချက်အလက်ကိုတော့ ဆရာမကြီး ဒေါ်စန်းစန်းရီက ဆက်လက်ဆွေးနွေးမှာ ဖြစ်ပါတယ်။

**ဒေါ်စန်းစန်းရီ ။ ။** ကျောင်း တစ်ကျောင်းမှာ ကျောင်းအုပ်ကြီးဟာ အဲဒီကျောင်းရဲ့အခရာဖြစ်တဲ့အတွက် ကျောင်းအုပ်ကြီးတစ်ယောက်ရဲ့ စည်းရုံးနိုင်မှု၊ ပွင့်လင်းမြင်သာစွာ လုပ်ဆောင်နိုင်မှု၊ ကိုယ့်ကျောင်းရဲ့ လိုအပ်ချက်တွေကို မိဘတွေကိုချပြပြီးတော့ ကိုယ့်ရဲ့ကလေးတွေ ပညာရည်မြင့်မားဖို့အတွက် မိဘတွေနဲ့ ပူးပေါင်းလိုက်တဲ့အချိန်မှာ မိဘတွေက ကျောင်းရဲ့ လိုအပ်ချက်တွေကို လူအား၊ ငွေအား၊ သူ့ရဲ့အားတွေနဲ့ ဝင်ပြီးတော့ ကူညီပံ့ပိုးလာကြပါတယ်။ အဲဒီလို ကူညီပံ့ပိုးလာတဲ့အတွက်ကြောင့် ကျောင်းရဲ့ ရုပ်ပိုင်းဖွံ့ဖြိုးတိုးတက်လာသလိုပဲ ကလေးတွေ သင်ကြားရေးအတွက် လိုအပ်တဲ့ အဆောက်အဦတွေ၊ ပရိဘောဂတွေ ပြည့်ဝလာတဲ့အတွက် ကလေးတွေရဲ့ သင်ကြားရေးမှာ တိုးတက်လာသလို ကလေးတွေ စိတ်ဓာတ်မြင့်မားရေးအတွက် ကလေးတွေ လိုအပ်တဲ့ကျောင်း ဖွံ့ဖြိုးရေးလုပ်ငန်းတွေ၊ ပညာရေးက စာတစ်ခုတည်းပဲ သင်လို့မရတဲ့ အရာဖြစ်တဲ့အတွက် ကလေးတွေအားလုံး ဖွံ့ဖြိုးတိုးတက်နိုင်အောင် ကျောင်းရဲ့ဖွံ့ဖြိုးရေးလုပ်ငန်းတွေကိုလည်း မိဘတွေရဲ့ပူးပေါင်းမှုနဲ့ ပါဝင်လိုက်တဲ့ အချိန်မှာ ကျောင်းဟာတကယ်ပဲ ဘက်စုံဖွံ့ဖြိုးတိုးတက်တဲ့ ကျောင်းတစ်ကျောင်းဖြစ်လာတယ်။ ဘက်စုံဖွံ့ဖြိုးတိုးတက်တဲ့ကျောင်းမှာ တကယ် ဘက်စုံထူးချွန်တဲ့ ကျောင်းသားတွေ ရရှိလာနိုင်တဲ့အထိ တိုးတက်လာမှာ ဖြစ်ပါတယ်။ ဒါဟာ ကျောင်းအုပ်ကြီးရဲ့စွမ်းဆောင်မှုကြောင့် ကျောင်းအုပ်ကြီးသည် မိဘတွေနဲ့ ကျောင်းက ဆရာ ဆရာမတွေကို စည်းရုံးနိုင်တဲ့အတွက် ဖြစ်ပေါ်လာမယ့် အကျိုးတရားတွေ ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ ဆရာမကြီးကိုပဲ ထပ်ပြီးတော့ မေးချင်ပါတယ်။ မိဘဆရာအသင်း အလုပ်အမှုဆောင်အဖွဲ့ရဲ့ လုပ်ပိုင်ခွင့်ရှိတဲ့ တာဝန်တွေ၊ လုပ်ငန်းတွေနဲ့ ပတ်သက်ပြီးတော့လည်း ရှင်းပြပေးစေလိုပါတယ်။**

**ဒေါ်စန်းစန်းရီ ။ ။** မိဘဆရာအသင်း လုပ်ပိုင်ခွင့်ရှိတဲ့ အလုပ်တွေက မိဘဆရာအသင်းသည် ကိုယ့်ရဲ့ နယ်မြေထဲမှာရှိတဲ့ ကလေးတွေအားလုံး ကျောင်းအပ်နိုင်မှု၊ ကျောင်းတက်နိုင်မှုနဲ့ ကျောင်းမထွက်ဖို့အတွက်လည်းပဲ ကျောင်းက ဆရာ ဆရာမတွေနဲ့ ပူးပေါင်းတာဝန်ယူရပါတယ်။ အဲဒီလိုပဲ။ သူ့ရဲ့ ကျောင်းမှာရှိတဲ့ ကလေးတွေရဲ့ ပညာရည်နဲ့ ပတ်သက်လို့၊ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်၊ တက္ကသိုလ်ဝင်တန်းအထိ ထူးချွန်တဲ့ကလေးတွေ ဆုချီးမြှင့်ရေးကိစ္စတွေမှာလည်း ပူးပေါင်းပါဝင်ရသလိုပဲ ဘက်စုံဖွံ့ဖြိုးတဲ့ ကလေးတွေ၊ စာစီစာကုံး၊ အားကစား စတဲ့ ဖွံ့ဖြိုးရေးမှာ ထူးချွန်တဲ့ ကလေးတွေအတွက်လည်းပဲ ဆုချီးမြှင့်မယ့်နေရာမှာ မိဘဆရာအသင်းက ကျောင်းအုပ်တွေနဲ့ ပူးပေါင်းတာဝန်ယူဆောင်ရွက်ရတာ ရှိပါတယ်။ တကယ်ထောက်ပံ့ဖို့အတွက် အကူအညီလိုတဲ့ ကလေးတွေအတွက်လည်းပဲ မိဘဆရာအသင်းက ပူးပေါင်း ပါဝင်ကူညီရတယ်။ ဒီလို ပူးပေါင်းပါဝင်ကူညီဖို့အတွက် မိဘဆရာအသင်းမှာ ပါဝင်ကူညီခွင့်ရှိတဲ့ လုပ်ငန်းတွေ ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ ဆရာမကြီးက မိဘဆရာအသင်း အလုပ်အမှုဆောင်အဖွဲ့ရဲ့ လုပ်ပိုင်ခွင့်ရှိတဲ့အရာတွေကို ပြောပြီးသွားပြီဆိုတော့ ဆရာကြီးကနေပြီးတော့ လုပ်ပိုင်ခွင့်မရှိတဲ့ အရာတွေရှိရင်လည်း ပြောပြပေးစေလိုပါတယ်။**

**ဦးအေးကြိုင် ။ ။** အမှန်တော့ မိဘဆရာအသင်းရဲ့ဖွဲ့စည်းတဲ့ရည်ရွယ်ချက်ကိုက ကလေးကို ဦးစားပေးတာပါ။ "မိဘဆရာ ပူးပေါင်း ကလေးပညာကောင်း" ဆိုတော့ "ကလေး ပညာကောင်းစေဖို့ မိဘဆရာပူးပေါင်းကြပါစို့" ဆိုရင် သူတို့အနေနဲ့ ကလေးကိုပဲ ဦးစားပေးပြီး စဉ်းစားတဲ့အတွက်ကြောင့် ကျောင်းတွင်း စီမံခန့်ခွဲရေးကိစ္စတွေကို သူတို့ ပါဝင်ဆောင်ရွက်ခြင်း မရှိပါဘူး။ သူတို့ကလေးရဲ့ဘက်စုံဖွံ့ဖြိုးရေးကိုသာ အာရုံပြုမှ ကလေးရဲ့အရည်အသွေးကို မြှင့်ရာကျပါမယ်။ အဲဒီတော့ ကျောင်းတွင်းစီမံခန့်ခွဲရေးကို ကျောင်းအုပ်ကြီးနဲ့ ဆရာ ဆရာမနဲ့ သက်ဆိုင်ရာ ဦးစီးဌာန၊ ဝန်ကြီးဌာနက ဆောင်ရွက်တဲ့အတွက်ကြောင့် မိဘတွေဟာ ဝင်ရောက်ဆောင်ရွက်ခြင်း မရှိပါဘူး။ အလားတူပဲ။ ကျောင်းတစ်ကျောင်းရဲ့ ပညာရေးတိုးတက်ဖို့အတွက် သင်ရိုးညွှန်းတမ်းတွေ၊ သင်ခန်းစာပြဋ္ဌာန်းမှုတွေ သင်ကြားပြသဖို့အတွက် ကိစ္စတွေအားလုံးကိုလည်း မိဘတွေဟာ ဆရာတွေကိုပဲ လုံးလုံးလျားလျား ပုံအပ်ထားတာဖြစ်ပါတယ်။ သူတို့ ဝင်ရောက်မဆောင်ရွက်ပါဘူး။ အလားတူပဲ။ ဒီဆရာ ဆရာမတွေ သင်ခန်းစာကို ပြဋ္ဌာန်းတဲ့အခါမှာ ဘာသာရပ်ခွဲတာတွေပေါ့။ အဲဒီလို ခွဲတဲ့အခါ၊ သင်ရိုးအဖွဲ့တွေ ဖွဲ့တဲ့အခါ ဆရာတွေကိုပဲ ယုံကြည်စွာ အပ်နှံထားပါတယ်။ သူတို့ပါဝင်ဆောင်ရွက်ခြင်း မရှိပါဘူး။

နောက်ကျောင်းလက်ခံတဲ့ကိစ္စတွေ၊ အတန်းတင်ပေးတယ်၊ အတန်း အောင်/ရှုံး သတ်မှတ်တယ်။ ဒါတွေဟာလည်း ဆရာတွေရဲ့ ပညာရေးလုပ်ငန်းဖြစ်တဲ့အတွက်ကြောင့် မိဘတွေက ဝင်ရောက်စွက်ဖက်ခြင်း မရှိပါဘူး။ သူတို့အနေနဲ့ ပူးပေါင်းကူညီတဲ့ဘက်ကိုပဲ အာရုံစိုက်ပါတယ်။ နောက်ဆရာတွေ ရာထူးခန့်တာတွေ၊ ပြောင်းရွှေ့တာတွေ စတဲ့စီမံခန့်ခွဲရေးကိစ္စတွေမှာလည်း မိဘများက ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း မရှိပါဘူး။ ကျောင်းစည်းကမ်းအရ ကျောင်းစည်းကမ်းထိန်းသိမ်းရေးကော်မတီရဲ့ဆောင်ရွက်မှုတွေကိုလည်း မိဘတွေ ပါဝင်ဆောင်ရွက်ခြင်း မရှိပါဘူး။ သူတို့ရဲ့ ရည်ရွယ်ချက်ကိုက ဒီကျောင်းမှာအပ်ခဲ့တဲ့ သူတို့ကလေးတွေရဲ့ဘဝ ပညာတတ်မြောက်ရေး၊ ယဉ်ကျေးသိမ်မွေ့ရေး၊ နိုင်ငံသားကောင်းဖြစ်ရေး၊ သူတို့ရဲ့ ယဉ်ကျေးလိမ္မာရေးကိစ္စတွေကို အာရုံပြုတဲ့အတွက်ကြောင့် ကျောင်းတွင်း စီမံခန့်ခွဲရေးကိစ္စတွေမှာ မိဘတွေက ပါဝင်ခြင်းမရှိကြောင်း မှတ်တမ်းရှိပါတယ်။

**သတင်းအဖွဲ့**

*(ဆက်လက်ဖော်ပြပါမည်)*

# ယောချောင်းတံတား (ကံတွင်း) တံတားသစ်တည်ဆောက်ရေး စက်တင်ဘာလကုန် အပြီးဆောင်ရွက်မည်

ဆိပ်ဖြူ ဇန်နဝါရီ ၂၉

**မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် အရှေ့ကံတွင်းကျေးရွာတွင် ဆောက်လုပ် ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည် ဆောက်ရေးအဖွဲ့(၂) တံတားအထူးအဖွဲ့(၅) ဆိပ်ဖြူက ဆိပ်ဖြူ-ပခုက္ကူကားလမ်း ယောချောင်းတံတား(ကံတွင်း) တံတား သစ်ကို တည်ဆောက်လျက်ရှိရာ ၂၀၁၉ ခုနှစ် သတ်မှတ်ကာလဖြစ်သော စက်တင်ဘာလကုန် တည်ဆောက်ရေး အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။**

အရှေ့ကံတွင်းကျေးရွာတွင် ယခင်က ဒေသခံပြည်သူများနှင့် ခရီးသွား ပြည်သူများက တံတားတစ်စင်းကို အသုံး ပြု၍ သွားလာမှုရှိခဲ့သော်လည်း ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၁ ခုနှစ်တို့တွင် တိုက်ခတ် ခဲ့သည့် အိုတူးဘီမုန်တိုင်းနှင့် ဂီရိမုန်တိုင်း ဒဏ်ကြောင့် ရေကြီးရေလျှံမှုဖြစ်ကာ ယခင်တံတားမှာ ပျက်စီးဆုံးရှုံးသွားခဲ့ရပြီး ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူ များ သွားလာရေးခက်ခဲခဲ့ကြောင်း သိရ သည်။

ဒေသခံပြည်သူများ၏ ခရီးသွားလာ မှုနှင့် လမ်းအခက်အခဲများကို သက်ဆိုင် ရာ တာဝန်ရှိသူများထံ တင်ပြခဲ့မှု ကြောင့် ခရီးသွားလာမှု အဆင်ပြေစေရန် ယောချောင်းတံတား (ကံတွင်း) တံတား သစ်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက် ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

အဆိုပါတံတားသစ်ကို ယခင် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် တံတား ရေရောက်အမှတ်ထက် ၁၀ ပေ အမြင့်၊ အောက်ခံအုတ်မြစ်အချင်း ၁ ဒသမ ၂ မီတာ Bore Pile အမျိုး အစား၊ သံကူကွန်ကရစ်ကပ်ခုံ နှစ်ခုပါ ရေလယ်တိုင် ရှစ်တိုင် ကိုယ်ထည်၊ ရက်မ 100 PC Girder ကိုးခန်း၊ သံကူ ကွန်ကရစ်ကြမ်းခင်း ကိုးခန်းနှင့် စတီးပိုက် လက်ရန်းအမျိုးအစား၊ တံတားအရှည် ပေ ၉၀၀၊ တံတားအကျယ် ပေ ၃၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ နှစ်လမ်း မောင်း၊ လူသွားလမ်း တစ်ဖက်လျှင် သုံးပေ နှစ်လမ်းပါရှိပြီး ခွင့်ပြုတန်ချိန် ကုန်+ယာဉ် တန် ၆၀ ဖြစ်ကြောင်း သိရသည်။

ယောချောင်းတံတား (ကံတွင်း) တံတားသစ်ကို ဆောက်လုပ်ရေးဝန်ကြီး ဌာန တံတားဦးစီးဌာန တည်ဆောက်ရေး အဖွဲ့(၂) တံတားအထူးအဖွဲ့(၅) ဆိပ်ဖြူမှ ဒုတိယညွှန်ကြားရေးမှူး ဦးညီညီဇော်၊ ဦးစီးအရာရှိ (မြို့ပြ) ဦးအေးမြင့်နှင့် ကျွမ်းကျင်ဝန်ထမ်းများက ၂၀၁၇ ခုနှစ် ဇွန်လ ၅ ရက်နေ့မှစတင်၍ နိုင်ငံတော်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုငွေကျပ် သန်း ၁၀၀၀၊ မီနီဘတ်ဂျက် ငွေကျပ် သန်း ၃၀၀၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ငွေကျပ် သန်း ၁၄၀၀ တို့ဖြင့် ဆောင်ရွက်လျက်ရှိ သည်။



ယောချောင်းတံတား (ကံကွင်း) တံတားသစ်တည်ဆောက်ရေး လုပ်ငန်းခွင်။

လက်ရှိအချိန်တွင် တံတားတိုင် အမှတ် (A-1) မှ (P -4) အထိ ရက်မ တင်ပြီး (A-1) မှ (P -2) အထိ တံတား ကြမ်းခင်းလောင်း ဆောင်ရွက်ပြီးစီးသွား ကာ သတ် မှတ်စံချိန်စံညွှန်းပြည့်မီစွာ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီး နိုင်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရေး ဆောင် ရွက်လျက်ရှိသည်။

**စိုးလင်းနိုင် (ပြန်/ဆက်)**

# ရမ်းဗြဲမြို့နယ်၌ လျှပ်စစ်မီးရရှိနိုင်ရန် ကျေးရွာကိုးရွာ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေ

**ရမ်းဗြဲ ဇန်နဝါရီ ၂၉**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ်တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာ နှစ်အတွင်း ရခိုင်ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ရမ်းဗြဲ မြို့နယ်ရှိ ကျေးရွာကိုးရွာအား ယခုတင်ဒါအောင်မြင် ခဲ့သော ကုမ္ပဏီများက လျှပ်စစ်တည်ဆောက်ရေးလုပ် ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ကျောက်ဖြူခရိုင် လျှပ်စစ်ဦးစီးဌာနမှ ယမန်နေ့က သိရသည်။

ထိုသို့ ရမ်းဗြဲမြို့နယ်တွင် ကျေးရွာကိုးရွာ၏ လျှပ်စစ် နှင့် သက်ဆိုင်သည့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ကျေးရွာများမှာ ပုန်းဆိုးပြင်၊ ဝက်ကိုက်ချောင်း၊ ချောင်းဖျားရွာကြီး၊ ခြံညို၊ ခွဆုံ၊ နားမူးတွေ၊ ရမ်းပေါက်ရွာကြီး၊ ကုန်းဘောင်(စံပြ)၊ ရပတင်ကျေးရွာတို့ ဖြစ်သည်။ ယင်းကျေးရွာများသို့ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးသိန်းစိုး၊ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးနေထက်လင်းတို့က တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်လျက်ရှိသောနေရာများသို့ ကွင်းဆင်း ၍ လုပ်ငန်းများသတ်မှတ်အချိန်ပြီးစီးနိုင်ရန်နှင့် လျှပ်စစ် နှင့်ပတ်သက်သော လုပ်ငန်းကိစ္စရပ်များကို ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။ **အောင်လှဖြူ(ရမ်းဗြဲ)**

# မကွေးမြို့တွင် တိုးချဲ့ရပ်ကွက်မြေဈေးများ အဆမတန်မြင့်တက်၍ အခြေခံလူတန်းစားများ မဝယ်ယူနိုင်

**မကွေး ဇန်နဝါရီ ၂၉**

မကွေးမြို့အတွင်း တိုးချဲ့ထားသည့်ရပ်ကွက်များ၌ မြေကွက်ဈေးများ မြင့်တက်လာ မှုကြောင့် ဆင်းရဲနွမ်းပါးသော အခြေခံလူတန်းစားများနှင့် သာမန်ဝန်ထမ်းများ အတွက် ကိုယ်ပိုင်ဝိုင်းမြေနေရာများ ဝယ်ယူခွင့်ရရန် လက်လှမ်းမမီနိုင်ကြောင်း ဒေသခံများထံမှ သိရသည်။

မကွေးမြို့ အောင်မေတ္တာတိုးချဲ့ရပ်ကွက်ကို ၁၉၉၄ ခုနှစ်မှ စတင်ချမှတ်ခဲ့ပြီး ၂၀၀၂ ခုနှစ်မှ ၂၀၀၇ ခုနှစ်ခန့်အထိ လူနေကျဲပါး၍ မစည်ကားသေးကြောင်း၊ အိမ်ဝိုင်းဈေးမှာလည်း ငွေကျပ် ငါးသိန်းမှ ၁၀ သိန်းခန့်သာရှိသည်။ ယခင်က အောင်မေတ္တာ၊ အောင်စေတနာ ရပ်ကွက်များသည် လူနေနည်းကြသော်လည်း ယခုအခါ လူနေထူထပ်၍ စည်ကားလာသော ရပ်ကွက်များဖြစ်ပြီး မြေဈေးများမှာ လည်း မြင့်တက်လာပြီဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

အောင်မေတ္တာရပ်ကွက် မြင်းကင်းလမ်း နံဘေး၌ ပေ( ၆၅ × ၆၅) မြေကွက် တစ် ကွက်လျှင် ငွေကျပ်သိန်း ၆၀၀ မှ ၇၀၀ အထိ ဈေးပေါက်ကြောင်း၊ အဝယ် လိုက်သော်လည်း ရောင်းသူမရှိသည်အထိ ဈေးကိုင်မှုများရှိကြောင်း၊ ဝိုင်းပွဲစား များလည်း အရောင်းအဝယ် အလုပ်ဖြစ်ခြင်းနည်းပါးကြောင်း အိမ်ခြံမြေပွဲစားများထံမှ သိရသည်။ ယင်းရပ်ကွက်၏အတွင်းပိုင်း၌ ငွေကျပ်သိန်း ၂၅၀မှ ၃၀၀ အထိရှိပြီး အစွန် အဖျားပိုင်းများ၌လည်း ငွေကျပ်သိန်း ၁၀၀ ကျော်အထိ ဈေးပေါက်ကြောင်း ဝိုင်းပွဲစားများထံမှ သိရသည်။

"အခြေခံလက်လုပ်လက်စားနဲ့ သာမန်ဝန်ထမ်းတွေ၊ အခြေခံလူတန်းစားတွေ အတွက်ကတော့ မြေဈေးကများ ဝင်ငွေကနည်းပါးတော့ အိမ်ဝိုင်းပိုင်ဖို့ အိပ်မက် တောင် မမက်ရဲပါဘူး"ဟု အောင်မေတ္တာရပ်ကွက်မှ ဒေသခံတစ်ဦးက ပြောသည်။

ယခုအခါ အောင်စေတနာရပ်ကွက် တောင်တွင်းလမ်းနှင့် အဝေရာလမ်း တို့တွင် ပေ(၄၀×၆၀)ကို ငွေကျပ်သိန်း ၁၀၀၀ ခန့်အထိရှိပြီး ရပ်ကွက်အစွန်အဖျားများ၌ ကျူးကျော်အိမ် ဆောက်လုပ်နေထိုင်မှုများ တိုးပွားလာကြောင်း သိရသည်။

ကျူးကျော်နေထိုင်သူ ဒေသခံတစ်ဦးက "ကျွန်တော်တို့ တစ်နေ့လုပ်မှ တစ်နေ့ စားရတဲ့ အခြေခံလူတန်းစားတွေအတွက် ကိုယ်ပိုင်ဝိုင်းနဲ့ နေနိုင်ဖို့ဆိုတာ ထီပေါက်မှပဲ အကောင်အထည်ပေါ်မယ်ထင်ပါတယ်။ ဝိုင်းဈေးတွေက အဆမတန် မြင့်နေလို့ မဝယ်နိုင်ပါဘူး။ စီးပွားရေးသမားတွေရဲ့ မြေဈေးကစားမှုတွေကြောင့်လည်း အိမ်ဝိုင်းဈေးက ပိုဆိုးလာတယ်။ တချို့စီးပွားရေးသမားတွေက ဝိုင်းဝယ်ထားပြီး လူမနေဘူး။ အိမ်ကလေးဖြစ်သလိုဆောက်ပြပြီး မီတာလျှောက်တယ်။ ရေတွင်း တူးတယ်။ ပြီးရင် ဈေးကောင်းရရင် ပြန်ရောင်းစားတယ်။ အမှန်တကယ် နေထိုင်လို သူတွေအတွက် အလွန်နစ်နာတယ်" ဟု ပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်းမှ စီးပွားရေးသမားများအပြင် ရှမ်းပြည်နယ် တောင်ကြီး၊ ပြင်ဦးလွင်၊ မိတ္ထီလာ၊ မန္တလေးနှင့် ရန်ကုန်ဒေသများမှ စီးပွားရေးသမား ကလည်း ဈေးကောင်းပေး၍ ဝယ်ယူထားကြကြောင်း ဒေသခံများက ပြောသည်။

အဆိုပါရပ်ကွက်များ၌ အိမ်ဝိုင်းမြေနေရာများတွင် ဈေးနှုန်းမြင့်မားမှုများရှိပြီး အချို့မှာ ဝိုင်းတစ်ခြမ်း ဝယ်ယူလိုသော်လည်း ဈေးကိုင်နေခြင်းများကြောင့် အရောင်း အဝယ် အေးနေကြောင်း၊ တချို့မှာ ဝိုင်းမြေဝယ်ထားကြသော်လည်း မြေနေရာပိုင် ဆိုင်မှုများ၊ အငြင်းပွားမှု ပြဿနာများဖြစ်ပွားလျက်ရှိနေကြောင်း အိမ်ခြံမြေအကျိုး ဆောင်အချို့ထံမှ သိရသည်။

**ဇွဲထက်ရှင်**

# တန့်ဆည်၌ မူခင်းကျဆင်းရေးအသိပညာပေး

**တန့်ဆည် ဇန်နဝါရီ ၂၉**

တန့်ဆည်မြို့နယ် ကုန်းရိုးကျေးရွာအုပ်စု ရတနာကျေးရွာ အမကတွင် တန့်ဆည်မြို့မရဲစခန်း ခေတ္တစခန်းမှူး ရဲအုပ်ဝင်းနိုင်က တက်ရောက်လာကြသည့် ဒုတိယပညာရေးမှူး ဦးထန်ချွန်း၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ များ၊ ရပ်မိရပ်ဖများနှင့် ကျေးရွာသားများအား ဇန်နဝါရီ ၂၄ ရက်က မူခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းနှင့် မုဒိမ်းမှုများ လျော့နည်း ပပျောက်ရေး အသိပညာ ပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကိုရဲ**



# အသက် (၈၅) နှစ်အထက် ဘိုးဘွားများနှင့် မသန်စွမ်းသူများအား ကျေးရွာအရောက် ထောက်ပံ့

**ကျောင်းကုန်း ဇန်နဝါရီ ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ ပေးအပ်သော အသက် (၈၅) နှစ်အထက် အဘိုးအဘွားများအား လူမှုရေးပင်စင်နှင့် မသန်စွမ်းများအား ကျေးရွာအရောက် လိုက်လံထောက်ပံ့ပေးအပ်မှုကို ဇန်နဝါရီ ၂၇ ရက်က ကျောင်းကုန်းမြို့နယ် ဇီးချောင်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဇီးချောင်ကျေးရွာနှင့် ထန်းတပင်ကျေးရွာများမှ အဘိုးအဘွားများ၊ မသန်စွမ်းသူများအား လွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ဂုန်မင်းကျေးရွာ၊ လက်ပန်ချောင်ကျေးရွာနှင့် ရေတာကြီးကျေးရွာများမှ အဘိုး အဘွားများ၊ မသန်စွမ်းသူများအား ဂုန်မင်းဘုန်းတော်ကြီးကျောင်း၌ ထောက်ပံ့ပေးအပ်ခဲ့ ပြီး မာလာကွင်းမူလတန်းကျောင်း၌ လှည်းဆိပ်ကျေးရွာမှ အဘိုးအဘွားများ၊ မသန်စွမ်း သူများအား ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **ဝင်းကြိုင် (ပြန်/ဆက်)**

# မြို့နယ်များ၌ ဆင်ခြေထောက်ရောဂါကာကွယ်ဆေးတိုက်ကျွေး

## မြစ်ငယ်

ဆင်ခြေထောက်ရောဂါ ကင်းဝေးရေးအတွက် လူကုန်ဆေးကျွေးခြင်းလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ကျန်းမာ ရေးမှူး ဒေါ်လှိုင်လှိုင်ဝင်းနှင့်အဖွဲ့၊ မြစ်ငယ်မြို့မရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်မြင့် သိန်းနှင့်အဖွဲ့သည် မြစ်ငယ်မြို့မရပ်ကွက်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ တို့ ပူးပေါင်း၍ ဇန်နဝါရီ ၂၇ ရက်က ဆင်ခြေထောက် ရောဂါကာကွယ်ဆေးတိုက်ကျွေးခဲ့ ကြောင်း သိရသည်။ **မောင်မောင်စိုး(မြစ်ငယ်)**

## သရက်

ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ သရက်အကျဉ်းထောင်ရှိ ဝန်ထမ်းများ၊ မိသားစုများအား ဆင်ခြေထောက်ရောဂါကာကွယ်ဆေးတိုက်ကျွေးခြင်းကို ဇန်နဝါရီ ၂၈ ရက်က ကျင်းပခဲ့ရာ သရက်အကျဉ်းထောင် တာဝန်ခံအရာရှိ (ထောင်ပိုင်ကြီး) ဦးသိန်းလွင်က အမှာစကားပြောကြားသည်။ သရက်ခရိုင်ပြည်သူ့ဆေးရုံကြီးမှ လက်ထောက်ငှက်ဖျားမှူး ဦးကျော်ထွန်းက ဆင်ခြေထောက်ရောဂါကာကွယ်ဆေး သောက်၍ ခေါင်းမူးခြင်းမဟုတ်ကြောင်း၊ ရောဂါအခံရှိသူများသာ မူးခြင်းဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအရ ဆင်ခြေထောက်ပိုးကို ၁၈၇၇ ခုနှစ်က သရက်မြို့၌ စတင်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။ အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းမိသားစု အိမ်ထောင်စု ၆၂ စုမှ လူဦးရေ ၁၂၀ ခန့်ကို ဆေးများတိုက်ကျွေးခဲ့ကြောင်း သိရ သည်။ **ပေါက်ကလေး(သရက်)**

## နေပြည်တော်

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲအနီးသတင်းနှင့် စာနယ်ဇင်းလုပ်ငန်းလက်အောက်ရှိ မြန်မာ့အလင်း၊ ကြေးမုံသတင်းစာတိုက်များရှိ ဝန်ထမ်းများနှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ ဝန်ထမ်းများ၊ မိသားစုများကို ဇေယျာသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်စံအောင်ကျေးလက် ကျန်းမာရေးမှူး ဦးကျော်မင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးအသိပညာ ပေးခြင်းများ၊ ဆင်ခြေထောက်ရောဂါကင်းဝေးစေရေးနှင့် သံချဆေးပေါင်းကို ဇန်နဝါရီ ၂၇ ရက်က တိုက်ကျွေးခဲ့ကြောင်း သိရသည်။ **ဇော်ဘီ**



**ကယားပြည်နယ် ရှာသစ်မြို့ကျန်းမာရေးဦးစီးဌာနမှ ဆရာမ ဒေါ်ခတ္တာမြင့်ဦးဆောင်၍ ဇန်နဝါရီ ၂၉ ရက်က စာသင်ကျောင်းများသို့ ကွင်းဆင်းဆောင်ရွက်ကာ ဆင်ခြေ ထောက်ရောဂါကာကွယ်ဆေးနှင့် သန်ချဆေးအကြောင်း ဟောပြောဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများအား ကာကွယ်ဆေးတိုက်ကျွေးခဲ့စဉ်။**

နန်းဆွေဆွေအေး(ရှာသစ်)

## ပွင့်ဖြူ

ပွင့်ဖြူမြို့နယ် စံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဒေါ်ခိုင် ခိုင်မြင့်၊ ဆရာ ဆရာမများသည် ဇန်နဝါရီ ၂၈ ရက်က ပွင့်ဖြူမြို့နယ် ကံသာကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ဆင်ခြေထောက်ရောဂါ ကင်းဝေးစေရေး သံချဆေးပေါင်းတိုက်ကျွေးခြင်းနှင့် ဆင်ခြေထောက်ရောဂါ အကြောင်း သိကောင်းစရာ အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။ ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာ၌ KG တန်းမှ ဒသမတန်း အထိ ကျောင်းသား ကျောင်းသူ ၇၂၂ ဦးအား ဆင်ခြေထောက်ရောဂါ ကင်းဝေးရေး သံချဆေးပေါင်း တိုက်ကျွေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# "ပြည်သူ့ရင်ပြင် တရားအလှူ ဓမ္မသဘင် ကျေးဇူးတင်လွှာ"

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင် ကို** (၁.၁.၂၀၁၉) မှ (၃.၁.၂၀၁၉) အထိ (၃) ရက်တိုင်တိုင် အထူးစည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပခဲ့ပါသည်။ ထိုဓမ္မသဘင် ဆင်ယင်ကျင်းပနိုင်ရန်အတွက် တရားထူးတရားမြတ်များအား ကြွရောက်ချီးမြှင့် ဟောကြားပေးပါသော ဆရာတော်ကြီးများ ဖြစ်သည့် . . .

- **ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (ဗန်းမော်တိုက်ဆရာတော်)**
- **ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ (ပါမောက္ခချုပ်ဆရာတော်)**
- **ဒေါက်တာဘဒ္ဒန္တဉာဏိဿရ (သီတဂူဆရာတော်)**

ဆရာတော်ကြီးများနှင့် ပရိတ်တရားတော်များ ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး၊ သံဃာ့နာယက ဥက္ကဋ္ဌဆရာတော် ဒေါက်တာကုဏ္ဍလဗိဝံသ နှင့် သံဃာတော်များအားလည်းကောင်း၊ ရဟန်းသံဃာတော်များ၊ သီလရှင်များ၊ တရားနာဓမ္မမိတ်ဆွေ အပေါင်းအားလည်းကောင်း၊ (၃) ရက်တိုင်တိုင် တရားနာကြွရောက်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း နှင့် ဇနီး ဒေါ်ခင်မိမိကြွယ်တို့အားလည်းကောင်း၊ အစိုးရအဖွဲ့ဝင် လူကြီးမင်းများနှင့် လွှတ်တော်အသီးသီးမှ လူကြီးမင်းများအား လည်းကောင်း၊ တရားပွဲကျင်းပရေး အထောက်အကူပြုကော်မတီနှင့် မြေပြင်အထောက်အကူပြုကော်မတီအား လည်းကောင်း၊ ဂုဏ်ပြုညစာစားပွဲဖြင့် ဂုဏ်ပြုပွဲကျင်းပပေးပါသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အား လည်းကောင်း၊ လေးကျွန်းသူ ဖောင်ဒေးရှင်း၊ ဝိသာခါ ဖောင်ဒေးရှင်း၊ ချမ်းမြေ့ရိပ်သာဝေယျာဝစ္စအမှုဆောင်အဖွဲ့၊ ရွှေပါရမီ ဖောင်ဒေးရှင်းတို့အား လည်းကောင်း၊ သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းပေးကြပါသော အလှူရှင်ကြီးများနှင့် အနယ်နယ်အရပ်ရပ်မှ လှူဒါန်းပေးကြပါသော အလှူရှင် အသီးသီးတို့အားလည်းကောင်း၊ မေတ္တာစေတနာအပြည့်အဝဖြင့် လာရောက်ကူညီဆောင်ရွက် ကုသိုလ်ယူကြသော ရန်ကုန်တိုင်း အတွင်းရှိ ပရဟိတအသင်းအဖွဲ့များအားလည်းကောင်း၊ အာဟာရဒါနအလှူရှင်များနှင့် ဝေယျာဝစ္စလုပ်ကိုင်ဆောင်ရွက်ပေးကြ ပါသော ပရဟိတအဖွဲ့များအား စားသောက်ဖွယ်ရာများ လှူဒါန်းပေးကြပါသော အလှူရှင်အပေါင်းတို့အား လည်းကောင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ ရန်ကုန်တိုင်းရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်းလျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရန်ကုန်တိုင်း မီးသတ်တပ်ဖွဲ့၊ ရန်ကုန်တိုင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရန်ကုန်တိုင်း ကြက်ခြေနီတပ်ဖွဲ့တို့အား လည်းကောင်း၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်၊ တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီ၊ မြတ်မေတ္တာမွန်ကုမ္ပဏီလီမိတက်၊ Tun Thwin Mining Co., Ltd၊ ရွှေဖျိုင်းဖြူ စက်သုံးဆီရောင်းဝယ်ရေး၊ လှကမ္ဘာပရိဘောဂ၊ အင်ကြင်းဖွံ့ဖြိုးမှုကုမ္ပဏီ၊ သိန်းမြန်မာ ခန်းဆီးလိုက်ကာလုပ်ငန်း၊ ZIGZAG Engineering Co., Ltd.၊ Myanmar Best Security Co., Ltd.၊ Fortun Int'l Ltd.၊ ကြာငါးခိုင် သက်န်းတိုက်၊ ပန်းဝါသနာရှင်များ အသင်း၊ A1 စိုးမြင့် စည်သူတင်တင်မြ တေးဂီတအဖွဲ့နှင့် အနုပညာရှင်များ၊ Shwe Sin Decoration Group အဖွဲ့၊ Excel Security Services Co., Ltd နှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော ကုမ္ပဏီ အသီးသီးတို့အားလည်းကောင်း၊ တိုက်ရိုက်ထုတ်လွှင့် ပေးပါသော SKY NET ရုပ်သံ၊ MRTV 4 ရုပ်သံနှင့် အခြားရုပ်သံလွှင့်လိုင်းများအား လည်းကောင်း၊ FM Radio သတင်းဌာနများ၊ အခမဲ့သတင်း ရေးသားပေးပါသော သတင်းစာ၊ ဂျာနယ်များအားလည်းကောင်း၊ ဝိတိုရိယဆေးရုံ၊ အာရှတော်ဝင်ဆေးရုံ၊ Grand Hantha Int'l ဆေးရုံ၊ ပင်လုံဆေးရုံ၊ SSC ဆေးရုံ၊ OSC ဆေးရုံ၊ ဗဟိုစည်ဆေးရုံ၊ တိုင်းကျန်းမာရေးဆေးရုံတို့အား လည်းကောင်း၊ အခမဲ့ Taxi အငှားယာဉ်မောင်းများအဖွဲ့၊ Mini Bus ပရဟိတ ကူညီကြသူများ အဖွဲ့တို့အားလည်းကောင်း၊ ဓမ္မသဘင်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ကူညီပေးကြပါသော ဓမ္မမိတ် ဆွေအပေါင်းတို့အားလည်းကောင်း၊ ကျေးဇူးတင်ရန်ကျန်ရှိနေသော ဓမ္မမိတ်ဆွေညီအစ်ကိုမောင်နှမများနှင့် အလှူရှင်များအားလည်းကောင်း၊ တရားကို မြတ်နိုး၊ တရားကိုချစ်ခင်သော မြန်မာတစ်နိုင်ငံလုံးမှ တရားနာ မိဘပြည်သူများနှင့် အခြားကျေးဇူးတင်ထိုက်သူများအား ကျေးဇူးအထူး ဥပကာရတင်ရှိပါကြောင်းနှင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ နှစ်သစ်မှာ ကျန်းမာချမ်းသာ အေးချမ်းကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**နှစ်သစ်ကူးတရားအလှူ ဓမ္မသဘင်ဖြစ်မြောက်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ချီဖွေငယ်ရေအားလျှပ်စစ်စက်ရုံမှ ၂၀၁၉ခုနှစ်အတွက် ဒီဇယ်ဝယ်ယူဖြည့်သွင်း ခြင်းလုပ်ငန်းတင်ဒါခေါ်ယူမည်ဖြစ်ပါကြောင်းကြေညာခြင်း။
တင်ဒါအဆိုပြုလွှာပုံစံ

၁။ **တင်ဒါလျှောက်လွှာထုတ်ယူနိုင်သည့်ရက်** - ၃၀-၁-၂၀၁၉ရက်
၂။ **တင်ဒါတင်သွင်းမည့်နောက်ဆုံးရက်** - ၉-၂-၂၀၁၉ရက် မွန်းတည့် ၁၂:၀၀နာရီအထိ
၃။ **တင်ဒါပုံစံဝယ်ယူနိုင်ရန်နှင့်တင်သွင်းရမည့်နေရာ** - ချီဖွေငယ်ဓာတ်အားပေးစက်ရုံ၊ ချီဖွေမြို့နယ်၊ နန်းဦးကျေးရွာအနီး
၄။ **ဆက်သွယ်ရန်ဖုန်း** - Daw Pyu Pyu Aung
Phone-09-444324885
We Chat ID:Py212816
U Kyaw Soe-
Phone-09-402551628
We Chat ID:kyawsoe521

## အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးခေါင်းဆောင်မှု အရည်အချင်းဆုလျှောက်ထားနိုင်ပါကြောင်းအသိပေးခြင်း

အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးခေါင်းဆောင်မှု အရည်အချင်းဆုအား (၂)နှစ်လျှင်(၁)ကြိမ်ကျင်းပပြုလုပ်သည့် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေးတွင် သက်ဆိုင်ရာအာဆီယံနိုင်ငံအလိုက်မှ ရွေးချယ်အဆိုပြုတင်ပြသည့် အဖွဲ့အစည်းများအား ပေးအပ်ချီးမြှင့်လျက်ရှိရာ ၂၀၁၉ခုနှစ် ခေါင်းဆောင်မှုအရည်အချင်းဆုအတွက် မြန်မာနိုင်ငံအတွင်း ကျေးလက်ဖွံ့ဖြိုးရေး/လူထုဖွံ့ဖြိုးရေး/အသက်မွေးဝမ်းကျောင်းနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသော တရားဝင်မှတ်ပုံတင်ပြီးဖြစ်သည့် NGOs/CSOsများနှင့် Private Sectors များ ဝင်ရောက်လျှောက်ထားနိုင်ပါကြောင်းနှင့် ဆုရွေးချယ်ရေးကော်မတီမှ NGO/CSO (၁)ဖွဲ့နှင့် Private Sector (၁)ဖွဲ့တို့အား စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။

ဆုနှင့်သက်ဆိုင်သည့် အသေးစိတ်အချက်အလက်များနှင့် လျှောက်လွှာပုံစံများအား အောက်ဖော်ပြပါလိပ်စာများသို့ ဆက်သွယ်စုံစမ်းရယူနိုင်ပြီး ၂၈-၂-၂၀၁၉ ရက်နောက်ဆုံးထား၍ လျှောက်လွှာများပေးပို့လျှောက်ထားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
- ဦးခန့်ဇော်၊ ညွှန်ကြားရေးမှူးချုပ် (email:kzaw.dda@gmail.com)၊
- ဒေါ်ညိုညိုဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(email:nnw.drd@gmail.com)၊
- ဒေါက်တာဇာနည်မင်း၊ ညွှန်ကြားရေးမှူး (email:minnzarni@gmail.com)၊
- ဦးရဲခေါင်၊ ညွှန်ကြားရေးမှူး (email:yekhaungkalar@gmail.com)

**NGOs/CSOs ကိုယ်စားလှယ်များ**
- ဒေါက်တာခင်မောင်ဝင်း၊ လူမှုဖွံ့ဖြိုးရေးအသင်း (email:community develop@gmail.com)၊
- ဒေါက်တာတင်မိုးခိုင်၊ FSWG (email:coordinator@myanmarfswg.org)
- ဦးမြင့်မောင်ထွန်း၊ မြန်မာ့စီးပွားရေးအမှုဆောင်အဖွဲ့(email:myinmghtun@ gmail.com)၊
- ဦးကျော်မူး၊ ညှိနှိုင်းရေးမှူး၊ Myan DHRRA(email:kyamoo08@gmail. com)၊
- ဦးငွေသိန်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေးအဖွဲ့(email:cbidirector@cbiinmyanmar. org)
- ဦးဘော်ဘီ၊ Network Activity Group (email:72.bobby@gmail.com) Private sectors ကိုယ်စားလှယ်များ
- ဦးမိုးကျော်၊ UMFCCI (email:so@umfcci.com.mm)၊
- ဦးအောင်ဇော်ဦး၊ မြန်မာ့လူငယ်စွမ်းဆောင်ရှင်များအသင်း (email:office@ myea.org.mm)
- ဒေါ်လှဝတီ၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း (email: mwea 2008@gmail.com)

## ဈေးနှုန်းအဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသော Agriculture Development Support Project (ADSP) အတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| Reference No. | Description of Project |
|---|---|
| G-1 | Motorbikes |
| G-2 | Vehicles |
| G-44 | Computer and Printer |
| G-45 | Laboratory Equipment |
| G-46 | Laboratory Equipment |
| G-48 | Machinery & Equipment |

၂။ ဝယ်ယူရေးလုပ်ငန်းစဉ်များကို ကမ္ဘာ့ဘဏ်၏ ဝယ်ယူရေးလမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်။
၃။ ကြော်ငြာပါသည့်ရက်မှစ၍ စိတ်ဝင်စားသော လုပ်ငန်းရှင်များအနေဖြင့် မိမိတို့စိတ်ဝင်စားသော ဈေးနှုန်းအဆိုပြုလွှာပုံစံများကို Reference No. တိကျစွာဖော်ပြပြီး ယှဉ်ပြိုင်မည့် ကုမ္ပဏီအမည်ဖြင့် ရုံးချိန်အတွင်း ဖော်ပြပါ E-mail လိပ်စာသို့ လျှောက်ထားရယူနိုင်ပြီး ဈေးနှုန်းအဆိုပြုလွှာများကို ၂၈-၂-၂၀၁၉ရက် ၁၄:၀၀နာရီ နောက်ဆုံးထား၍ ဖော်ပြပါလိပ်စာသို့ လာရောက်ပေးပို့ရမည်ဖြစ်ပါသည်။ အခြားသိလိုသည်များကို အောက်ပါလိပ်စာသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ညွှန်ကြားရေးမှူး**
**ဖြည့်တင်းရေးဌာနခွဲ(၁)**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)**
**E-mail: tlwin4.irr@gmail.com,CC to:nyeinchansoe02@gmail.com**
**ဖုန်း-၀၆၇-၄၁၀၃၁၆**

## မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်
## ကြေညာချက် (၁/၂၀၁၉)

၁၉-၁-၂၀၁၉ရက် (စနေနေ့)၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတွင် ကျင်းပခဲ့သော မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံ(၂၀၁၉)၏ သဘောတူ အတည်ပြုချက်အရ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (Myanmar Engineering Society - MES) အမည်ကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် (Federation of Myanmar Engineering Societies - Fed.MES) အမည်သို့ ပြောင်းလဲခေါ်ဆိုမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။
အသင်း၏တည်နေရာသည် ယခင်အတိုင်း မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ တက္ကသိုလ်များ လှိုင်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ ဖြစ်ပြီး ဆက်သွယ်ရန် ဖုန်းနံပါတ်မှာ ၀၁-၅၁၉၆၇၃~၇၆၊ Fax: ၀၁-၅၁၉၆၈၁ ဖြစ်ပါသည်။

**မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်**

## တောင်ကြီးတက္ကသိုလ် (၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အတွက် ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးခွင့် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တောင်ကြီးတက္ကသိုလ် (၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားအား ၂၁-၂-၂၀၁၉ မှ ၂၄-၂-၂၀၁၉ရက်အထိ (အစမ်းလေ့ကျင့်မှုအပါအဝင်) ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ထိုဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းရိုက်ကူးခြင်းကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြုလုပ်မည်ဖြစ်ပါ၍ အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။

**တင်ဒါတင်သွင်းရမည့်နေရာ** - တောင်ကြီးတက္ကသိုလ်
**တင်ဒါစတင်တင်သွင်းရမည့်ရက်** - ၂၈-၁-၂၀၁၉ရက်
**တင်ဒါပိတ်မည့်ရက်** - ၈-၂-၂၀၁၉ရက် နံနက် ၁၁:၀၀နာရီ

အသေးစိတ်သိရှိလိုပါက ဥက္ကဋ္ဌ(သို့)အတွင်းရေးမှူး ဘွဲ့နှင်းသဘင်ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးခွင့်တင်ဒါခေါ်ယူရေးဆပ်ကော်မတီ ဖုန်း-၀၉-၄၄၂၆၆၈၇၆၆သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် လူ့အခွင့်အရေးအခြေခံသင်တန်း သင်တန်းသားခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ပြည်သူများအတွင်း လူ့အခွင့်အရေးအသိပညာတိုးပွားစေရေးအတွက် ရည်ရွယ်၍ လူ့အခွင့်အရေးအခြေခံသင်တန်းအမှတ်စဉ် (၁)ကို ဖေဖော်ဝါရီလ တတိယပတ်တွင် အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်သွားမည်ဖြစ်ပါသည်-
(က) **သင်တန်းကာလ** - ၂၅-၂-၂၀၁၉ရက်မှ ၈-၃-၂၀၁၉ရက်အထိ(ရုံးဖွင့်ရက်များသာ)
(ခ) **သင်တန်းချိန်** - နေ့စဉ် နံနက် ၀၇:၀၀နာရီမှ ၀၉:၀၀နာရီအထိ
(ဂ) **သင်တန်းသားအရေအတွက်** - (၅၀)ဦး
၂။ သင်တန်းမှာအခမဲ့ဖြစ်ပြီး သင်တန်းအထောက်အကူပြုစာရွက်စာတမ်းများအတွက် ကုန်ကျမှုကို သင်တန်းသားမှ ကျခံရမည်ဖြစ်ပါသည်။ တက်ရောက်လိုသူများအနေဖြင့် ကော်မရှင်ရုံးသို့ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ website; www.mnhrc.org.mm နှင့် Facebook Page www.facebook.com/myanmarnhrcတို့တွင် ဝင်ရောက်ကြည့်ရှု၍ ၈-၂-၂၀၁၉ရက် နောက်ဆုံးလျှောက်ထားနိုင်ပြီး အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး လူ့အခွင့်အရေးမြှင့်တင်ရေးနှင့်ပညာပေးရေးဌာန၊ အမှတ် (၂၇)၊ ပြည်လမ်း၊ (၆)မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၆၅၄၆၇၃၊၀၁-၆၅၄၆၈၁(လိုင်းခွဲ ၈၃၁၊ ၈၄၈)တို့ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်းနှင့် ရွေးချယ်သော သင်တန်းသားများအား ၁၅-၂-၂၀၁၉ ရက် Websiteနှင့် Facebookမှ ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

## အမည်မှန်

ဦးရန်နိုင်ဝင်း၏သမီး မြစ်သားမြို့နယ်၊ အထက သပြေတောင်း တတိယတန်းမှ မအိအိဖြိုး၏ အမည်မှန်မှာ မအိအိဖြူ ဖြစ်ပါကြောင်း။ **မအိအိဖြူ**

## ဖခင်အမည်မှန်

မြစ်သားမြို့နယ်၊ သပြေတောင်း အထက နဝမတန်းမှ မောင်သီဟနောင်၏ ဖခင်အမည်မှန်မှာ ဦးသက်နိုင်ဦး ၉/မသန(နိုင်)၀၄၈၁၁၆ ဖြစ်ပါကြောင်း။ **ဦးသက်နိုင်ဦး**

## အများသိစေရန်ကြေညာချက်

ကျိုင်းတုံမြို့၊ ယန္တရားဝင်းနေ ကျွန်တော် ဦးခင်မောင်လွင် ၁၃/ကတန(နိုင်)၁၃၃၃၆၀အား တောင်ကြီးမြို့၊ မြို့မရပ်၊ အနောက်မြို့ပတ်လမ်း၊ အိမ်အမှတ် မ/၂၁၆နေ ဒေါ်စိုးစိုးလွင် ၁၃/ကတန(နိုင်)၁၈၂၉၀၂ ဇနီးသည်မှ ၂၁-၁-၂၀၁၉ ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၉)တွင် ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း၊ ကြော်ငြာသည့်ကိစ္စနှင့်ပတ်သက်၍ ၄င်းနှင့်ကျွန်တော်မှာ အိမ်ထောင်သက်(၂၈)နှစ်ရှိပြီး သားငါးဦးနှင့် သမီးသုံးဦးတို့ရှိပါသည်။ ကျွန်တော်မှာ အိမ်ထောင်ဦးစီးတာဝန်ကို ယနေ့ချိန်ထိမပျက်မကွက်ဘဲမိသားစုအား အလုပ်လုပ်ကိုင်ကျွေးမွေးနေရပြီး ဇနီးဖြစ်သူ ဒေါ်စိုးစိုးလွင်နှင့် တရားဝင်ကွာရှင်းပြတ်စဲခြင်းလည်းမရှိသဖြင့် ကျွန်တော်၏ဇနီး ဒေါ်စိုးစိုးလွင်အား အကြင်လင်မယားအဖြစ် လက်ခံပေါင်းသင်းနေထိုင်ပါက တရားဥပဒေအရ အရေးယူရန် တိုင်ကြားမည်ဖြစ်ကြောင်း ဇနီးသည်ဒေါ်စိုးစိုးလွင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မောင်လွင် ၁၃/ကတန(နိုင်)၁၃၃၃၆၀**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနပိုင် ပြည်သူ့ဘဏ္ဍာသိမ်းဆည်းထားသည့် တရားမဝင်/လိုင်စင်မဲ့ငါးဖမ်း၊ ငါးသယ်ရေယာဉ်(၂၇)စင်းတို့အား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်၍ ဝယ်ယူလိုသူ နိုင်ငံသားများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းရေယာဉ်များအတွက် တင်ဒါလျှောက်လွှာတစ်စောင်လျှင် ၅၀၀၀ိ/-(ကျပ်ငါးထောင်)ဖြစ်ပြီး ရေယာဉ်အချက်အလက်များအား တင်ဒါလျှောက်လွှာ စည်းကမ်းချက်ပုံစံတွင် ပူးတွဲဖော်ပြထားပါသည်။
၃။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်ပုံစံရောင်းချမည့်-
(က) **နေ့ရက်** - ၁-၂-၂၀၁၉ရက်မှ ၂၈-၂-၂၀၁၉ရက်အထိ
(ခ) **အချိန်** - နေ့စဉ်ရုံးဖွင့်ချိန်များတွင် နံနက် ၉:၃၀နာရီမှ ၁၅:၃၀ နာရီထိ
(ဂ) **နေရာ** - ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၃၆)၊ ပဏ္ဍိတလမ်း၊ နေပြည်တော်
၄။ **ရေယာဉ်များ၏ မျက်မြင်အခြေအနေအား ကြည့်ရှုရမည့်နေရာ** - ကော့သောင်းခရိုင်တွင်(၁)စင်း၊ မြိတ်ခရိုင်တွင်(၂၁)စင်းနှင့် ကျွန်းစုတွင်(၅)စင်းတို့အား သက်ဆိုင်ရာ ငါးလုပ်ငန်းဦးစီးဌာနတွင် ရေယာဉ်များအား မျက်မြင်ကြည့်ရှုနိုင်ပါသည်။
၅။ **အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်နေရာ** - ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် (၃၆)၊ ပဏ္ဍိတလမ်း၊ နေပြည်တော်
၆။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၅-၃-၂၀၁၉ရက် နံနက် ၉:၃၀နာရီ
၇။ **အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်/အချိန်** - ၅-၃-၂၀၁၉ရက် နံနက် ၁၀:၀၀နာရီ
၈။ တင်ဒါဝယ်ယူသူသည် ဝယ်ယူမည့်ရေယာဉ်အား ကမ်းလှမ်းအဆိုပြုသည့် ရေယာဉ်တန်ဖိုး၏ ၁၀% ကို စပေါ်ငွေအဖြစ် နေပြည်တော်မြန်မာ့စီးပွားရေးဘဏ်တွင် Payment Order Cheque(P.O)ဝယ်ယူ၍ တင်ဒါပွဲမတိုင်မီ (၁)နာရီကြိုတင် တင်ပြရမည်။
၉။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်) ဖုန်း-၀၆၇-၄၁၈၅၃၁၊ ၀၆၇-၄၀၈၄၇၇ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးအောင်မြင့်၏သား ကျောက်ပန်းတောင်းမြို့၊ အောင်မင်္ဂလာရပ်ကွက်နေ ဦးကျော်လင်း ၉/ကပတ(နိုင်)၀၅၂၄၂၅ နှင့် ဦးသံဒိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးကျော်လင်း(ခ)ဦးသံဒိုး**

## တစ်ဦးတည်းဖြစ်ကြောင်း

စစ်တွေမြို့၊ ချီလည်ပင်းကျေးရွာနေ ဦးဘသန်းခင်၏သမီး မယေ ၁၁/စတန(နိုင်)၀၇၃၂၁၆ နှင့် မခင်ဆန်းဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မယေ(ခ)မခင်ဆန်းဝင်း**

## ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**
**ဘားအံခရိုင်တရားရုံးတော်**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၁၁နှင့် ဆက်နွယ်သည့်**
**၂၀၁၈ ခုနှစ် တရားမဇာရီမှုအမှတ်-၄**

ဒေါ်နော်ဂျွန်စလင်း **နှင့်** ဦးငွေထွန်း
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အင်ကြင်းလမ်းထောင့်၊ အမှတ်(၄) ရပ်ကွက်နေ တရားရှုံး ဦးငွေထွန်း(ဘ)ဦးသောင်းသောင်း (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

ဘားအံခရိုင်တရားရုံး၏ ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် ၁၁တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ ဒေါ်နော်ဂျွန်စလင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်ရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက် (၁၃၈၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းညိုရှင်းလင်း)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**ဘားအံခရိုင်တရားရုံး**

## ဖခင်အမည်မှန်

ရွှေဘိုမြို့နယ်၊ ဘုန်းဘွဲ့ကျေးရွာ၊ အထက(ခွဲ)သတ္တမတန်းမှ မောင်ခန့်ဝေယံ၏ ဖခင်အမည်မှန်မှာ ဦးဇော်မိုး ၅/ရဘန(နိုင်)၁၄၇၆၈၇ ဖြစ်ပါကြောင်း။ **ဦးဇော်မိုး**

## ပတ်စ်ပို့ပျောက်

ကျွန်မ မကေဂျာခေါလု ၁/မကန(နိုင်)၁၄၁၈၉၄၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၀၀၅၅၈၆၀**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်မြင့်ဆွေ ၁/မကန(နိုင်)၁၀၁၇၈၈၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၃၈၁၂၃၅၈**

## ပတ်စ်ပို့ပျောက်

ကျွန်မ မဆရက်(ပ်)ချန်ဗေး ၁/နမန(နိုင်)၀၀၅၄၃၃၏ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၈၃၆၉၃၁၀**

## မိခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (၃)၊ နဝမတန်း ($A_1$)မှ မသက်ပန်ထျာ၏ မိခင် ဒေါ်စန်းစန်းဝင်း၏အမည်မှန်မှာ ဒေါ်စန်းစန်းထွေး ၁/ဗမန(နိုင်)၀၀၀၃၃၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မိုးညှင်းမြို့နယ်၊ အထက(ရွာသစ်ကြီး)၊ နဝမတန်း(A)မှ မယမင်းနွယ်နှင့် ဆဋ္ဌမတန်း (A)မှ မစိုးယမုံနွယ်တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်မင်းထွန်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေဘိုတက္ကသိုလ် သတ္တဗေဒ စတုတ္ထနှစ်အောင်မှ မဂရေစီအောင်နှင့် မမိုင်ဂရေစီအောင် ၄/မတပ(နိုင်)၀၄၈၂၂၂သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**မဂရေစီအောင်(ခ)မမိုင်ဂရေစီအောင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့ အထက နဝမတန်း (F)မှ မောင်မျိုးဆန့်အောင် (ခ) မောင်လဖိုင်မျိုးဆန့်အောင် (ခ)မောင်မျိုးဆန့်မောင် ၁/ဗမန(နိုင်)၀၉၉၅၆၉သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

မော်လမြိုင်မြို့၊ ငန်းတေးရပ်ကွက်၊ အမှတ် ၆၂၊ နယ်မြေ(၈)လမ်းမကြီးပိုင်းနေ ဦးခင်ယု၏သမီး ဒေါ်အေးရင် ၁၀/မလမ(နိုင်)၁၁၂၇၂၈ နှင့် ဒေါ်ရင်အေးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဒေါ်အေးရင်(ခ)ဒေါ်ရင်အေး**

# ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးလုပ်ငန်းများ ဆောလျင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေး ပူးပေါင်းကော်မတီတစ်ရပ်ကို သင့်လျော်သည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းရန် ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းကြောင်း အရေးကြီးအဆိုတင်သွင်း

**နေပြည်တော် ဇန်နဝါရီ ၂၉**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က **ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်** အဖွဲ့ဝင် ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးအား ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီဥက္ကဋ္ဌ အဖြစ် တာဝန်ပေးအပ်ခဲ့သည့်အတွက် ၎င်း၏နေရာတွင် နတ်မောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်တင်လင်း အား အဖွဲ့ဝင် အဖြစ် အစားထိုးခန့်အပ်ရန် ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြ၍ သဘောတူညီချက်ရယူသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က **ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ**တွင် အဖွဲ့ဝင်အဖြစ် ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး အစား သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် အား လည်းကောင်း၊ မော်လိုက်မဲဆန္ဒနယ်မှ ဒေါ် ချိုချိုဝင်း အစား ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဒေါ်နီနီဒွန်းအား လည်းကောင်း၊ မိုင်းဖြတ် မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း အစား တောင်သာမဲဆန္ဒနယ်မှ ဦးစစ်အေးအား လည်းကောင်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ရဲနိုင်မျိုး အစား တပ်ကုန်းမဲဆန္ဒနယ်မှ ဦးကျော်တင့်အား

*စာမျက်နှာ ၇ ကော်လံ ၁* ✻



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။ သတင်းစဉ်



မြန်မာအမျိုးသမီးအသင်း လေ့ကျင့်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

## အိန္ဒိယဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအမျိုးသမီးအသင်း အပြီးသတ် ၂၀ ရွေးချယ်

**ရန်ကုန် ဇန်နဝါရီ ၂၉**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အိန္ဒိယဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပမည့် ၂၀၁၉ အိန္ဒိယဖိတ်ခေါ် ပြိုင်ပွဲယှဉ်ပြိုင်ရန် အပြီးသတ် ကစားသမား ၂၀ ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာအမျိုးသမီး အသင်းတွင် **အုပ်ချုပ်သူ**-ဦးတင်မြင့်အောင်၊ **နည်းပြချုပ်** - ဦးဝင်းသူမိုး၊ **လက်ထောက်နည်းပြ**- ဦးခင်မောင်ထွေး၊ ဦးစထက်နိုင်ဝင်း၊ ဒေါ်ဇင်မာဝမ်း၊ **ဂိုးနည်းပြ** -ဦးမြကိုမင်း၊ အားကစားသမားများအဖြစ် **ဂိုးသမား**- ဇာဇာမြင့်၊ မေဇင်နွယ်၊ **နောက်တန်း**- ဝေဝေအောင်၊ အိရတနာဖြိုး၊ ခင်သန်းဝေ၊ အေးအေးမိုး၊ ခင်မျိုးဝင်း၊ ချစ်ချစ်၊ ခိုင်သဇင်၊ **အလယ်တန်း**- ရှုပါခိုင်၊ ငယ်ငယ်ထွေး၊ ခင်မိုမိုထွန်း၊ သင်းသင်းယု၊ လဲ့လဲ့လှိုင်၊ နုနု၊ ခင်မိုးဝေ၊ ခင်မာလာထွန်း၊ **ရှေ့တန်း** - ရီရီဦး၊ ဝင်းသီရိထွန်း၊ ဂျူလိုင်ကျော်တို့ ပါဝင်ကြသည်။ မြန်မာအသင်း ယှဉ်ပြိုင်မည့် အိန္ဒိယဖိတ်ခေါ် အမျိုးသမီး ဘောလုံးပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာ၊ အိန္ဒိယ၊ အီရန်နှင့် နီပေါအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး အမှတ်အများဆုံးနှစ်သင်းမှာ ဗိုလ်လုပွဲ၊ အဆင့် (၃/၄) နေရာရအသင်းမှာ တတိယနေရာလုပွဲ ယှဉ်ပြိုင်ကစားရမည်

*စာမျက်နှာ ၁၂ ကော်လံ ၅* ●

## ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၃) ဆက်လက်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၉**

၂၀၁၈-၂၀၁၉ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃)ကို ယနေ့နံနက်ပိုင်းမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ကျင်းပရာ ထိပ်ဆုံးမှ MIC အသင်းနှင့် ဒုတိယနေရာမှ VUC အသင်းတို့ နိုင်ပွဲဆက်ခဲ့သည်။

ပွဲစဉ် (၁၃) တွင် MIC အသင်းက AMM အသင်းကို ကိုးဂိုး-ဂိုးမရှိ၊ VUC အသင်းက GV Athletic အသင်းကို ငါးဂိုး-နှစ်ဂိုး၊ Comrade အသင်းက PU အသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ Titan XII အသင်းက MFF ယူ-၁၉ အသင်းကို လေးဂိုး-နှစ်ဂိုး၊ မြို့မ YTD အသင်းက UPT အသင်းကို လေးဂိုး-သုံးဂိုး၊ ရွှေမြဝတီ အသင်းက White Colour အသင်းကို ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရခဲ့သည်။ MIC အသင်းမှာ မူ ၁၃ ပွဲဆက် နိုင်ပွဲရယူပြီး ဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်လျက်ရှိသည်။

**ရဲရင့်ရှိုင်း**

**လပွတ္တာမြို့နယ် ကန်ဘဲ့ နယ်မြေရဲစခန်းမှ အမှုစစ် ဒုရဲအုပ်ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ် အရေးယူ**

*စာ » ၁၃*




မြန်မာ့အလင်း

# ယနေ့ရန်ကုန် Yangon Today

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့




# ရန်ကုန်မြေမှသည် သွေးချင်းတို့ရဲ့ ပွဲတော်ဆီ

ထင်ပေါ်ဝင်း

**ရန်ကုန်မြို့** . . .။ ကျိုက္ကဆံအားကစားကွင်း . . .

ဤနေရာကို ရန်ကုန်မြို့သူမြို့သားတို့ သိသည်။ နှစ်ပေါင်းများစွာ တိတ်ဆိတ်ငြိမ်သက်နေခဲ့သော ကွင်းကြီးအဖြစ် ဘေးပတ်ဝန်းကျင်လမ်းမကြီးများပေါ်မှ ဖြတ်သန်းသွားလာသောကားသံများ၊ ရံဖန်ရံခါ ကျင်းပလေ့ရှိသောအားကစားပွဲများ၌ အားပေးအော်ဟစ်သံများမှလွဲလျှင် အနီး ကျိုက္ကဆံကွင်းအတွင်း တိတ်ဆိတ်ငြိမ်သက်မှုတို့က ကြီးစိုးနေလေ့ရှိသည်။

ထိုသို့အမြဲတစေ တိတ်ဆိတ်နေလေ့ရှိသောအားကစားကွင်းကြီးအတွင်းမှ ရောင်စုံမိုးပျံပူဖောင်းများ၊ မီးဆလိုက်များ၏ အလင်းရောင်များ၊ မျိုးနွယ်စုံသောတိုင်းရင်းသားတေးဂီတတို့၏ အသံက ဇန်နဝါရီ ၂၅ ရက်နေ့မှစတင်ပျံ့လွင့်ထွက်ပေါ်လာသည်။ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော သွေးသားရင်းချာညီအစ်ကိုတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုနှင့် တိုင်းရင်းသားရပ်ဝန်း၊ ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရေးအတွက် သွေးချင်းတို့ရဲ့ပွဲတော်ဆီ အမည်ဖြင့် တိုင်းရင်းသားပေါင်းစုံပါဝင်သော ပွဲတော်ကြီးတစ်ရပ်ကို ဆင်နွှဲနေခြင်းဖြစ်သည်။

ပွဲတော်အဝင်မုခ်ဦးအနီးတွင် ခင်းကျင်းထားသော ကော်ဇောနီက ဖုန်ထမှုကိုနည်းပါးစေပြီး အမိုးအရိပ်အဖြစ်ပြုလုပ်ပေးထားသော ရောင်စုံထီးများက နေ့ပိုင်း ပွဲတော်လာပရိသတ်များအတွက် အပူဒဏ်ကိုသက်သာစေသည်။ အဝင်လမ်းတစ်လျှောက်ဝဲယာတွင် ခင်းကျင်းထားသောဆိုင်ခန်းများကို ကြည့်ရှုရင်း သီးခြားခင်းကျင်းပြသနေသော ချစ်စရာ့ရိုးရာညဈေးတန်းကိုလည်း တွေ့မြင်မိသည်။ ထို့အပြင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်တို့၏ အရောင်းပြခန်းများ၊ မြန်မာ့လက်မှုအနုပညာနှင့် ရိုးရာအသုံးအဆောင်ပစ္စည်းအရောင်းပြခန်းများ၊ ကုန်စည်ပြပွဲများခင်းကျင်းပြသနေမှုကိုလည်း အစုံအလင်တွေ့မြင်ရသည်။ ဖျော်ဖြေရေးစင်မြင့်၊ မနောကွင်းနှင့် ဘေးပတ်လည်တွင်တွေ့ရသော တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ယဉ်ကျေးမှုပြခန်းများမှာ တစ်ညတည်း လိုက်လံကြည့်ရှုရန် မလုံလောက်သဖြင့် နောက်တစ်နေ့ နေ့ပိုင်းသို့ ပြောင်းလဲကြည့်ရှုရန် ဆုံးဖြတ်လိုက်မိသည်။

**အချပ်ပို (ဂ) သို့**

ဓာတ်ပုံ - အာကာစိုး

# ပြန်လည်နိုးထလာသော ရန်ကုန် အိမ်၊ ခြံ၊ မြေဈေးကွက်

တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ - တင်စိုး



၂၀၁၈ ခုနှစ်ကုန်ခါနီးအထိ ရန်ကုန်မြို့၏ အိမ်ခြံမြေဈေးကွက်သည် မြုပ်ချီတစ်ခါ ပေါ်ချီတစ်လှည့် ဖြစ်နေခဲ့သည်။ တံတားစီမံကိန်းများ၊ အိမ်ရာစီမံကိန်းများ၊ မြို့သစ်စီမံကိန်းများကြောင့် တည်ဆောက်တော့မည့် အသံကြားလိုက် မြင့်တက်သွားလိုက်၊ ကန့်ကွက်သံ၊ ဒီဇိုင်းပြင်ဆင်သံများ ကြားလိုက် ပြန်မြုပ်သွားလိုက်ဖြစ်နေခဲ့သည်။

ပျောက်သွားသည့်ကာလ၌ ဗိုက်နာ၍ (ငွေကြေးလို၍) အရေးပေါ်ပြန်ရောင်းရသည့်အချိန်၌ အောက်ဈေးဖြင့် ရောင်းသည့်တိုင် ဝယ်မည့်သူမရှိဖြစ်ခဲ့ရသည်။ လက်ရှိ ပုံမှန်ဈေးများထက်ပင် ထက်ဝက်နီးပါး ဈေးဆင်းခဲ့ရသည်။ ပန္နက်မတင်မီ တစ်လ၊ နှစ်လအတွင်းက ငွေကျပ်သိန်း ၅၀၀ ခန့်တန်သော မြေတစ်ကွက်လျှင် ငွေကျပ်သိန်း ၂၅၀ အောက်ကျဆင်းသွားခဲ့သည်။ ဝယ်နိုင်သူများက ရှေ့ကိုမျှော်ကြ အောက်ဈေးနှင့် နှိုက်ကြသည်ဟု ဒလဌာနေ ဦးယဉ်ဦးက ဆိုသည်။

## ဈေးကွက်ပြန်လည်နိုးထ

ဒလတံတားကြီးတည်ဆောက်ရန် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဒီဇင်ဘာ ၂၄ ရက်က ပန္နက်တင်ပေးလိုက်သည့်အတွက် ဒလမြစ်ကူးတံတားကြီး တည်ဆောက်ရေး သေချာသွားပြီဟု ဝမ်းပန်းတသာ ဒလမြို့သူ မြို့သားတို့က ဆိုကြသည်။ အိမ်-ခြံ-မြေအကျိုးဆောင်များက ဈေးကွက်ပြန်လည်နိုးထလာတော့မည်ဟု ဆိုကြသည်။

မြို့ကြီးတစ်မြို့၊ မြို့နယ်တစ်ခု၏ ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှုသည် အဓိကအကျဆုံးပင်ဖြစ်သည်။ ဒလတံတားကြီးတည်ဆောက်ရာတွင် ကန့်ကွက်မှု၊ ဒီဇိုင်းရေးဆွဲရာတွင် အကြိမ်ကြိမ်ညှိနှိုင်းပြန်လည်ရေးဆွဲရခြင်းတို့ကြောင့် အချိန်ကာလများစွာလစ်ဟင်းခဲ့ရသည်။

ဤနေရာတွင် တစ်ချိန်က နိုင်ငံတော်အကြီးအကဲတစ်ဦး၏ စကားကို နားထဲတွင် ပြန်လည်ကြားယောင်မိသည်။ တည်ဆောက်ရေးကာလ တစ်ရက်စောပြီးလျှင် ဒေသဖွံ့ဖြိုးမှု တစ်ရက်စော၍ ဒေသခံပြည်သူတို့ ပိုမိုအကျိုးကျေးဇူးဖြစ်တယ်ဟု ဆိုစကားပင်ဖြစ်သည်။

တံတားကြီးပန္နက်တင် အခမ်းအနားအပြီးတွင် အိမ်-ခြံ-မြေဈေးကွက်မှာ အမှန်တကယ်ပင် မြင့်တက်လာခဲ့သည်။

ယခုအခါ မြေဈေးကွက်များကို ဈေးအပြိုင်အဆိုင်ခေါ်လာကြသည်။ ပန္နက်မတင်မီက ခနေတ်လမ်းမကြီးဘေးမှ ပေ (၄၀ × ၆၀) မြေတစ်ကွက်လျှင် ငွေကျပ်သိန်း ၄၀၀၀ ကျော် ပေါက်ဈေးမှ ပန္နက်တင်အခမ်းအနားအပြီးတွင် တစ်ပတ်အတွင်း ခေါ်ဈေးမှာ ငွေကျပ်သိန်း ၅၀၀၀ ကျော်အထိ ဖြစ်လာခဲ့သည်ဟု သိရသည်။

အတွင်းပိုင်း၌ ယခင်က ပေ (၂၅ × ၅၀) မြေတစ်ကွက်လျှင်ပင် ငွေကျပ်သိန်း ၃၅၀ ဝန်းကျင်မှ ယခုငွေကျပ်သိန်း ၅၀၀ ကျော်အထိ ဈေးခေါ်လာကြသည်။

အဓိကတံတားကြီး လမ်းမတန်းဘေးမှ မြေကွက်များမှာ ဘဝတစ်သက်တွင် မကြားဖူးခဲ့ရသော ဈေးနှုန်းများ ဖြစ်လာခဲ့သည်။

ဦးယဉ်ဦးကပင် “အပြောမဟုတ်ဘူး တကယ်ဗျ။ ပြီးခဲ့တဲ့ ရက်ထဲကပဲ လမ်းဘေးမြေ ပေ (၆၀ × ၄၀) ကို ငွေကျပ်သိန်း ၅၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်သွားခဲ့တယ်”ဟု အတည်ပြုပြောကြားပေးခဲ့သည်။

## ဒလတံတားပြီးက မြေဈေးတက်နိုင်

“အခုက တံတားပန္နက်တင်ပြီးတဲ့အချိန်ပဲ ရှိသေးတယ်။ တံတားကြီးက ဧပြီလထဲမှာ စဆောက်တော့မှာ သုံးနှစ်စီမံကိန်းလို့ ပြောတယ်။ တံတားကြီးပြီးသွားရင်တော့ စီးပွားရေး၊ ကျန်းမာရေးအားလုံး ပိုမိုတိုးတက်သွားမယ်။ မြေဈေးကွက် ဈေးကတော့ အတက်ပဲရှိတော့မယ်”ဟု အိမ်ခြံမြေအကျိုးဆောင် ဒေါ်ယဉ်ယဉ်တင့်က ဆိုသည်။

သို့သော် လက်ရှိအခြေအနေတွင် ဝယ်လိုအားနည်းပြီး ရောင်းလိုအား ခေါ်ဈေးအားသာလျှင်များပြားလျက်ရှိကြောင်း စုံစမ်းသိရှိရသည်။

၂၀၁၉ ခုနှစ်အတွင်း အပြီးတည်ဆောက်မည့် နောက်ထပ်တံတားတစ်စင်းမှာ ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃) ဖြစ်သည်။ တည်ဆောက်ရန်အတွက် ဂျပန်နိုင်ငံမှ Tokyo Constrution Co.,Ltd နှင့် Sumitomo Mitsui Constrution Co.,Ltd ကို ရွေးချယ်ထားပြီးဖြစ်ကြောင်း သိရသည်။ နှစ်ဖက်စာချုပ် ချုပ်ဆိုခြင်းကို ဖေဖော်ဝါရီလအတွင်းနှင့် ပန္နက်တင်ခြင်းကို မတ်လအတွင်း ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သို့အတွက် သန်လျင်ဘက်အခြမ်း မြေကွက်ဈေးနှုန်းများသည် မြင့်သည်ထက်ပိုမိုမြင့်တက်လာဖွယ်ရာရှိကြောင်း ဒေသခံတစ်ဦးဖြစ်သည့် ဦးသန်းဝင်းထံမှ ကြားသိရသည်။

“နည်းနည်းလှုပ်လာတယ်လို့ ဆိုရင်ရတယ်။ ကျွန်တော်တို့ဆီက ဈေးက အငြိမ်ဇယားပါ။ သီလဝါအထူးဇုန်ကြီး ပေါ်လာတဲ့အတွက်လည်းပါတယ်။ လမ်းမတန်းမှာ ပေ (၄၀×၆၀) မြေတစ်ကွက်က ယခင်ကျပ်သိန်း ၁၀၀၀ အောက်ရှိပေမယ့် အခု ကျပ်သိန်း ၁၂၀၀ လောက်အထိတော့ အရွေ့ရှိတယ်”ဟု ဆိုသည်။

**ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်း၊ တွံတေးမြို့နယ် ဆိပ်ကြီးခနောင်တိုမြို့နယ်တို့မှ မြေဧက ၂၀၀၀၀ ကျော်ပေါ်တွင် တည်ဆောက်မည်ဖြစ်သည်။ မြို့သစ်စီမံကိန်း ဒီဇိုင်းရေးဆွဲခြင်းကို ဂျပန်နှင့် စင်ကာပူနိုင်ငံရှိ ကုမ္ပဏီနှစ်ခုတို့က ပူးပေါင်းရေးဆွဲကြမည်ဟု သိရ**

**“အရင်ကတော့ မြေတစ်ဧကကို ငွေကျပ်သိန်း ၂၀၀ လောက်ရှိတယ်။ အခု အခြေအနေမှာတော့ ငွေကျပ်သိန်း ၂၅၀ နဲ့ ၃၀၀ အကြားမှာတော့ ဈေးရှိတယ်။ ဒါပေမယ့် ဝယ်အားရှိပေမယ့် ရောင်းလိုအားကတော့ နည်းတယ်”**

## ရန်ကုန်မြို့သစ်စီမံကိန်း

တစ်ဖန် သမ္မတကြီး ဦးသိန်းစိန် လက်ထက်ကတည်းက အသံများကြားခဲ့ရသော ရန်ကုန်မြို့သစ်စီမံကိန်းကြီးသည်လည်း ပြန်လည်နိုးထလာပြီဟု ဆိုကြသည်။

စီမံကိန်းလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းရုံးကို တွံတေးမြို့နယ် လှိုင်သာယာ-တွံတေးသွားကားလမ်း တွံတေးတံတားအဆင်းအနီးတွင် တည်ဆောက်ပြီးနေပြီကို တွေ့ရသည်။

ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်း၊ တွံတေးမြို့နယ် ဆိပ်ကြီးခနောင်တိုမြို့နယ်တို့မှ မြေဧက ၂၀၀၀၀ ကျော်ပေါ်တွင် တည်ဆောက်မည်ဖြစ်သည်။ မြို့သစ်စီမံကိန်းဒီဇိုင်းရေးဆွဲခြင်းကို ဂျပန်နှင့် စင်ကာပူနိုင်ငံရှိ ကုမ္ပဏီနှစ်ခုတို့က ပူးပေါင်းရေးဆွဲကြမည်ဟု သိရသည်။ ဒီဇိုင်းရေးဆွဲမှုကို ဇန်နဝါရီလအတွင်း ပြီးစီးမည်ဟု ရန်ကုန်မြို့သစ်ဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်( NYDC) က ဒီဇင်ဘာလအတွင်းက သတင်းထုတ်ပြန်ထားသည်။

လာမည့် မတ်လအတွင်း၌ စီမံကိန်းပထမအဆင့်ဖြစ်သည့် မြေပြင်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်သွားနိုင်မည်ဟု မှန်းထားကြောင်း သိရသည်။ စီမံကိန်းပမာဏကြီးမားသည့်အတွက် လုပ်သားဦးရေနှစ်သန်းခန့် အလုပ်အကိုင်အခွင့်အလမ်းများ စောစီးစွာပေါ်လာမည်ဟု တာဝန်ရှိသူတစ်ဦးက ဆိုထားသည်။

မြေဈေးကွက်အနေအထားကို သိလို၍ တွံတေးမြို့နယ် တမာတကောကျေးရွာတွင် အိမ်တွင်းစက်မှုလုပ်ငန်း တည်ထောင်ထားသည့် ဦးထွန်းထွန်းထံ ဆက်သွယ်မေးမြန်းကြည့်ရာ “အရင်ကတော့ မြေတစ်ဧကကို ငွေကျပ်သိန်း ၂၀၀ လောက်ရှိတယ်။ အခုအခြေအနေမှာတော့ ငွေကျပ် သိန်း ၂၅၀ နဲ့ ၃၀၀ အကြားမှာတော့ ဈေးရှိတယ်။ ဒါပေမယ့် ဝယ်အားရှိပေမယ့် ရောင်းလိုအားကတော့ နည်းတယ်”ဟု ပြန်လည်ဖြေကြားမှုရရှိခဲ့သည်။

## အိမ်ရာစီမံကိန်းများ အကောင်အထည်ဖော်

ယခုအခါ အိမ်ရာစီမံကိန်းများကိုလည်း အကောင်အထည်ဖော်နေပြီကို တွေ့လာရသည်။ ရန်ကုန်မြို့တွင် အိမ်ရာသစ်များအဖြစ် ပြန်လည်အကောင်အထည်ဖော်ရန် ၁၂ ခုရှိသည်ဟု သိရသည်။ ဝေဠုဝန်အိမ်ရာ၊ ရန်ကင်းအိမ်ရာ၊ လမ်းသစ်အိမ်ရာ၊ ဖ.ဆ.ပ.လ အိမ်ရာ၊ မင်းမနိုင်အိမ်ရာ၊ ပြည်တော်သာအိမ်ရာ စသည်တို့ဖြစ်သည်။ ထိုအထဲမှ ဦးစားပေးအဆင့်အလိုက် တည်ဆောက်သွားမည်ဟု သိရသည်။ ယခုအခါ လမ်းမတော်မြို့နယ်ရှိ လမ်းသစ်အိမ်ရာ၊ ပုဇွန်တောင်မြို့နယ်ရှိ ပြည်တော်သာအိမ်ရာတို့တွင် စတင်အကောင်အထည်ဖော်လျက် ရှိနေပြီကို တွေ့လာရသည်။

ယခုအခါ ရန်ကုန်မြို့နယ်အနှံ့အပြား၌ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပခေတ်မီသော အိမ်ရာသစ်များတည်ဆောက်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်က ပြုလုပ်ခဲ့သော ပုဇွန်တောင်မြို့နယ် ပြည်တော်သာအိမ်ရာစီမံကိန်း ပန္နက်တော်တင်အခမ်းအနားတွင် “ကျွန်တော်တို့ အိမ်ရာ Project တွေ ဖော်ထုတ်ပေးဖို့ရှိပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းသစ်တွေ ပေါ်ပေါက်လာအောင်လည်း ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ အဲဒီ Project အတွက် အရောင်းအဝယ်ဖြစ်လာအောင်လည်း Market Demand (ဈေးကွက်လိုအပ်မှုအရ) အစိုးရဘက်ကနေ တတ်နိုင်သလောက် ဥပမာ-ချေးငွေကိစ္စတွေ စီစဉ်ပေးရမယ်။ ဝန်ထမ်း ဒါမှမဟုတ် မိသားစုဝင်ငွေကျပ် ငါးသိန်း၊ ၁၀ သိန်းရှိတဲ့အပေါ်မှာမူတည်ပြီး ဘယ်လိုအခန်းမျိုးကို ဘယ်လိုငွေပေးချေမှုနဲ့ ရောင်းမယ်ဆိုတာ တွက်ဖို့လိုပါတယ်။ အဓိကချေးငွေစနစ်ကို ဖန်တီးပေးရပါမယ်။ ဒါမှသာ ရောင်းဝယ်မှု တက်လာမှာဖြစ်ပါတယ်။ နောက်စီမံကိန်းတွေ အောင်မြင်လာမယ်။ အဲဒီလိုဖြစ်ဖို့အတွက်ကိုလည်း နိုင်ငံတော်အနေနဲ့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ဥက္ကဋ္ဌအဖြစ် ကုမ္ပဏီဖွဲ့တာဝန်ယူဆောင်ရွက်နေတဲ့အစီအစဉ်များလည်း ရှိနေပါတယ်”ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ဆိုထားသည်။

မည်သို့ပင်ဆိုစေ အစိုးရအလုပ်နှင့်အညီ ရန်ကုန်အိမ်ခြံမြေဈေးကွက်သည်လည်း လှုပ်ခတ်လာပြီဖြစ်ပေသည်။ ။

# ရန်ကုန်ပြည်သူတွေနဲ့ သောက်သုံးရေဖြန့်ဝေမှု

**ဝေယံဦး**

လူနေထိုင်မှု တဖြည်းဖြည်းတိုးပွားလာတဲ့ ရန်ကုန် မြို့ဟာ လူဦးရေသိပ်သည်းလာတာနဲ့အမျှ နေ့စဉ် လူမှုဘဝနေထိုင်ရှင်သန်ဖို့အတွက် အခြေခံ လိုအပ်ချက်တစ်ခုဖြစ်တဲ့ သောက်သုံးရေလုံလောက်စွာရရှိရေးဟာလည်း မရှိမဖြစ်လိုအပ်လာပါတယ်။ ဒီလိုအပ်ချက်ကိုလည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက စီမံကိန်းတွေ ချမှတ်ပြီး ဆောင်ရွက်နေတယ်လို့ ဆိုပါတယ်။

ဒီလိုဆောင်ရွက်တဲ့ အခုအခါဆိုရင် လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းကို အကောင်အထည်ဖော် လုပ်ကိုင်နေပါတယ်။ ဒီစီမံကိန်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနဲ့ JICA တို့ ပူးပေါင်းပြီး ၂၀၁၃ ခုနှစ် မေ ၅ ရက်က စတင်ကာ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

"လဂွန်းပြင်ရေပေးဝေရေး စီမံကိန်းဟာ လဂွန်းပြင်ဆည်ရဲ့ ခုနစ်မိုင်ခန့်အကွာ လှည်းကူးနဲ့ ပဲခူးမြို့နယ်အစပ်မှာတည်ရှိတာ ဖြစ်ပါတယ်။ လဂွန်းပြင်ရေပေးဝေရေးစီမံကိန်း ပြီးစီးရင်တော့ ဒီစီမံကိန်းကနေပြီး ရန်ကုန်မြို့နေပြည်သူများကို နေ့စဉ် ရေဂါလန် သန်း ၄၀ ဖြန့်ဖြူးပေးနိုင်မှာ ဖြစ်ပါတယ်" လို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းဟာ ၂၀၁၃ ခုနှစ် မေ ၅ ရက်က စတင်လုပ်ဆောင်နေပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလလောက်မှာ ရေပေးဝေနိုင်မယ်လို့လည်း မျှော်မှန်းထားပါတယ်။ ဒီစီမံကိန်းက သောက်သုံးရေတွေကိုတော့ ရန်ကုန်မြို့ရဲ့ ရေဖြန့်ဝေပေးမှုဧရိယာတွေဖြစ်တဲ့ ဇုန်(၇)နဲ့ ဇုန် (၈) တို့အပြင် ဒဂုံမြို့သစ်လေးမြို့နယ်နဲ့ သီလဝါ အထူးစီးပွားရေးဇုန်အထိ ဖြန့်ဝေပေးနိုင်မယ့် အစီအစဉ်ရှိနေပါတယ်။

ရန်ကုန်မြို့ရဲ့ သောက်သုံးရေဖြန့်ဝေပေးမှုကို ကြည့်ရင်တော့ ယခင်ကထက် တဖြည်းဖြည်း တိုးတက်ဖြန့်ဝေပေးနေရတာမို့ လက်ရှိအနေအထားအရ ရန်ကုန်မြို့လူဦးရေဟာ တစ်နှစ်ကို ၂ ဒသမ ၆ ရာခိုင်နှုန်းခန့် တိုးပွားလာနေတာကို လွှမ်းခြုံနိုင်ရေး ကြိုးစားနေတာ ဖြစ်ပါတယ်။

ရန်ကုန်မြို့ကို သောက်သုံးရေဖြန့်ဖြူးပေးနေတဲ့ နေရာတွေဖြစ်တဲ့ ဂျိုးဖြူရေလှောင်တမံက တစ်နေ့ရေဂါလန် ၂၇ သန်း၊ ထူးကြီးက တစ်နေ့ ရေဂါလန် ၅၄ သန်း၊ လှော်ကားက တစ်နေ့ ရေဂါလန် ၁၄ သန်း၊ ငမိုးရိပ်(၁)က တစ်နေ့ ရေဂါလန် ၄၅ သန်း၊ ငမိုးရိပ်(၂)က တစ်နေ့ ရေဂါလန် ၄၅ သန်းဆိုတော့ စုစုပေါင်း ရေဂါလန် ၁၈၅ သန်းဖြစ်ပါတယ်။ ဒါ့အပြင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် ရေတွင်းတွေက နေပြီး နေ့စဉ် ရေဂါလန် သန်း ၂၀ ကိုလည်း ဖြန့်ဝေပေးနေပါတယ်။

ဒါကြောင့်လည်း ရန်ကုန်မြို့ပြည်သူတွေကို နေ့စဉ်သောက်သုံးရေဖြန့်ဝေမှုဟာ တစ်နေ့ကို ရေဂါလန် ၂၀၅ သန်းရှိနေတယ်လို့ ဆိုပါတယ်။ ဒီလို နေ့စဉ် ရေဂါလန်သန်းပေါင်းများစွာ ဖြန့်ဝေပေးနေတာဟာ ရန်ကုန်မြို့ရဲ့ လူဦးရေ ၆၀ ရာခိုင်နှုန်းခန့်ကိုသာ လွှမ်းခြုံနိုင်သေးတာမို့ ပိုမိုတိုးတက် ဖြန့်ဝေပေးနိုင်ရေး ကြိုးစားနေတယ်လို့ ဆိုပါတယ်။

ရန်ကုန်မြို့အတွက် သောက်သုံးရေ တစ်နေ့ကို ရေဂါလန် ၂၀၅ သန်းခန့် ဖြန့်ဝေပေးနေရတယ် ဆိုပေမယ့် ဖြန့်ဖြူးနေတဲ့ ရေပိုက်တွေ သက်တမ်းကြာမြင့်မှု၊ နည်းစနစ်ပိုင်းလိုအပ်ချက်တွေ ရှိနေမှုကြောင့် သောက်သုံးရေ လေလွင့်ဆုံးရှုံးမှုတွေ ရှိနေတယ်လို့လည်း ဆိုပါတယ်။ ဒါတွေကိုလည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနဲ့ JICA တို့ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။



> **နေ့စဉ် ရေဂါလန် သန်းပေါင်းများစွာ ဖြန့်ဝေပေးနေတာဟာ ရန်ကုန်မြို့ရဲ့ လူဦးရေ ၆၀ ရာခိုင်နှုန်းခန့်ကိုသာ လွှမ်းခြုံနိုင်သေးတာမို့ ပိုမိုတိုးတက် ဖြန့်ဝေပေးနိုင်ရေး ကြိုးစားနေ**

ရန်ကုန်မြို့ ရေပေးဝေမှုစနစ်ကို လာမယ့် အနာဂတ်မှာတော့ နယ်မြေအလိုက် ဇုန်တွေခွဲပြီး ပေးသွားဖို့ရှိနေပါတယ်။ ဒီလိုဇုန်တွေခွဲပြီး ရေပေးဝေနိုင်ဖို့လည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနဲ့ JICA တို့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ YCDC နဲ့ JICA တို့ ပူးပေါင်းရေးဆွဲထားတဲ့ Master Plan အရ လာမယ့် ၂၀၄၀ မှာ ရန်ကုန်မြို့နေ ပြည်သူတွေကို တစ်နေ့ ရေဂါလန် သန်း ၅၂၅ သန်းခန့် ပေးဝေနိုင်ရေး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒီလို ရေပေးဝေနိုင်ရေးအတွက် ရေအရင်းအမြစ်သစ်တွေဖြစ်တဲ့ ပန်းလှိုင်မြစ်၊ တိုးမြစ်၊ ကုက္ကိုဝမြစ်၊ လဂွန်းပြင်နဲ့ညောင်နှစ်ပင် ရေပေးဝေရေး စီမံကိန်းတို့ကနေပြီး ရယူကာ ဖြန့်ဝေပေးနိုင်ရေး ကြိုးစားသွားဖို့လည်း အစီအစဉ်တွေရှိနေပါတယ်။ အဲဒီရေပေးဝေရေး စီမံကိန်းတွေ အကောင်အထည်ဖော်နိုင်ရင်တော့ လာမယ့် ၂၀၄၀ ပြည့်နှစ်မှာ ရန်ကုန်မြို့ လူဦးရေရဲ့ ၈၀ ရာခိုင်နှုန်းအထိ သောက်သုံးရေ ဖြန့်ဝေပေးနိုင်မှာ ဖြစ်ပါတယ်။ ။



"သွေးချင်းတို့ရဲ့ပွဲတော်ဆီ" ပွဲတော် ကုန်စည်ပြပွဲတွင် ရခိုင်ရိုးရာအိမ်နှင့် ရခိုင်ရိုးရာပြခန်းကို တွေ့ရစဉ်။

**ရန်ကုန်မြေမှသည် သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ......မှ**

စတင်ဖွင့်လှစ်ပြီး နောက်တစ်နေ့ဖြစ်သည့် ဇန်နဝါရီ ၂၆ ရက်တွင် ပွဲတော်ကျင်းပရာ ကျိုက္ကဆံအားကစားဝင်းအတွင်း ဒုတိယအကြိမ် ရောက်ရှိခဲ့ပြန်သည်။ ရန်ကုန်စာမျက်နှာထက် မှတ်တမ်းတင်ရန်အတွက် ပွဲတော်ကျင်းပရေးကော်မတီနှင့် တွေ့ဆုံရန် ရှာဖွေနေခိုက်တွင် ပြပွဲကျင်းပရေးကော်မတီအထွေထွေအတွင်းရေးမှူး မင်းဗညားစန်ကို တွေ့ဆုံမေးမြန်းခွင့်ရရှိခဲ့သည်။

"ကျွန်တော်တို့ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းအစည်းအဝေး ဆုံးဖြတ်ချက်အရ ဒီပွဲတော်လေးလုပ်မယ်လို့ ဆုံးဖြတ်မိပါတယ်။ ဒီပွဲတော်ကိုလည်း တိုင်းရင်းသားအားလုံး ပါဝင်နိုင်အောင် စုစည်းပြီးလုပ်ဖို့ ရည်ရွယ်ပါတယ်။ တိုင်းရင်းသားလုပ်ငန်းရှင်တွေ အကုန်လုံးစုပြီးတော့ ဝိုင်းလုပ်ဖို့အတွက် ဒီပွဲတော်ကျင်းပရခြင်းဖြစ်ပါတယ်"။

**စီးပွားရေးလုပ်ငန်းများချိတ်ဆက်**

"တိုင်းရင်းသားလုပ်ငန်းရှင်တွေ အကုန်လုံးစုပြီးတော့ သူတို့ရဲ့ရိုးရာယဉ်ကျေးမှုတွေ၊ သူတို့ရဲ့ ဓလေ့ထုံးစံတွေ၊ ပစ္စည်းတွေ၊ အစားအသောက်တွေ၊ ခရီးသွားဖို့ကောင်းတဲ့ နေရာဒေသတွေကို ပြခန်းတွေနဲ့ စုံလင်အောင် ပြသထားပြီး စီးပွားရေးလုပ်ငန်းရှင်အချင်းချင်းလည်း ချိတ်ဆက်ပြီးတော့ စီးပွားရေးလုပ်ငန်းတွေ ပိုမိုတိုးတက်ဖို့အတွက် ရည်ရွယ်ထားတယ်။ အဲဒီလိုရည်ရွယ်တဲ့အလျောက် ပြခန်းတွေ သတ်မှတ်ထားပါတယ်။ အဲဒီပြခန်းတွေ အကုန်လုံးကိုလည်း သက်ဆိုင်ရာလုပ်ငန်းရှင်တွေကို တာဝန်ပေးထားတယ်"။

**အချပ်ပို (ဃ)သို့**

# ရန်ကုန်လိုင်စင်ချထားပေးမှု မရရှိသေးခြင်းကြောင့် တစ်ပတ်ရစ်ကားဈေးကွက် ပြန်လည်အရောင်းအဝယ်ဖြစ်

**မင်းသော်**



**ရန်ကုန်** လိုင်စင်ကို ဝိုင်ဗီကျူစီစနစ်ဖြင့် ချထားပေးမည်ဆိုသည့် သတင်းများ ပြန်လည်ငြိမ်သက်သွားခြင်းကြောင့် တစ်ပတ်ရစ် ဂျပန်ကားအရောင်းဈေးကွက်တွင် အရောင်းအဝယ်ပြန်လည်အားကောင်းလာခဲ့ပြီး နယ်ဝယ်လက်များကလည်း ပြန်လည်လာရောက်ကြလျက် ရန်ကုန်ကားဈေးကွက်သည် အတော်လေး အရောင်းအဝယ်သွက်ခဲ့ကြောင်း ကားလောကသားများထံမှ သိရသည်။

“ကားဈေးကွက်က ထူးဆန်းတယ်။ အကြောင်း အမျိုးမျိုးကြောင့် ကားဈေးရော၊ အရောင်းအဝယ်ဖြစ်တာရော အပြောင်းအလဲမြန်တယ်။ ဒါပေမယ့် သီတင်းတစ်ပတ်ကျော်အထိ ငြိမ်သက်နေပြီး ဘယ်လိုသတင်းစကားအသစ်မျိုးမှ မကြားမိတော့ဘူးဆိုရင် အရောင်းအဝယ်က ပြန်လိုက်လာရော။ အခုလည်း ရန်ကုန်လိုင်စင်ချပေးမယ်ဆိုတဲ့ သတင်းက ဇန်နဝါရီလဆန်းမှာ စပြီးထွက်ပေါ်လာတယ်။ ဒါပေမယ့် လလယ်ပိုင်းမှာ သတင်းစကားက ငြိမ်သက်သွားတယ်။ ဘယ်လိုထုတ်ပြန်မှုမျိုးမှလည်းမရှိလာတဲ့အတွက် ဇန်နဝါရီလကုန်ပိုင်းမှာတော့ အရောင်းပြန်တက်လာတယ်။ ဝယ်ယူမယ့်သူတွေကလည်း စောင့်ကြည့်ရတာ နည်းနည်းကြာလာတော့ လိုအပ်တဲ့သူတွေဝယ်ကြရင်းနဲ့ ပုံမှန်အရောင်းအဝယ် ပြန်ဖြစ်လာတယ်” ဟု ကားဝယ်ရောင်း ကိုသစ္စာက ပြောသည်။

ယခုသီတင်းပတ်အတွင်း ဂျပန်တစ်ပတ်ရစ်ကားများအနက် အင်ဂျင်ပါဝါ ၁၈၀၀ စီစီမှ ၂၅၀၀ စီစီအကြား မော်တော်ကားများအရောင်းအဝယ်ပိုဖြစ်လာ ပြီး နယ်ဝယ်လက် အများစုကလည်း အကြမ်းခံ၊ ဖိုးဝိုး၊ အော်တိုဂီယာ မော်တော်ကားများ ပိုမိုအမေးများ၊ အရောင်းသွက်လာကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

ကားဈေးအပြင် ယာဉ်အို ယာဉ်ဟောင်းအပ်နှံမှုအတွက် စလစ်များသည်လည်း အရောင်းပြန်လည်အားကောင်းလာသည်ကို မြင်တွေ့ရသည်။ “ဈေးက ကြိုက်ရောင်း ကြိုက်ဝယ်ပါပဲ။ ဈေးကတော့ သက်တမ်း နှစ် ၂၀ ယာဉ်အိုယာဉ်ဟောင်း အပ်နှံမှုစနစ်က ငွေကျပ်သိန်း ၁၃၀ ဝန်းကျင်နဲ့ အရောင်းအဝယ် ဖြစ်နေပါတယ်။ ဝယ်သူအများစုက ဈေးကစားဖို့ထက် တကယ်ကို တင်သွင်းနိုင်မယ့်သူတွေလည်း ပါဝင်လာနေတယ်”ဟု ကားအရောင်းအဝယ် ကျွမ်းကျင်သူတစ်ဦးက ပြောသည်။

ဈေးကွက်အတွင်း အရောင်းအဝယ်အဖြစ်ဆုံးမော်တော်ကားများမှာ ပရိုဘောက်စ်၊ စီအာရ်ဗွီ၊ ဒပ်ဗယ်ပစ်ကပ်၊ ဟိုက်ဂျက်၊ ကာဒီးနား၊ ဟိုက်အေ့စ်၊ စူပါကပ်စတန် စသည့် ကားအမျိုးအစားများဖြစ်သည်ဟု ကားအရောင်းအဝယ် ဈေးကွက်အတွင်းမှ သိရသည်။

“အဓိကကတော့ အခုရာသီက ကားဈေးကွက် အရောင်းသွက်တာကြောင့်လည်း ဖြစ်မှာပါ။ နယ်ဝယ်လက်ကလည်း ဒီလိုအချိန်မှာ ရန်ကုန်ဈေးကွက်ကို တော်တော်လေး ဆင်းလာကြတယ်။ ဒီနှစ်ဆိုရင် ပိုပြီးနယ်စုံတယ်။ လိုင်စင်မဲ့ကားတွေ ဖမ်းဆီးနေတာကြောင့်လည်း လိုင်စင်ကားတွေဆီကို ပိုပြီးအကြိုက် လှည့်လာတာလည်း ဖြစ်နိုင်ပါတယ်။ အခုအချိန်မှာ နယ်ဝယ်လက်အတွက်ဆိုပြီး နယ်ကားတွေလည်း အတော်လေးတွေ့ရတယ်။ အားလုံးက ဈေးမာပေမယ့် အရောင်းအဝယ်ဖြစ်နေကြတာမျိုးရှိတယ်”ဟု ကားဝယ်ရောင်း ကိုကျော်ဇေယျာဝင်းက ပြောသည်။

တစ်ဖက်တွင်လည်း ကားကုမ္ပဏီများစွာ ပါဝင်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကားပြပွဲ ၂၀၁၉ ကို ယခုလကုန်ရက်များတွင် ကျင်းပလျက်ရှိသည်။ သို့သော် ယင်းပြပွဲတွင် အချို့အမှတ်တံဆိပ်များ၏ ကားသစ်များ၏ ဈေးနှုန်းများ အနည်းငယ် မြင့်တက်နေရခြင်းကြောင့်လည်း တစ်ပတ်ရစ်ကားဈေးကွက်ကို ပြန်လည်စိတ်ဝင်စားလာကြခြင်းဖြစ်နိုင်ကြောင်း ကားဝယ်ရောင်းများက ဆိုသည်။

အဆိုပါပြပွဲသည် နိုင်ငံတကာအဆင့် ပြသသည့် ကားပြပွဲတစ်ခုလည်းဖြစ်ပြီး နာမည်ကျော်ကားအမှတ်တံဆိပ်များစွာက အထူးနှုန်းမျိုးစုံ၊ ဝယ်ယူမှုပုံစံမျိုးစုံဖြင့် နောက်ဆုံးပေါ် ကားသစ်များကို ပြသရောင်းချပေးခဲ့ခြင်းဖြစ်သည်။ သို့သော် မျှော်မှန်းသလောက်တော့ အရောင်းအဝယ်မဖြစ်ခဲ့ကြောင်း နာမည်ကျော် ကားကုမ္ပဏီတစ်ခုတွင် အရောင်းမြှင့်တင်ရေးတာဝန်ယူထားသည့် ဝန်ထမ်းတစ်ဦးက မှတ်ချက်ပြုသည်။

## တစ်ပတ်အတွင်း ရန်ကုန် ကားဈေးကွက်

၂၀၁၈ ခုနှစ်အတွက် မော်တော်ယာဉ်တင်သွင်းခွင့်ပါမစ်ကို ဒီဇင်ဘာ ၂၇ ရက်အထိ လျှောက်ထားခွင့်ပြုခဲ့သော်လည်း တစ်ဦးချင်းစလစ်ကပ်ပါမစ် လျှောက်ထားသူများသည် သုံးလအပြင် နောက်ထပ် သက်တမ်းသုံးလ တိုးမြှင့်ပေးထားသည်ကိုလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားခြင်းကြောင့် စလစ်ဈေးနှုန်းများ ကျဆင်းလာဦးမည်မဟုတ်ဟု ကျွမ်းကျင်သူများထံမှ သိရသည်။

မူလက ရန်ကုန်လိုင်စင်ကို သတ်မှတ်ချက်တစ်ခုဖြင့် ချထားပေးရန်အတွက် ယခုလဆန်းတွင် သတင်းများထွက်ပေါ်ခဲ့သော်လည်း လက်ရှိတွင် ဦးဆောင်ရေးဆွဲသူ အပြောင်းအလဲကြောင့် ထပ်မံကြန့်ကြာနိုင်သေးကြောင်း ခန့်မှန်းကြသူများကိုလည်း မြင်တွေ့ရသည်။ “တစ်ပတ်ရစ်ကားတွေအတွက်တော့ တော်တော်လေး လုပ်သာကိုင်သာရှိသွားတယ်။ ကားသစ်ဈေးတွေကလည်း အနည်းငယ်တက်ကြတယ်။ ဒါပေမယ့် လက်ရှိအချိန်ဝယ်မယ်ဆိုရင်တော့ နှစ်သစ်ကူးပရိုမိုးရှင်းကြောင့် တက်ဈေးတော့ မဝယ်ရသေးပါဘူး။ ဒါပေမယ့်လည်း ကားချင်းယှဉ်လာရင်တော့ ဝယ်လက်အများစုက ကားသစ်တွေကို စိမ်းနေကြတုန်းပဲ”ဟု ကားအရောင်းအဝယ်လုပ်ငန်းနှင့် ကားတင်သွင်းမှုများ လုပ်ကိုင်နေသူ ကိုမျိုးသန့်ဇင်က ပြောသည်။

### တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် မော်တော်ကားဈေးနှုန်းများ

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Harrier | 2014 | စတိ | 2000cc | ပြခန်း | ၁၀၃၅ |
| Wish | 2014 | စတိ | 1800cc | အပြင်ဈေး | ၅၂၂ |
| Crown | 2009 | ရန်ကုန် | 3000cc | အပြင်ဈေး | ၆၄၀ |
| Probox | 2010 | ရန်ကုန် | 1500cc | အပြင်ဈေး | ၂၁၅ |
| Insight | 2009 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၉၀ |
| Vitz | 2010 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၇၀ |
| RVR | 2011 | စတိ | 1800cc | အပြင်ဈေး | ၄၀၀ |
| Honda Fit | 2012 | ရန်ကုန် | 1300cc | အပြင်ဈေး | ၃၃၀ |
| Wish | 2013 | စတိ | 1300cc | အပြင်ဈေး | ၅၁၅ |
| Alphard | 2004 | ရန်ကုန် | 3000cc | အပြင်ဈေး | ၃၄၁ |

ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။

---

အချပ်ပို(၇)မှ

“လုပ်ငန်းရှင်တွေက ကိုယ့်ပြခန်းမှာကိုယ်တာဝန်ယူတယ်။ သူတို့က ပြီးရင် သက်ဆိုင်ရာယဉ်ကျေးမှုကော်မတီတွေနဲ့ ပေါင်းစပ်ပြီးတော့ ဒီပြခန်းတွေ လာကြည့်တဲ့သူတွေကို စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်း စသည်ဖြင့် တစ်ခါတည်းအပြီးဖြစ်အောင် သူတို့ဆောင်ရွက်ထားပါတယ်။ ကျွန်တော်တို့အနေနဲ့က ယဉ်ကျေးမှုတွေ အကုန်လုံးစုစည်းဖို့အတွက် စတိတ်စင်မှာကပွဲရှိတယ်။ အဆိုရှိတယ်။ ပြီးတော့ ထူးခြားတာကတော့ ဒီနှစ်မှာ တိုင်းရင်းသားမယ်၊ ဟိုးအရင်တုန်းက ပြည်ထောင်စုမယ်ကို ပြန်လည်ဖော်ထုတ်တဲ့အနေနဲ့ တိုင်းရင်းသားမယ် တစ်ခုလုပ်ထားပါတယ်”။

**ဖျော်ဖြေရေးရှိ**

“နောက် ဆိုင်ခန်းတွေကလည်း ဆိုင်ခန်းပေါင်းတစ်ထောင်လောက်ရှိပါတယ်။ ကုန်စည်ပြပွဲ ဆိုင်က ၂၀၀ ကျော်၊ စားသောက်ဆိုင်က ၃၇ ခန်း၊ ကုမ္ပဏီပြခန်း ၂၇ ခန်း၊ ညဈေးတန်းဆိုင် ၂၀၀၊ အောင်မိသားစုက ဆိုင် ၂၀၀၊ တိုင်းရင်းသားပစ္စည်းရောင်းတဲ့ဆိုင်က ၈၀ ကျော် အားလုံးပေါင်းရင် တစ်ထောင်နီးပါးလောက်ရှိပါတယ်။ ပြပွဲက ၂၅ ကနေ ၃၀ အထိ သတ်မှတ်ထားပါတယ်။ အချိန်ကတော့ မနက်မိုးလင်းကနေ ညမိုးချုပ် ၁၁ နာရီအထိ ရှိပါတယ်။ နေ့တိုင်း မနေ့အကရှိပါတယ်။ ညနေပိုင်းကျတော့ ဖျော်ဖြေရေးရှိပါတယ်။ ညနေကျတော့ သူ့တိုင်းရင်းသားနဲ့သူ အကလေးတွေ တောက်လျှောက်ရှိနေပါတယ်”။

“ဒီလိုပွဲတော်ကျင်းပခြင်းအားဖြင့် တကယ့်တိုင်းရင်းသားအစစ်တွေ ရောက်လာတယ်။ သူတို့လည်း တစ်ယောက်နဲ့တစ်ယောက် ယဉ်ကျေးမှုတွေ သိလာတယ်။ ရန်ကုန်မှာရှိတဲ့သူလည်း သိလာတယ်။ ပြည်တွင်းပြည်ပကအစ၊ မနက်တုန်းက မနေ့ကတာဆို လူကအပြည့်ပဲ။ အားလုံးသိလာကြတယ်။ ကျွန်တော်တို့က ဒီကနေတစ်ဆင့် စီးပွားရေးကို ဖော်ဆောင်နိုင်လိမ့်မယ်လို့ ယူဆတယ်။ ဒီပွဲပြီးသွားရင်တော့ ကျွန်တော်တို့ တိုင်းရင်းသားတွေကိုတော့ လူအများကြီး သိသွားမယ်။ တစ်ဦးချင်းရဲ့ ယဉ်ကျေးမှုတွေလည်း နားလည်သွားမယ်။ အဲဒါကိုလည်း အများကြီးမျှော်လင့်ပါတယ်”ဟု ပွဲတော်အကြောင်းကို ပြည့်ပြည့်စုံစုံ ရှင်းပြခဲ့သည်။

ဖျော်ဖြေရေးစင်မြင့် အနီးအနားတွင် ဆောက်လုပ်ထားပြီး ထူးခြားစွာမြင့်မားနေသော ပဒေသာပင်ကြောင့် စိတ်ဝင်စားမိသည့် ပြခန်းမှာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရိုးရာယဉ်ကျေးမှုပြခန်းဖြစ်သည်။ မြတ်ဗုဒ္ဓ၏ ဖြစ်စဉ်ဘုံအဆင့်ဆင့်ကို ရည်မှန်းဆောက်လုပ်ထားပြီး ပအိုဝ်းလူမျိုးတို့၏ ရိုးရာပွဲတော်များတွင် အဓိကအသုံးပြုသော ပဒေသာပင်ဖြစ်သည်ဟု ပြခန်းတာဝန်ကျ ခွန်အောင်ခင်က ပြောပြသည်။ ၎င်းက “ကျွန်တော်တို့ ပြခန်းမှာက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရဲ့ အချက်အလက်လေးတွေပေါ့။ သူ့ရဲ့ မြေပုံလေးတွေပါမယ်။ ရှေးဟောင်းအသုံးအဆောင်ပစ္စည်းတွေလည်းပါမယ်။ အခုခေတ် ကျွန်တော်တို့ဒေသမှာ ဝါးပေါတော့ ဝါးနဲ့ပညာနဲ့ပေါင်းစပ်ပြီးတော့ ဝါးလက်မှုထုတ်ကုန်တွေလည်း ကျွန်တော်တို့ပြသပါတယ်။ နောက်ရိုးရာလက်ရက်ကန်းပေါ့။ အဲဒါမှာဆို အဓိကလွယ်အိတ်တို့၊ ပလိုင်းတို့ ရက်တဲ့ပုံစံတို့ ကျွန်တော်တို့ လာရောက်ပြသတာ ဖြစ်ပါတယ်”ဟု ပြခန်းအကြောင်းကို ဆက်လက်ရှင်းပြသည်။



“သွေးချင်းတို့ရဲ့ ပွဲတော်ဆီသို့” ပွဲတော် ကုန်စည်ပြပွဲတွင် မွန်ရိုးရာစားသောက်ဆိုင်တစ်ဆိုင်ကို တွေ့ရစဉ်။

**တိုင်းရင်းသားအစားအသောက်များ**

ကချင်၊ ရခိုင်၊ ကယန်း၊ ကယားစသောရိုးရာစားသောက်ဆိုင်များတွင် ဒေသရိုးရာထွက်ကုန်စားသောက်ဖွယ်ရာကို လာရောက်စားသောက်သူများရှိသလို အသစ်အဆန်းသဘောဖြင့် တိုင်းရင်းသားညီအစ်ကိုတို့၏ အစားအသောက်တို့ကို မြည်းစမ်းသူများလည်း ရှိကြသည်ကို တွေ့ရသည်။ ကိုးကန့်၊ ‘ဝ’၊ တအာင်း၊ ဓနုစသောကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြခန်းများကိုလည်း ပွဲတော်အတွင်း ခင်းကျင်းပြသထားသဖြင့် စီးပွားရေး၊ လူမှုရေး၊ ရိုးရာယဉ်ကျေးမှုတို့ကို လေ့လာခွင့်ရခဲ့သည်။

ပြပွဲကျင်းပရေးကော်မတီက နေ့စဉ်လာရောက်ကြည့်ရှုမည့်သူ တစ်သိန်းနီးပါးရှိမည်ဟု ခန့်မှန်းထားသည်။ မွန်းတည့်ချိန်ကို ကျော်လွန်လာသော နေမင်း၏အပူရှိန်ကြောင့် ပြခန်းများကို ကြည့်ရှု၍မဝမီမှာပင် ပွဲတော်အတွင်းမှ ပြန်လည်ထွက်ခွာခဲ့ရသည်။ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ တာဝန်ယူကျင်းပနေသည့် ဤပွဲတော်ကြီးတွင် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး ပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်ရန် ဖိတ်ခေါ်လျက်ရှိသည်။ ရန်ကုန်မြေတွင် ကျင်းပသော သွေးချင်းတို့ရဲ့ ပွဲတော်ဆီသို့ အရောက်လှမ်းနိုင်ကြရန် ရန်ကုန်သူ ရန်ကုန်သားတို့အား တိုက်တွန်းနှိုးဆော်လိုက်ရပါကြောင်း...။